www.burmeseclassic.com

# အာလင်းသစ်

## အမုန်း၏ဆန့်ကျင်ဘက်




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၆၊ ဧပြီလ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပုဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပုဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး – ၁၅၀၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

၈၉၅ . ၈၃
အလင်းသစ်
အမုန်း၏ဆန့်ကျင်ဘက် / အလင်းသစ် – ရန်ကုန်၊
ရွှေပုဒေသာစာပေ ၊ ၂၀၁၆ ။
၂၈၀ – စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။
(၁) အမုန်း၏ဆန့်ကျင်ဘက်


# အလင်းသစ်

## အမုန်း၏ဆန့်ကျင်ဘက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"စိတ်ညစ်လိုက်တာ . . . တောက်"

စိတ်တိုစွာ ဆံပင်ကို ထိုးဖွလိုက်ရင်း ခပ်ပြင်းပြင်း တောက်ခေါက်လိုက်တော့ ဒရိုင်ဘာဦးလေးကြီးက သူ့ကို မော့ကြည့်သည်။ ကားရှေ့မှန်ကို ဖွင့်၍ ကုန်းကုန်းကွကွနှင့် ဟိုကိုင်ကြည့်၊ ဒီကိုင်ကြည့် ကြည့်နေပုံကိုကြည့်၍ စိတ်ထဲတွင် ရယ်ချင်သွားရ၏။ သို့သော် မရယ်နိုင်ပါ။ ကျောင်းနှစ်ရက်ပျက်၍ စာကူးရန် စောစောလာကာမှ ကားပျက်သည်နှင့် တိုးနေသည်လေ။ ဒါလည်း ကိုယ့်အပြစ်နှင့်ကိုယ်ပါ။ ဝက်သားတုတ်ထိုးစားပြီးတာ အားမရဘဲ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ရှောက်



www.burmeseclassic.com

www.burmeseclassic.com



စားတာ။ စားချင်တာတွေ လျှောက်စားတာမှ ဘယ်နှမိုးမှန်းပင် မသိ။ အဲဒီတော့ ဝမ်းလျှောတာပေါ့။ ကျောင်းစဖွင့်ရုံရှိသေး ကျောင်းပျက် ရတော့သည်လေ။ ကျောင်းဖွင့်တာ တစ်ပတ်ပဲရှိသေးလို့ တော်ပါသေး ရဲ့။

"ဦးလေး"

"ဟေလေကွာ"

"ကားက ပြင်လို့ရဦးမှာလား"

ဒရိုင်ဘာဦးလေးကြီးက ခေါင်းကိုသာ တွင်တွင်ကုတ်နေ တော့သည်။

"ဦးလေးက ကားပဲမောင်းတတ်တာ မပြင်တတ်ဘူး ရွှေလက်ာရဲ့"

"အဲဒါ စောစောက ပြောပါလား ဦးလေးရဲ့။ မပြင်တတ်ဘူး ဆိုရင်လည်း ကိုယ့်ဘာသာ ခြေလျင်လျှောက်မှာပေါ့။ အခုတော့ ပြင် တတ်သလိုလိုနဲ့။ ရောက်ခါနီးနေပြီပဲဥစ္စာ"

လူကြီးတစ်ယောက်လို ပါးစပ်မှ ပွစိပွစိပြော၍ ခြေလျင် လျှောက်လာခဲ့တော့၏။ အခုလို ရွှေလက်ာ ခြေလျင်လျှောက်ရတာသာ ဒေါ်လေး မြင်လို့ကတော့ ဒရိုင်ဘာဦးလေးကြီး ခေါင်းမဖော်ရဲအောင် အဆူခံရမှာ ကျိန်းသေပင်။ ဒေါ်လေးက ရွှေလက်ာကို ဖူးဖူးမှုတ်ထား





သူပဲ။ ရွှေလက်ာတို့မှာ မိဘမရှိကြတော့။ ဖေဖေနှင့်မေမေက ရွှေလက်ာ သုံးနှစ်သမီးမှာ တောင်ကြီးကိုသွားရင်း ကားမှောက်ဆုံးသွားကြတာတဲ့။ ဒေါ်လေးအပျိုကြီး၏မေတ္တာရိပ်အောက်မှာ ရွှေလက်ာတို့မောင်နှမ ကြီးပြင်းလာခဲ့ရသည်လေ။

မိဘမဲ့ကလေးတွေမို့ ဒေါ်လေးက အလိုလိုက်ထားခြင်းပါ။ ပေးသောအခွင့်အရေးကို ရွှေလက်ာကတော့ အပြည့်ယူတတ်သည် လေ။

"ဘယ် . . . ညာ . . . ဘယ် . . . ညာ"

သုံးယောက်ပြိုင်တွဲအော်သံကြောင့် ရွှေလက်ာ လှည့်ကြည့် လိုက်သည်။ အုတ်ခုံပေါ်တွင် ထိုင်နေကြသော ကောင်လေးသုံး ယောက်က သူ့ လှည့်ကြည့်လိုက်တော့ တစ်ယောက်က မျက်စိမှိတ် ပြလေသည်။ ဒါ ရွှေလက်ာကို တမင်နောက်တာ။

"တောက် . . . ကောင်စုတ်တွေ"

ရွှေလက်ာ ဆဲပစ်လိုက်၏။ ရွှေလက်ာ ဆဲလိုက်ချိန် ဘေး နားမှ လူတစ်ယောက်ဖြတ်သွားသည်ကို သတိမထားမိလိုက်ပေ။ ရွှေလက်ာ့ကို လွန်သွားမှ သူက နောက်ကြောင်းပြန်လှည့်လာကာ ရွှေလက်ာရှေ့တွင် ပိတ်ရပ်၍ စူးစူးရဲရဲကြည့်ကာ . . .

"နင် ခုနက ဘယ်သူ့ကို ဆဲတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ"

ရွှေလက်ာ ဘုရားတမိ၏။ သူ့ကို ဘာလို့ဆဲရမှာတဲ့လဲ။ အခုတော့ ရွှေလက်ာ သူ့ကို ဆဲသလိုလိုနဲ့ တမင်ရန်ထောင်နေတာ။ ဒါ တမင်ဖာတ်လမ်းထွင်တာပဲ ဖြစ်ရမည်။ ရွှေလက်ာ ဒေါသဖြစ်သွားရ၏။

"ဘာလာကြောင်တာလဲ ... ငါဆဲတာ ဟိုနားက နင့်ယောက်ဖတွေကို"

"နင် ဘာစကားပြောတာလဲ"

"လူစကားပြောတာ"

သူက ဒေါသသံနှင့်ဆိုတော့ ရွှေလက်ာကလည်း အသံတူပဲ ပေါ့။ သူလည်း ကျောင်းသားတစ်ယောက်ပဲ ဖြစ်ရမည်။ ဘာပဲဖြစ်ဖြစ် ရွှေလက်ာတို့က သူများပြောတာကို ခေါင်းငုံ့ခံရိုးထုံးစံမရှိဘူးလေ။

"ဒါဆို ငါလည်း လူစကားပြောမယ်၊ အဲဒါ ငါ့ယောက်ဖတွေ မဟုတ်ဘူး။ နင့်ကိုစတဲ့ နင့်ယောက်ျားတွေ မှတ်ထား"

အလိုလေးလေး ... ယောက်ျားတန်မဲ့ နှုတ်သီးကောင်းနေလိုက်တာ။ ဘယ်သာလိကာမျိုးရိုးက ဆင်းသက်လာသည်မသိ။ မိန်းကလေးတစ်ယောက်နဲ့တူ၍ ရန်ဖြစ်နေသည့် ယောက်ျားရွှေလက်ာ မတွေ့ဘူးပေါင်။ လူကြည့်တော့ ရုပ်ကလေးချောသလောက် ပြော





ပေါက်က အရုပ်ဆိုးလှ၏။ ရွှေလက်ာကလည်း အခြားမိန်းကလေးတွေလို ကြောက်တတ်သူမ[illegible]ုတ်။ မြွေပွေးလို မိန်းကလေးမျိုးပင်မို့ ...

"ဒီမှာ"

"ဘာလဲ"

"နင် ယောက်ျားတန်မဲ့ နှုတ်သီးကောင်းလှချည်လား။ အစတည်းက ငါ့ကို စမုန်းသိလျက်နဲ့ နင် အကွက်ဆင်ပြီး ငါ့ကို လာရောချင်လို့ ဘယ်သူ့ကို ဆဲတာလဲလို့ မေးတာလား"

"ထွီ"

သူက မျက်နှာကို ရှုံ့မဲ့ပြီး တံတွေးတစ်ချက် ထွေးလိုက်တာ။ ထိုတံတွေးလည်း ကြဲကြဲဖန်ဖန် ရွှေလက်ာထဘီအောက်နားစတွင် လာကပ်နေသည်။

"နင် မိုက်ရိုင်းလှချည်လား။ နင့်တံတွေးတွေ ငါ့ထဘီကို လာပေကျံနိုင်ပြီ ပြန်သုတ်ပေး"

"မသုတ်ပေးဘူး"

"နင်"

ရွှေလက်ာ ဒေါသအမျက်ချောင်းချောင်းထွက်တော့၏။ သူက သူနှင့်မဆိုင်သလိုပင် ခပ်ပြုံးပြုံးလုပ်ကာ ...

"ဒီမှာ နင်သိအောင် ငါပြောခဲ့မယ် မိန်းကလေးတွေကို ရော



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ ဇာတ်လမ်းထွင်တဲ့ခေတ် ကုန်ခဲ့ပြီ။ ခုခေတ်က ကိုရီးယားကို အတုယူပြီး မိန်းကလေးတွေက ဇာတ်လမ်းစထွင်တဲ့ခေတ် နင် မကြား ဖူးဘူးလား။ လူ့ပို့အမေဆန်တစ်စိတ်နဲ့ တောင်ထိပ်မှာ ပုန်းအိပ်ရမယ် ဆိုလား။ မိန်းမတွေ ရင်ထုပြီး လင်လုရမယ်တဲ့ ငါကတော့ အလုမခံ နိုင်လို့ သွားပြီ"

ကြည့်စမ်း ... မိန်းကလေးတွေကို မှိုချိုး၊ မျှစ်ချိုးပြောသွား လိုက်တာ။ သူ့ရုပ်ကို ရင်ထုပြီး လုစရာလား။ ပိုးဟပ်အရေခွံလဲထားတဲ့ ရုပ်ကိုများ။ ဒီလိုကြောသွားလို့ရမတဲ့လား။ နာမည်ကသာ ရွှေလက်ာည တဲ့ လူကတော့ သိပ်မအဲ,တာ သင်း သိစေရမည်။

"ဟေ့ ... ဒီမှာနေဦး"

သူက သမင်လည်ပြန် လှည့်ကြည့်လာသဖြင့် ရွှေလက်ာ သူ့နောက်သို့ ပြေးလိုက်သွားပြီး ...

"ဘာလဲ ... ဘာလိုက်နှောင့်ယှက်ဦးမလို့လဲ"

"သေလိုက်"

သူ့စကားတွေကြောင့် ရွှေလက်ာ သူ့ကို ရွံလာသည်။ သူ့ ကိုယ်သူ အထင်ကြီးနေတဲ့သူ။ ရွှေလက်ာ ထဘီအောက်နားစကို ဆွဲမ လိုက်တော့။

"ဟေ့ ... ဟေ့ ... ဘာလုပ်တာလဲ၊ ငါမကြည့်ရဲဘူးနော်"





"နင့်ကို တံတွေးပြန်သုတ်ခိုင်းမလို့ ... ဘာတွေပုပ်စပ်စပ် စားထားတယ်မသိဘူး။ ရွံ့တွေးကာစ ပုပ်စော်နံနေတာပဲ ... ပြန်သုတ် ပေး"

"အဲဒါ နင့်ကို ရေမွှေးအစား အာပုပ်ရေလက်ဆောင်ပေးတာ၊ လုံးဝသုတ်မပေးနိုင်ဘူး"

သူက မထီတထိပုံလုပ်၍ လှည့်ထွက်သွား၏။ ရွှေလက်ာက လည်း ချက်ချင်းပင် သူ့နောက်ဆက်လိုက်၍ သုတ်ခိုင်းပြန်လျှင်လည်း ပတ်ဝန်းကျင်က ရွှေလက်ာကို တစ်မျိုးထင်ကြဦးမည်။ ဒီတစ်ခါတော့ ရှိစေဦးတော့။ နောက်ထပ် သူနဲ့ထပ်တွေ့လို့ကတော့ ကောင်းကောင်း ပညာပြရမယ်။ ဟင်း ... နောက်ထပ်တွေ့ပါစေလို့ ဆုတောင်းရဦးမှာ ပေါ့။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟား ဟား ဟား"

"ဘာရယ်ကြတာလဲ"

သူမဖြစ်ပုံကိုပြောပြ၍ သူငယ်ချင်းများက ဝိုင်းရယ်ကြပုံကို ရွှေလက်ာ စိတ်တိုစွာ အော်ပစ်လိုက်၏။ ဒင်းကိုတော့ ဘယ်တော့မှ မကျေနပ်ပါ။ ဒုတိယအကြိမ် ဒီလူနဲ့ ပြန်ဆုံတွေ့ပါစေလို့ ရွှေလက်ာ ဆုတောင်းနေမိသည်။ တွေ့လို့ကတော့လား အရေခွံဆုတ်၍ မီးဖုတ်စားပစ်လိုက်မည်ဟု ကြိမ်းဝါးနေမိတာ စိတ်ထဲကပါ။

"တက္ကသိုလ်ရောက်တာ တစ်ပတ်ပဲ ရှိသေးတယ်နော်၊ အမိ





ဖက်လမ်းစလာပြီ"

ပွင့်ဖြူ၏စကားကြောင့် ရွှေလက်ာနှုတ်ခမ်းကို မဲ့ပစ်လိုက်ပြီး

"အဲဒီလူကို စိတ်ဝင်စားဖို့များ ဝေးသေး။ စဉ်းစားရုံ စဉ်းစားမိရင်တောင် ဝါ့ခေါင်းကို ဆင်တွေခေါ်ပြီး နင်းခိုင်းပစ်မယ်"

"ဟီး ဟီး"

နီလာဝေက နင်းပွင့်ဖြူကိုလှမ်း၍ လက်တို့ရင်း ရယ်လေသည်။ ဒါကိုပင် ရွှေလက်ာ မြင်ဖြစ်အောင် မြင်လိုက်၍ မျက်စောင်းထိုးလိုက်၏။

"ဟဲ့ ... ရွှေလက်ာ အဲဒီလူက ချောလား"

"ချောပါလိမ့်မယ် အားကြီး ... ငါပူတင်း လေဖောင်းနေတဲ့ ရှပ်"

"ဟယ် ... ဒါဆို ဗိုက်ပူပူလေးပေါ့နော်"

"ဟုတ်တယ်လေ ... ဟုတ်တယ်။ ဗိုက်ပူနံကားရုံတင်မက ဘူး၊ မျက်လုံးပြူးပြူး၊ သွားခေါခေါနဲ့"

ရွှေလက်ာ အမြင်ကတ်ကတ်နှင့် ပြောမိပြောရာ ပြောပစ်လိုက်သည်။ ဒါကိုပင် နင်းပွင့်ဖြူနှင့်နီလာဝေက တကယ်ထင်၍ နှာခေါင်းရှုံ့ကြလေ၏။ ဒီလူချောတာကို ရွှေလက်ာတစ်ယောက်ပဲ သိတာလေ။ အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ မျက်နှာချေက ကောင်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်စင်းသောနှာတံအောက်မှာ နီထွေးသောနှုတ်ခမ်းအစုံက ပိရိသေသပ်လှ၏။ လေးထောင့်မကျတကျ ဝတ်ထားသော အဝတ်အစားတွေကလည်း အကောင်းစားမှန်း ရွှေလက်ာသိပါသည်။ သို့သော် ရုပ်ကလေးချောသလောက် နှုတ်သီးကောင်းလျှာပါး ရန်လိုတတ်သူမို့ ကြည့်မရတာလေ။

"ဟဲ့ ... ဟဲ့ ... ရွှေလက်ာ"

"ဟင် ... ဘာလဲ"

"ဟိုမှာကြည့်စမ်း"

"အယ်တော့"

ရွှေလက်ာ မျက်လုံးလေးဝိုင်းသွားရ၏။ သူပါပဲလား။ ကိုယ့်အတွေးနှင့်ကိုယ်မို့ သတိမထားမိလိုက်၊ နီလာဝေ လက်ကုတ်၍ ပြမှပင် ကမန်းကတန်းကြည့်လိုက်မိတာ။ အခုလိုကျတော့လည်း မောင်မင်းကြီးသားက ပြုံးလို့ ရွှင်လို့၊ သူမနှင့်တွေ့တုန်းက မျက်နှာနှင့်တခြားစီ။

"ညာဘက်အစွန်ကလူ တော်တော်ချောတယ်နော်"

"ကိုရီးယားမင်းသားစတိုင်လ်နဲ့"

နီလာဝေ၏ချီးမွမ်းခန်းကို နှင်းပွင့်ဖြူက လှည်းကျင်းပေးနေ၏၊ ရွှေလက်ာကတော့ သူ့ကိုမြင်သည်နှင့် ဘယ်လိုတုံ့ပြန်ရင်ကောင်းမလဲဟု အပြေးအလွှား စဉ်းစားနေမိသည်။





"ဟုတ်ပြီ အကြံရပြီ" ဟု တွေးကာ ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်၏။ သူတို့ထိုင်နေသည့် ဝိုင်းနှင့် ရွှေလက်ာတို့ဝိုင်းက သိပ်မဝေးလှပေ။ ရွှေလက်ာ စားပွဲထိုးလေးဆီသို့ ထသွားလိုက်၏။

"မောင်လေး သူတို့ ဘာမှာထားလဲ"

"သံပရာရည်ပါ အစ်မ"

"အစ်မကို သံပရာသီးသုံးလုံးလောက် ရောင်းပါလား"

"ဟုတ်ကဲ့ ရပါတယ်"

ကောင်လေးပေးသော သံပရာသီးကိုခြမ်း၍ ဖန်ခွက်တစ်ခွက်ထဲသို့ သုံးလုံးစလုံး ညှစ်ထည့်လိုက်၏၊ သံပရာသီးကလည်း အရည်အောင်သမှ တရွှမ်းရွှမ်းနှင့်။ သူမကို ကောင်လေးက မျက်လုံးပြူး၍ ကြည့်နေတော့ ...

"ကဲ မောင်လေး ... သွားချလို့ရပြီ ဒီခွက်ကို ဒီဘက်ကျော ပေးထားတဲ့လူကို သိလား၊ သူ့ကို ချပေးလိုက်"

"ဖြစ်ပါ့မလား အစ်မ"

"ဖြစ်ပါတယ်၊ ပြဿနာရှာရင် ငါရှင်းမယ်၊ သွားချမှာသာချ ရော့ ... ဒါ သံပရာသီးဖိုးကပိုတာ မင်း အကုန်ယူလိုက်"

"ဟုတ် ... ဟုတ်ကဲ့"

ကောင်လေးကို ပိုက်ဆံနှစ်ထောင် ထုတ်ပေးလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တဲ့ ... ဟုတ်ကဲ့နှင့် ထွက်သွားလေ၏။ ရွှေလက်ာ ကိုယ်ရှိန်သတ်၍ ကိုယ့်နေရာကိုယ်ထိုင်ကာ မသိသလို လုပ်နေလိုက်သည်။ ဟိုဘက်ဝိုင်းတွင်တော့ အခြားသူတွေ သံပရာရည်သောက်တာ ဘာသံမှမကြားရ။ သူ ဖန်ခွက်ကိုကိုင်၍ သောက်လိုက်သည်နှင့်။

"အား ... အမယ်လေးဗျာ"

"ဟ ... မိုးရိပ် ဘာဖြစ်သွားတာလဲ"

မျက်နှာကြီးရှုံ့မဲ့သွားသော မိုးရိပ်မောင်ကို ကြည့်၍ သူငယ်ချင်းများက မေးရာ ...

"သံပရာတစ်ခြမ်းလုံးများ ညှစ်ထည့်ထားသလား အောက်မေ့ရတာယ်"

"ငါတို့သောက်တာ ဘာမှမဖြစ်ဘူး"

"ရော့ ... မင်းသောက်ကြည့်"

မိုးရိပ်က သူသောက်နေသောဖန်ခွက်ကို သူငယ်ချင်းလှမြတ်ရှေ့သို့ တိုးပေးလိုက်၏။ လှမြတ်က ကောက်ယူ၍ မော့ချလိုက်ရာ

"အား ... ပါး ... ပါး သံပရာတောင်ကုန်း မောင်ဖုန်းအိပ်မိပြီ ထင်ပါရဲ့"

ဒါ ဘယ်သူ့လက်ချက်လဲ မိုးရိပ် ဒေါ်ဖောင်းနေရပြီ။ စားပွဲထိုးလေးကို လှမ်းခေါ်လိုက်၏။





"ဟော့ ညီလေး ... ခဏ"

ကောင်လေးက ခပ်သုတ်သုတ် ရောက်လာပြီး ...

"ဘာ ... ဘာလဲ ... ဒ..ရို"

"ဒီသံပရာရည်က မင်းဖျော်တာလား"

ကောင်လေးက ကြောက်ကြောက်လန့်လန့်နှင့် ခေါင်းခါကာ အဖြစ်အပျက်အားလုံးကို ရှင်းပြလိုက်လေလျှင် ...

"တောက် ... တွေ့ကြရောပေါ့"

မိုးရိပ် တစ်ဖက်ရှိမိန်းကလေးဝိုင်းသို့ ထသွားလေ၏။ အချက်မသိသော သူငယ်ချင်းတွေကတော့ ကြောင်အမ်းအမ်းနှင့် ကြည့်နေကြသည်။ သံပရာသီးသုံးလုံးညှစ်ထည့်လိုက်သော ငနဲမကို ကြည့်တော့ သူ မလုပ်သလို ခပ်တည်တည်နှင့်ပင်။

"ဒီမှာ ... ဒီမှာ"

ရွှေလက်ာ မော့ကြည့်ရင်း မချိုမချဉ် မျက်နှာထားနှင့် ...

"ဟင် ... ဘာလဲ တို့ကိုခေါ်တာလား"

"ဟုတ်တယ် ... အမိကိုခေါ်တာ"

"ဘာကိစ္စ"

"မင်း ကိုယ့်အပြစ်ကိုယ်မသိဘူးလား"

"တို့ ဘာလုပ်မိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးသာဆိုရင် မိုးရိပ်လက်သီးစာကျွေးပြီးတာကြာပြီ။ မိန်းကလေးမို့ သည်းလောက်သည်းခံနေတာကို အဟုတ်ကြီးမှတ်နေသလားမသိဘူး။ လုပ်တုန်းကလုပ်ပြီး အခုမှ မသိဟန်ဆောင်နေတာ ဒေါသဖြစ်ချင်စရာပဲလေ။

ဒါ မိုးရိပ်ကို တမင်ချိုးလိုက်တာ။ မိန်းမလှလေးတွေကို အလျှော့ပေးပြီး ရောချင်သူတွေထဲမှာ မိုးရိပ်တို့မပါ။ ရုပ်ကလေးလှသလောက် အကျင့်ပုပ်သည့်ဟာမလေး။ ပဝတီရွှံ့အောင် လှလည်း မိုးရိပ် ဂရုမစိုက်ပါဘူး။

"ကဲဟာ"

"ဝုန်း"

"အမယ်လေး"

မိုးရိပ် သူမထိုင်နေသော ဖိုက်ပါခုံခြေထောက်ကို ဆောင့်ကန်ပစ်လိုက်၏။ ရုတ်တရက်မို့ ရွှေလက်ာ အဝိုက်မိသွားလေသည်။ ထိုင်ခုံရော၊ လူပါ ခွေခွေကလေး လဲကျသွားတော့ ကျန်တဲ့သူတွေအားလုံးလည်း မထင်မှတ်ဘဲ မိုးရိပ်ပြုလိုက်သောအပြုအမူကြောင့် အံ့အားသင့်စွာ မှင်တက်နေကြ၏။ ပြီးမှ သတိရကာ ဝရုန်းသုန်းကားနှင့် မိုးရိပ်ကို ပြေးဆွဲသူက ပြေးဆွဲ ရွှေလက်ာကို ဆွဲထူသူက ဆွဲထူ။

"ရွှေလက်ာ ဘယ်နားနာသွားလဲ"





ရွှေလက်ာ နှုတ်ခမ်းကို ဖိကိုက်ကာ ကုန်းထလိုက်၏။ မျက်ရည်ဥတို့က မျက်ဝန်း၌ ရစ်သိုင်းဖွဲ့လာသည်။ လူရှေ့သူရှေ့မှာ ရွှေလက်ာကို တမင်အရှက်ခွဲတာ။

သူမတစ်သက်တာမှာ မိန်းကလေးတစ်ယောက်နှင့် ပြိုင်ပြီး ရန်ဖြစ်တဲ့ယောကျ်ား ဒီတစ်ခါပဲ တွေ့ဖူးသေးသည်လေ။ တင်ပါးဆီမှ နာသလိုလို ရှိတာလည်း သိပ်အနာကြီး မဟုတ်သဖြင့် စွာနိုင်သေးသည်။ သူငယ်ချင်းတွေက သူမ အတော်လေးနာသွားသည်ထင်၍ အားတုံ့အားနာဟန်နှင့် သူမကို ကြည့်နေကြကာ သူမကတော့ ထိုသူ့မျက်နှာကို စေ့စေ့ကြည့်လျက် ...

"နင့်လောက် အောက်တန်းကျတဲ့လူ ငါ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ် သိလား၊ မိန်းကလေးတစ်ယောက်နဲ့ ပြိုင်ပြီး ရန်ဖြစ်ရဲတဲ့ နင့်သတ္တိကို ချီးကျူးပါတယ်၊ ငါ့နာမည်ကို နင်မှတ်ထားလိုက် ရွှေလက်ာတဲ့။ အေး ... လူကတော့ ထုံအအ,မိန်းမ မဟုတ်ဘူးဆိုတာ နင့်ခေါင်းထဲမှာ သံမှိုရိုက်ပြီး စွဲမှတ်ထား"

ရွှေလက်ာ ပြောပြီး ချာခနဲလှည့်ထွက်ခဲ့၏။ မိုးရိပ်ကတော့ သူ မှားသွားပြီးမှန်း သိလိုက်ပါသည်။ သို့သော် မိန်းမတစ်ယောက်က စွာတေးလန်လုပ်သွားသည်ကို ခေါင်းငုံ့မနေနိုင်။

သူကလည်း အရင်ရန်စသေး။ မာနက တစ်ပြားမှမလျှော့။



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ်ကလည်း မာနတစ်ခွန်းဆိုင်ဖွင့်ထားသူ။ မာနချင်းပြိုင်လို့တော့ အနိုင်ဆိုတာ မိုးရိပ်၏လက်သုံးစကားပဲ ဖြစ်ရမယ်။

"ဒီမှာ ... ဟေ့"

မိုးရိပ်လှမ်းအော်လိုက်တော့ သူမ ပြန်လှည့်ကြည့်သည်။

"ငါ့နာမည်လည်း မှတ်သွားဦး။ မိုးရိပ်မောင်တဲ့၊ မင်းညအိပ်ရာဝင် စိတ်ကူးယဉ်ဖို့ မှတ်ခိုင်းတာ မဟုတ်ဘူးနော်၊ နောက်တစ်ခါ တွေ့ရင် သံပရာသီးတစ်ပင်လုံး လုံခဲ့ဖို့ မှတ်ခိုင်းတာ"

"တောက်"

ပြောပြီး မျက်နှာက စပ်ဖြဖြလုပ်နေသည်။ သိပ်မုန်းဖို့ကောင်းတဲ့လူ။ ရွှေလက်ာ 'တောက်' တစ်ချက်ခေါက်၍ ခြေဆောင့်ကာ ထွက်သွားလေတော့၏။

❋ ❋ ❋



## အခန်း (၃)

မှန်ဘောင်သွင်းထားသော ဓာတ်ပုံကြီးကို မော့ကြည့်ရင်း ရင်ထဲမှာ ဆို့နစ်ကြေကွဲစွာ ခံစားလိုက်ရသည်။ ကိုယ်ဟန် နွဲ့နွဲ့နှောင်းနှောင်းနှင့် လှပကျော့ရှင်းနေသော မမညရိပ်မောင်။ သွားချွန်ကလေးတွေပေါ်အောင် ရယ်နေသည်မှာ ကြည့်နေရသူတို့ ရှငြီးဖွယ်ရာမရှိ။ နှစ်တွေသာ ကြာခဲ့ပေမယ့် အဖြစ်အပျက်တွေက မနေ့တစ်နေ့ကလို ဒါပဲလား။

"မမရယ် ... မမ လောကကြီးကို နှုတ်ဆက်သွားချိန်မှာ နာကျင်ခံစားလိုက်ရတဲ့ ကြေကွဲမှုသံစဉ်တွေဟာ လရိပ်ရင်ထဲမှာ ခုထိ



www.burmeseclassic.com

www.burmeseclassic.com



မဆုံးနိုင်ခဲ့ဘူး။ အတိတ်က အရိပ်ဆိုးတွေက နှလုံးသားကို ထာဝရ အုပ်မိုးပြီး ကျိန်စာတိုက်နေကြပြီ ထင်ပါရဲ့''

ရင်တွင်းစကား ဆိုညည်းရင်း မျက်ဝန်းတွင် မျက်ရည်ဥတို့ ခိုတွဲလာချေ၏။ ကံကြမ္မာဆိုတာ လရိပ်တို့အတွက်တော့ ပန်းချီဆရာရဲ့ စုတ်ချက်တွေလိုပါပဲ။ ပန်းချီဆရာ ဆေးခြယ်သမျှ ပုံကျအောင် ဟန်ပြပေးခဲ့ရသည်။ ဒါ . . . ဘုရားသခင်က သတ်မှတ်ပေးတဲ့ ဘဝပေး ကုသိုလ်ကံလား။

''လရိပ် . . . လရိပ်''

မိမိနာမည်ကို ခေါ်သံကြောင့် မျက်ရည်ကို ကပျာကသီ သုတ်၍ ဦးသခါ၏ အခန်းထဲမှ ပြေးထွက်လာသည်။ လရိပ်သည် ဒီ အိမ်ကြီး၏အစေခံပင်။ ဦးသခါ၏အခန်းကို ရှင်းပေးနေရင်း မမဓာတ်ပုံ ကို တွေ့၍ လရိပ် အလွမ်းပြေကြည့်နေခြင်းပါ။ လရိပ်ကို မမညရိပ် မောင်၏ညီမ လရိပ်မောင်မှန်း ဦးသခါတို့မိသားစု မသိခဲ့ကြ။ သိလို့ လည်းမဖြစ်။ ဒီအိမ်ကို စရောက်တုန်းက လရိပ်နာမည်ကို မေးတော့ လရိပ်ဟုပင် ဖြေခဲ့သည်။ နောက်မှ မောင်တစ်လုံးကို ဖျောက်ထားခဲ့ သည်လေ။ လရိပ်မောင်ပါဟု ဖြေလျှင် ညရိပ်မောင်နှင့်နာမည်ချင်း ဆင်သည် ဘာညာပြောမည်စိုး၍ လရိပ်ပဲ ဖြေခဲ့ခြင်းဖြစ်၏။

''လရိပ် . . . ဒီကောင်မလေး ဘယ်သွားပါလိမ့်''





''ရှိပါတယ် ဦး။ လရိပ် ဦးအခန်းကို ရှင်းနေတာပါ''

တုတ်ကောက်တစ်ချောင်းနှင့် စမ်းတဝါးဝါးလျှောက်နေသော ဦးသခါအနားသို့ လရိပ် အပြေးလျှောက်ခဲ့သည်။ သည်မျက်မမြင်ဒုက္ခ တကို လရိပ် ဘယ်အချိန်ထိ သည်းခံပြုစုနေရဦးမှာလဲ။ လရိပ်ရဲ့ရည် မှန်းချက်ပန်းတိုင်ကို မရောက်သေးသရွေ့ သည်ဒုက္ခကို ခံရဦးမှာပေါ့။

''အခန်းရှင်းပြီးသွားပြီလား''

''ဟုတ်ကဲ့ . . . ပြီးပါပြီ''

''ဒါဆို ငါ့အခန်းထဲ ပြန်ပို့ပေး''

''ဟုတ်''

လရိပ် . . . ဦးသခါကိုတွဲ၍ အခန်းထဲ ပြန်ပို့ပေးလိုက်သည်။ ပြီး နံရံတွင် ချိတ်ဆွဲထားသော ဓာတ်ပုံထဲမှ မမညရိပ်မောင်နှင့် ဦးသခါ ၏ရုပ်ကို ယှဉ်တွဲ၍ မြင်ယောင်မိပါ၏။ သိပ်လိုက်ဖက်ကြမည့် အတွဲ တွေပေါ့။ ယောကျ်ားပီသစွာ တည်ကြည်ခန့်ညားသော သခါဆိုသည့် ဒီလူကြီးကို မမစွဲလမ်းမည်ဆိုလည်း စွဲလမ်းစရာပါ။

တကယ်တော့ ရုပ်ချောတာသည် အဆိပ်အတောက်ဖြစ်စေ တတ်၏ဆိုတာ . . .

''လရိပ်''

''အင် . . . ရှင်''



www.burmeseclassic.com

www.burmeseclassic.com



သခါအသံကြောင့် လရိပ်၏အတွေးစတို့ ပျက်ပြယ်သွားလေ၏။

"ဘာတွေ စဉ်းစားနေတာလဲ"

"ဟို ... မစဉ်းစားပါဘူး"

"ငါသိပါတယ်၊ ငါ့လို မျက်မမြင်ဒုက္ခိတကို ပြုစုပေးနေတာ မင်း စိတ်ပျက်နေပြီ မဟုတ်လား"

"စိတ်မပျက်ပါဘူး ဦးရဲ့။ ဦးကို ပြုစုရတာ လရိပ် လစာလည်း ကောင်းကောင်းရတယ်၊ ဟော ... ဆေးမတက်နိုင်ပေမယ့် အဝေးသင်နဲ့ စာမေးပွဲလည်း ဖြေလို့ရတယ်။ ကုသိုလ်လည်း ရ ဝမ်းလည်းဝ ဆိုတာ လရိပ်အလုပ်ကို ပြောတာဖြစ်မှာ"

လရိပ်၏အပြောချိုချိုလေးကြောင့် သခါသဘောကျစွာ ပြုံးမိပါသည်။ သခါကားအက်ဆီးဒင့်ဖြစ်ပြီး မျက်စိကို ထိခိုက်ကာ မျက်လုံးကွယ်ခဲ့သည့်နေ့မှစ၍ မိမိကိုယ်မိမိ သေလူတစ်ယောက်အဖြစ် သတ်မှတ်ခဲ့တာ။ မိမိအတွက် သူနာပြုမကျ အိမ်ဖော်မကျ ခေါ်ထားပေးသည့်လူတွေကို စိတ်ဓာတ်ကျဆင်းနေသည့်သူ မလိုမလားခဲ့။ အမျိုးမျိုး အော်ငေါက်နေတတ်သဖြင့် တစ်ယောက်မှ မမြဲခဲ့။ လရိပ်ကလည်း သည်းခံလွန်းသည်။ သူ့ဒဏ်ကို အတော်လေး သည်းခံသဖြင့် သနားရာမှ ခင်မင်လာခဲ့မိသည်လေ။ ခုတော့ လရိပ် အလုပ်ထွက်မှာကိုပင်





စိုးရိမ်လာသလိုလို။

"အေးလေ ... နင်ပျော်ရင် ပြီးတာပဲ။ ရွှေလက်ာနဲ့ရော အဆင်ပြေလား"

"အဆင်ပြေပါတယ်။ ရွှေလက်ာက သဘောကောင်းတာပဲ တာ၊ လရိပ်ကို ညီအစ်မလို ဆက်ဆံတာပါ"

ရွှေလက်ာနှင့်သခါတို့မှာ မောင်နှမနှစ်ယောက်တည်း သံယောဇဉ်တွယ်စရာရှိသည်။ မိဘမဲ့ကလေးမို့ အားလုံးက အလိုလိုက်ထား၍ ဆိုးချင်သည်။ လရိပ်နှင့်မတည့်မှာစိုး၍ စိတ်ပူရသည်မှာ ခုတော့ စိတ်အေးခဲ့ရပါပြီ။

"ဒုန်း ... ဒုန်း ... ဒုန်း"

ခြေသံပြင်းပြင်းနှင့် လာသံကြောင့် လရိပ် ကြည့်လိုက်သည်။ ရွှေလက်ာ့မျက်နှာကလည်း ရှုပ်နေ၏။

"ညီမလေးလား"

"ဟုတ်တယ် ဦး"

"ခြေသံကလည်း မိုးကြိုးပစ်နေသလား အောက်မေ့ရတယ်၊ ဘာဖြစ်တာလဲ၊ ကျောင်းမတက်ဘူးလား"

"မတက်ချင်တော့လို့ ပြန်လာတာ။ တက်လည်း စာကို စိတ်ပါမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကေန္တတော့ ရွှေလက်ာ တစ်ယောက်ယောက်နဲ့ ရန်ဖြစ်လာပြီနဲ့ တူတယ်"

ရွှေလက်ာ ပြန်လည်ဖြေကြားခြင်းမပြုတော့။ စိတ်ထဲတွင် မိုးရိပ်မောင်ဆိုသည့်သူ့ကို နုတ်နုတ်စင်းပစ်ချင်နေ၏။ လရိပ်က အကင်းပါးသူပီပီ၊ ရွှေလက်ာ တစ်ခုခုပြောချင်နေတာကို သိ၏။

"ရွှေလက်ာ ... တစ်ခုခုပြောချင်နေတယ်မို့လား"

စိတ်က ဒေါသမပြေသေးတော့ လရိပ်ကို ပေစောင်းစောင်းကြည့်ကာပင် ...

"ဟုတ်တယ် ... လူတစ်ယောက်ကို မကျေနပ်လို့"

"ဘယ်ကလူလဲ ညီမလေး၊ သူ ညီမလေးကို ဘာလုပ်လို့လဲ"

သခါ စိုးရိမ်သလို ပျာပျာသလဲမေးလေလျှင် ...

"ခြေထောက်နဲ့ ကန်လိုက်တာ"

"ဘာ"

သခါထံမှ 'ဘာ' ဆိုသောအသံသည် အခန်းထဲ၌ ဟိန်းထွက်သွားလေရာ ရွှေလက်ာရော၊ လရိပ်ပါ လန့်သွားလေသည်။

"ငါ့ညီမကို ခြေထောက်နဲ့ ကန်ရဲတာ ဘယ်ကောင်လဲ၊ ငါ့ညီမလေးကို ငါတောင် လက်ဖျားနဲ့ မတို့ခဲ့ဘူးတာ။ ခြေထောက်နဲ့ ကန်ရတယ်လို့ကွာ၊ ဒီကောင်ကို တရားစွဲမှဖြစ်မယ်"





သခါ တရှုးရှုး တရှဲရှဲ ဒေါသဖြစ်ကာ တုတ်ကောက်ကို ဆွဲ၍ ထသွားပြန်တော့ ရွှေလက်ာ အတင်းပဲ လိုက်ဆွဲရပြန်သည်။

"ကိုကို ... ကိုကို မသွားပါနဲ့"

"ဖယ်စမ်းပါ ညီမလေးရယ်။ ဒီကောင်က လူပါးဝလို့၊ ဒင်းကများ ငါ့ညီမလေးကို"

ရွှေလက်ာ ဆွဲမရနိုင်တော့။ လရိပ်ကတော့ ကြောင်၍ပဲကြည့်နေသည်။

"ကိုကို ... မသွားနဲ့"

"မရဘူး။ ငါ့ကိုသာ လိုက်ပို့"

ရွှေလက်ာ မနိုင်တော့သည့်အဆုံး ...

"မှားမယ် ကိုကိုရဲ့၊ သူ့ခြေထောက်နဲ့ ကန်တာ ညီမလေးကို မဟုတ်ဘူး။ ညီမလေးကိုသာ ကန်ကြည့် ပါးရှုစ်စိတ်ကွဲအောင် ရိုက်ပစ်လိုက်မှာပေါ့"

"ဒါဆို ဘာကိုကန်တာလဲ"

ရွှေလက်ာ ခေါင်းလေးငုံ့၍ လေသံလေးပျော့ကာ ...

"ဟို ... ညီမလေး ထိုင်ခုံကိုပါ"

"ဟော"

သခါလက်မှ တုတ်ကောက်ကြီး လွတ်ကျကာ ခေါင်းကိုသာ



www.burmeseclassic.com

www.burmeseclassic.com



တဖျင်းဖျင်းကုတ်လေတော့သည်။ အတော်ဆိုးသည့် ကလေးမ။ သခ်ါမှာတော့ ကန်တယ်ထင်ပြီး စိုးရိမ်လိုက်ရတာ။

"ဒါနဲ့ သူက ငါ့ညီမထိုင်ခုံကို ဘာကိစ္စနဲ့ ကန်တာလဲ ... ပြောစမ်းပါဦး"

"ဖြစ်ပုံက ဒီလို ကိုကိုရဲ့"

ရွှေလက်ာ ကားစုတ်သည်မှအစချီ၍ အကြောင်းစုံကို ရှင်းပြလိုက်လေသည်။ သခ်ါ ညီမဖြစ်သူပြောသမျှကို ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်နေ၏။ လက်ဟန်၊ ခြေဟန်နှင့် ပြောပြနေသော ရွှေလက်ာကိုကြည့်၍ လရိပ်ခေါင်းတွေပင် မူးလာတော့သည်လေ။

"ညီမလေးအကြောင်းကို ကိုကို သိတယ်မို့လား၊ သူများက လုံးကြီးတင်ရင် ညီမလေးက စံခတ်လိုက်ရမှ ကျေနပ်တာ၊ သံပရာသီးသုံးလုံးနဲ့ ပညာပေးလိုက်တာ ငနဲမျက်နှာမှာ နွားသရေ နေလှမ်းလိုက်သလိုပဲ"

ရွှေလက်ာ စကားပြောရင်းမှ ဟိုဘက်လျှောက်လိုက်၊ ဒီဘက်လျှောက်လိုက်၊ သခ်ါကို တစ်ပတ်ပတ်လိုက်နှင့် လက်တွေ ခေါင်းတွေကလည်း အငြိမ်မနေ။ သူ့ကိုကြည့်၍ လရိပ် မူးချာနောက်၍ ဟန်ပင်မဆောင်နိုင်ဘဲ လဲကျသွားလေတော့ ...

"ဟယ် ... လရိပ် ... လရိပ် ဘာဖြစ်တာလဲ"





ရွှေလက်ာ လက်သွက်စွာပင် လရိပ်ကို လှမ်းထိန်းထားလိုက်၏။ သံပရာသီးသုံးလုံးကြောင့် လရိပ်ခမျာ မူးနောက်သွားရသည်ထင်ပါရဲ့။ သခ်ါကတော့ မမြင်မစမ်းနှင့် လရိပ်ကို လိုက်ရှာနေသည်တွင် လက်က ဘယ်နေရာကို ရောက်သွားသည်မသိ။ ရွှေလက်ာက သခ်ါလက်ကို ဖမ်းဆုပ်တွန်းဖယ်ကာ ...

"ကိုကိုကလည်း မမြင်မစမ်းနဲ့ ဖယ်ပါ၊ ဒါ လရိပ်ရဲ့ရင်ဘတ်နား"

"ဟေ"

သည်တော့မှ သခ်ါ မျက်လုံးပြူး၍ နောက်သို့ ဖင်ထိုင်ချကာ သူ့နဖူးသူ လက်ဝါးနှင့် ရိုက်လေတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

♫ တက္ကသိုလ်ရောက်တာကြာပြီကွယ်××× အတွဲလေး တစ်တွဲတော့ လိုချင်တယ် ××× မာဃီရယ် ရှာပေးကွယ် ရည်းစား လိုချင်တယ် ××× သူများအတွဲတွေ မြင်ရင်တကယ် ××× မိုးရိပ်လေးမှာ မနေနိုင်တယ် ××× ♫

"ဟဲ့ . . . မိုးရိပ် . . . တက္ကသိုလ်ရောက်တာ မကြာသေးပါ ဘူး သားရယ်။ တစ်လတောင် မပြည့်သေးဘူး ရည်းစားတောင် လို ချင်နေပြီလား"

သီချင်းတစာစာနှင့် ကျောင်းသွားရန် လှေကားမှ ဆင်းလာ





သော မိုးရိပ်ကို ဒေါ်သွဲ့သွဲ့နိုင်က စီး၍ နှုတ်ခွန်းဆက်လိုက်ခြင်းပါ။ မိုးရိပ် ရယ်မောကာပင် မိခင်၏ကိုယ်လုံးဝတုတ်တုတ်လေးကို ဖက် လိုက်၏။

"သီချင်းအဖြစ်ဆိုတာပါ မေမေရဲ့၊ မေမေ့ရဲ့ရင်ခွင်ထဲမှာ အိပ်စက်ရတာ အိပ်ပျက်ညဆိုတာ မရှိဘူးလေ။ ရည်းစားထားတယ် ဆိုတာ ကိုယ့်အပူကိုယ်ရှာတာနဲ့အတူတူပဲ။ ဘာလုပ်ရမှာလဲ ရည်းစား ထားကြ၊ စိတ်ကောက်ရင် ချော့ရနဲ့ အလုပ်ကိုရှုပ်လို့"

"ဟင်း . . . ကြိုက်တာမတွေ့သေးလို့ပါတော်။ ကြောင်လို ငါးကြော်မတွေ့သေးလို့ပါ"

ဒေါ်သွဲ့သွဲ့နိုင် မျက်စောင်းခဲရင်းဆိုတော့ မိုးရိပ်ပခုံးတွန့်ပြ လိုက်သည်။ မေမေပြောသလိုပင် သူ့အချစ်စစ်ကို ရှာမတွေ့သေးလို့ လားမသိ။ မိန်းကလေးတွေ၏အလှအပကို ဘာသာမပြန်တတ်။ သူ့ ဘဝတွင် အချစ်ဆိုသည့်အရာကိုပင် ပျင်းစရာကောင်းသည့်အရာလို့ သတ်မှတ်ထားသူမို့။

"မေမေတို့ လူကြီးတွေ ပြောသလိုပေါ့၊ အဲဒီအချစ်ဆိုတာ ကို သား မန်းကျည်းရွက်နဲ့ ထမင်းထုပ်ပြီး ရှာရလိမ့်မယ် ထင်တယ်"

"ဒီလောက်လည်း အပြောမကြီးပါနဲ့ဦးနော်။ စကားကျွံရင် နှုတ်ရခက်တယ်။ တော်ကြာမှ သားတော့ သူ့ကို ဘယ်လိုချစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာပါ မေမေရယ်လို့ မကြားရစေနဲ့''

''မေမေ စောင့်ကြည့်လေ''

မဟုတ်သော်ရှိ ဟုတ်သော်ရှိ သား၏စကားကြောင့် ဒေါ်သွဲ့သွဲ့နိုင် ပီတိဖြစ်ရပါသည်။ ဝမ်းနဲ့မလွယ် သားမမယ်ပေမယ့် ဒီသားလေးကို ဖူးဖူးမှုတ်မတတ် ချစ်နေရသည်ပဲလေ။

''သား ကျောင်းသွားတော့မယ်''

''ရှုတ်''

မိုးရိပ်မိခင်၏ပါးပြင်ကို ရှုတ်ခနဲ နမ်းကာ ထွက်ခဲ့တော့သည်။ သူ့ဘဝတွင် မေမေ့မေတ္တာသည်သာ အေးမြမှုအရှိဆုံးသော လောင်းရိပ်တစ်ခုပင်။ သောကချော်ရည်ပူတွေထဲမှာ မျောပါနေခဲ့ရတဲ့ မိုးရိပ်ဘဝကို မေမေကပင် ဆည်ယူ၍ သူမ၏မေတ္တာအအေးဓန်းထဲ၌ တယုတယ သိုသိပ်ထားခဲ့တာ။ မေမေ့ကျေးဇူးတရားတွေကို မိုးရိပ်ဆယ်သက်ဆပ်လျှင်တောင် ကျေမည်မဟုတ်။ မိုးရိပ်တို့ဘဝတွင် ကားတိုက်၊ စည်းစိမ်တို့နှင့် အေးအေးချမ်းချမ်းနေနိုင်ဖို့ဆိုတာ အိပ်မက်တောင် မမက်ရဲခဲ့ဘူးတဲ့ဘဝပါ။

မိုးယိုလို့မှ ခိုစရာမဲ့ခဲ့ရသည့်ဘဝ။ စောင်တစ်ထည်ကို ကန့်လန့်ဖြတ် သုံးယောက်ခြုံပြီး အခန်းထောင့်လေးမှာ စုပြုံတိုးခဲ့ရသည့် ရက်တွေ မိုးရိပ်မျက်ဝန်းထဲမှာ တရေးရေး ပေါ်လာပြန်သည်။





''ဂျိမ်း''

''အမယ်လေး''

မိုးသည်းထန်စွာ ရွာသည့် ညဥ့်တစ်ည။ လျှပ်စီးတွေ တဝင်းဝင်းလက်လို့ မိုးခြေါ၏ခြိမ်းဟောက်သံကြောင့် ကြောက်လန့်တကြားမကိုပင် အားကိုးတကြီး ဖက်ထားမိကြသည်။

''အီး . . . ဟီး . . . ဟီး''

မိုးရိပ်နှင့်အမြွှာမောင်နှမ မိုးရိပ်၏မိနစ်နှစ်ဆယ်ကြီး အစ်မကကြောက်လန့်စွာ တအီးအီး ငိုလေလျှင် . . .

''ညီမလေး မငိုရဘူးလေ''

''တူး ကြောက်တယ် မမရဲ့''

''ဘာကြောက်စရာရှိလို့လဲ တူးရဲ့။ ဒါ မိုးဦးကျတိုင်း ဖြစ်နေကျဟာကို။ ဒီမှာကြည့်စမ်း သရီးတောင် မငိုဘူး''

မမ သူ့ကို မော့ကြည့်နေသော (သရီး) မိုးရိပ်ကို လက်ညှိုးထိုးပြရင်း ဆိုသည်။ ဖေဖေနှင့်မေမေက သားသမီးသုံးယောက်ကို ချစ်စနိုးနှင့် ဝမ်း၊ တူး၊ သရီးဟု ခေါ်ခဲ့ကြသည် မဟုတ်လား။

ကံကြမ္မာဆိုတာ အဖန်ဖန် အခါခါ ရိုက်နှက်တတ်တဲ့ကြိမ်တစ်ချောင်းမို့ ရက်စက်တဲ့ ဖာတ်ဝင်ခန်းမှာ လှိုင်းလုံးရိုက်ပုတ်ခြင်းဒဏ်ကြောင့် အဖေနှင့်အမေ လှိုင်းလုံးတွေကြားမှ ဘဝကို ပြည့်ဖုံး



www.burmeseclassic.com

www.burmeseclassic.com



ကားချခဲ့ရရှာသည်။ အကြီးဆုံးဖြစ်သော မမဝမ်းသည် မိုးရိပ်တို့ထက် ငါးနှစ်ကြီးသော ဆယ့်ခြောက်နှစ်သမီး။ ဆယ့်ခြောက်နှစ်သမီးအ်သောကတို့သည် ရင်ထဲမှာ နေ့ညဆယ့်ခြောက်စင်းလောက် ပူလောင်ခဲ့ရမည့် ထင်ပါ၏။

မောင်နှင့်ညီမကို မငတ်အောင် ဈေးတောင်းခေါင်းရွက်ခဲ့သာမက ကြုံရာအလုပ်ကိုလုပ်၍ ရှာကျွေးခဲ့ရှာသည်။ ဝမ်းရေးကခက်သည်မို့ မိုးရေးကို မစဉ်းစားနိုင်သေးသည့်အချိန်ကပင်။

"သူက ယောကျ်ားလေးပဲ မမရဲ့။ ဘယ်ကြောက်ပါ့မလဲ"

"စိတ်ညစ်လိုက်တာ ဒီမိုးကလည်း စဲကို မစဲနိုင်တော့ဘူး"

တူးကို ပွေ့ဖက်ရင်း ညည်းညည်းညူညူလေးဆိုလိုက်သော မမကို သရီး သနားသွားရသည်။ ထို့ကြောင့် ကြောက်လန့်ကာ ဖက်ထားသော သူ့လက်တွေကို ဖြေလျှော့ပစ်လိုက်ပြီး . . .

"မမ အရမ်းစိတ်ညစ်နေပြီလားဟင်"

"ဟို . . . ဟင်း မညစ်ပါဘူး မောင်လေးရဲ့။ မောင်လေး အိပ်ချင်နေပြီလား။ မမရင်ခွင်ထဲမှာ အိပ်လေ"

"ဟင့်အင်း . . . မအိပ်ချင်ပါဘူး။ သရီး မမကို သနားလိုက်တာ။ တူး နင် မမစိတ်ညစ်အောင် မငိုနဲ့ဟာ"

သရီး ဆိုလိုက်မှပင် တူးခမျာလည်း မမမျက်နှာကို မော့





ကြည့်ရင်း သူမ၏အင်္ကျီအောက်နားစလေးနှင့် မျက်ရည်ကို သုတ်ပစ်လိုက်သည်။

"မမရော . . . အိပ်လေ မနက်ကျရင် စောစောထပြီး ဈေးထိုင်ရောင်းရဦးမှာ မဟုတ်လား"

သူတို့ဘဝမှာ ဝမ်းက ဈေးရောင်း၍ ဝမ်းစာရှာနေရသူ။ များသောအားဖြင့် ကားဂိတ်တွင်သာ ရောင်းလေ့ရှိပြီး မိန်းကလေးဆိုတော့ သိပ်ဝေးဝေးလံလံသွားလို့မရဘူးလေ။ ကလေးတွေကိုလည်း နောက်ဆံတင်းရှာမယ်ပေါ့။

"ဒီလောက်အိမ်က မိုးယိုနေတာ ဘယ်လိုအိပ်ရမှာလဲ တူးရဲ့။ ဘူးနံ့သင်းသော အမိုးအကာကျနေတဲ့ မမရင်ခွင်ထဲမှာ အိပ် . . . ဟုတ်ပလား"

မောင်နှင့်ညီမကို တစ်ဖက်စီထား၍ သူမရင်ခွင်ကျဉ်းကျဉ်းလေးမှာ ထွေးပိုက်၍ သိပ်ခဲ့ပါသည်။ သည်အမိုးအကာတွေ ပွင့်သွားသည့်နေ့မှာ မိမိတို့ဘဝသည် အသိုက်မဲ့ ငှက်ကလေးတွေ ဖြစ်ခဲ့ရသည်။ ဘဝကို ဘဝဆန်ဆန် ရင်ဆိုင်ဖြတ်သန်းချင်ခဲ့ပေမယ့် အတောင်မစုံသေးသည့် ငှက်ကလေးတွေ ဘယ်သစ်ကိုင်းကိုမှ မတက်နိုင်ခဲ့။ မျက်စိသူငယ်၊ နားသူငယ်နှင့် သူ့ချီ ငါပွေ့ သူသူငါငါ ရင်ခွင်ထဲမှာ ပူလိုက်ချမ်းလိုက် အလိုက်အထိုက်နှင့်သာ ဘောလုံးတစ်လုံးလို လိမ့်နေခဲ့ရ

www.burmeseclassic.com



သည့်အချိန်တွင် ဒေါ်သွဲ့သွဲ့နိုင်ဆိုသော ယခု မေမေနှင့်တွေ့ကာ သားသမီးမရနိုင်သူမို့ သူတို့မောင်နှမနှစ်ယောက်ကို ကောက်ယူမွေးစားခဲ့သည်လေ။ ဒါသည်ပင် ကံကြမ္မာက သနား၍ မြှောက်စားလိုက်ခြင်း မဟုတ်ပါလား။ ခုတော့လည်း ဦးမြင့်မိုးနဲ့ဒေါ်သွဲ့သွဲ့နိုင်တို့၏သား မိုးရိပ်မောင်ဆိုလျှင် ချူချင်သူတွေက ဝိုင်းဝိုင်းလည်း။ စီးပွားရေးလောကတွင် အဘက်ဘက်မှာ ခြေလှမ်းကျဲ၍ လှမ်းနေသော ဦးမြင့်မိုးနဲ့ဒေါ်သွဲ့သွဲ့နိုင်ကို လူတိုင်းလေးစားကြသည်လေ။

ဩော် ... ဘဝ ဘဝ ဩောချလောက်အောင် သောကတွေတောင်လိုပုံ၊ လောကရဲ့ရင်အုံပေါ်မှာ လမ်းလျှောက်ရတာ အပြောင်းအလဲကလည်း မြန်ပါဘိ။ သရီးဘဝမှာ ကြွကြွရွရွမနေနိုင်ပေမယ့် အခု မိုးရိပ်မောင်ဘဝမှာ သိကြားမင်းထိပ်ကိုတောင် ငွေနဲ့ပေါက်လို့ရချင် ရနိုင်ပါမည်ဆိုရင် မှားမလား။

မိုးရိပ် မောင်းနှင်လာသော ကားကလေးသည် ကတ္တရာလမ်းပေါ်တွင် တရိပ်ရိပ်ပြေးလွှားလျက်။ တစ်နေ့ရာအရောက်တွင် မိမိကားရှေ့မှ မြင်ကွင်းကြောင့် မိုးရိပ်အတွေးစတို့ ပြတ်တောက်သွားရလေသည်။ မိန်းကလေးတစ်ယောက်ရဲ့ရှေ့မှာ ယောက်ျားလေးနှစ်ယောက် ကိုးရိုးကားရားလုပ်နေသည့် မြင်ကွင်းက သိပ်ကြည့်မကောင်း။ မိုးရိပ် ကားကို အရှိန်လျှော့၍ သူတို့အနားရောက်မှ ရပ်လိုက်၏။





သုံးယောက်စလုံးပင် သူ့ကားဆီသို့ လှည့်ကြည့်လာကြလေလျှင်–

"ဩော် ... ရှက်စသတ်တော့ ဒင်းလေးကိုး"

မိုးရိပ်ကားလေးမှာ မှန်တင်ထားသည်မို့ မိုးရိပ်ကို ဘယ်သူဘယ်ဝါဆိုတာ သူတို့ ကောင်းကောင်းမြင်ရမှာမဟုတ်။ မိုးရိပ်ကတော့ မြင်ရပါသည်။ ရွှေလက်ာဆိုသည့် ကောင်မလေး။ ကူညီဖို့ စိတ်ကူးထားသမျှတွေ ဘယ်ရောင်သို့ တိုးဝင်ကုန်ပြီမသိ။ မကူညီပြန်လျှင်လည်း တာဝန်မဲ့ရာကျဦးမည်။ ကူညီပြန်လျှင်လည်း ဘာဇာတ်လမ်းထွက်တာလဲလို့ ပြောဦးမှာ။ မိုးရိပ် ကားတံခါးကို တွန်းဖွင့်၍ခေါင်းလိုက်၏။

"ဘာဖြစ်နေကြတာလဲ"

"ဒီမှာလေ တမင်လိုက်နှောက်ယှက်နေကြတာ"

"ကားကရော"

"ဆေးရုံပို့ထားရတယ်"

ဖြေပုံက ကူညီချင်စရာပင်၊ ခပ်ဆောင့်ဆောင့်ထွက်လာသော စကား၏နောက်တွင် နှုတ်ခမ်းက စူစူ။

"နင်တို့အိမ်က တစ်ယောက်ယောက် ဆေးရုံတင်ထားရတာလား"

"ဆေးရုံဆိုတာ ဝပ်ရှော့ကိုပြောတာ ငတုံးရဲ့"

"သေရော"



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ် သူ့နဖူးသူ ရိုက်မိတော့သည်။ လိုက်နှောင့်ယှက်နေသော ငနဲနှစ်ကောင်က သူ့ကို ခပ်စူးစူးကြည့်လျက် ...

"ကဲ ... ဟော့ကောင် အမဲဖျက်မယ့်ကြံ သဲနဲ့ဝင်မပက်နဲ့"

"အောင်မာ ... နင်တို့ကများ ငါ့ကို နွားနဲ့နှိုင်းလို့"

ရှေ့တိုးလာသော ရွှေလက်ာရှေ့တွင် မိုးရိပ် ပိတ်ရပ်ကာ ငနဲနှစ်ကောင်၏ပခုံးကို ဖက်၍ ရယ်လိုက်သည်။

"မင်းတို့ကို ဘော်ဒါဖွဲ့ချင်လို့ ဘီယာလိုက်တိုက်မယ် ဘယ့်နှယ်လဲ"

မိုးရိပ်စကားကြောင့် ငနဲနှစ်ကောင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ မျက်စပစ်နေသည်။

"စဉ်းစားမနေနဲ့၊ အင်းလျားကန်ရေပြင်က ရေတွေလို ငါ့စိတ်က ဂနာမငြိမ်ဘူး။ မင်းတို့ ဒီမှာ ဆက်ရပ်နေရင် ဒီကောင်မလေး နှုတ်ခမ်းနဲ့ ထိုးမိပြီး ဘီယာမသောက်ရဘဲ သေမင်းနဲ့ စစ်ခင်းနေရမယ်"

"ဘာပြောတယ်"

"မြန်မာ့အသံဆိုတာ တစ်ခါပဲ ကြားရတယ်၊ အခွေလို ရီမုတ်နဲ့ ပြန်ရစ်လို့မရဘူး"

မိုးရိပ်ပြောပြီးသည်နှင့် ကားဆီသို့ ပြန်လျှောက်လာတော့ ငနဲနှစ်ကောင်ပါ လိုက်လာပြီး ကားပေါ်သို့ တက်ကြလေတော့သည်။





ထို့နောက် မိုးရိပ်ကားလေးမှာ ရွှေလက်ာရှေ့မှ လျှောခနဲ ထွက်သွားလေ၏။

"တောက်"

ရွှေလက်ာ မကျေမချမ်းနှင့် တောက်ခေါက်လိုက်သည်။ အကြင်နာတရားခေါင်းပါးလွန်းသူပါလား။ နှမချင်းမစာနာတတ်သူ။ တကယ်ဆို ဟိုနှစ်ကောင်ကို လက်သီးနဲ့ ထိုးကြိတ်ပြီး ရွှေလက်ာကို ကားနဲ့ခေါ်သွားရမှာ။ ခုတော့ ... သူ့ယောက်ဖတွေကိုသာ ကားနဲ့တင်ခေါ်သွားတာ။ ဘီယာလိုက်တိုက်ဦးမတဲ့။ တော်တော်ဒေါသဖြစ်ချင်စရာ ကောင်းလိုက်တာ။

"ကားအသစ်ဝယ်ပေးပါဆို အိမ်ကလည်း နေ့ရွှေ့ ညရွှေ့နဲ့ ကားအသစ်ဝယ်ပြီးလို့ကတော့လေ ဒင်းနဲ့ငါ တွေ့မယ်။ ဒီလူကို ကားနဲ့ လိုက်တိုက်ပြီးကို သတ်ပစ်လိုက်မယ်။ ဟင်း ... လူက အောက်မှာ ဘဝင်က အပေါ်မှာ ပေနှစ်ထောင်မြင့်နေတာ အမြင်ကတ်ဖို့ ကောင်းတယ်"

ရွှေလက်ာတစ်ဦးတည်း ကြိတ်မနိုင်ခဲမရ ရေရွတ်နေမိသည်၊ တကယ်လို့များ သူမကားအသစ်စီးရတဲ့နေ့မှာ မိုးရိပ်မောင်ကို တကယ်ပင် သူမကားနှင့် တိုက်သတ်ပစ်မည်တဲ့လား။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟာ . . . ဟ ဘာတွေလဲ"

မိုးရိပ်ထိုင်နေရာမှ ထလိုက်သည်တွင် မိုးရိပ်တင်ပါးနှင့် ထိုင်ခုံကို ကြိုးသွယ်ထားသော ကပ်စေးစေး အဖြူရောင်တွေကြောင့် လက်ညှိုးထိုး၍ အော်လိုက်သူက လူမြတ်ပင်။ ရဲကျော်ကပါ လူမြတ် လက်ညှိုးထိုးရာသို့ လိုက်ကြည့်လေပြီး . . .

"ပီကေတွေကွ"

မိုးရိပ်တင်ပါးကို လက်နှင့်စမ်းရင်း ကပ်စေးစေးပီကေတွေ ကြောင့်ပင် . . .





"ရှုံးပဲပါပြီကွာ . . . ကူခွာကြဦးကွ"

မိုးရိပ်ကုန်းကုန်းကွကွနှင့် ထိုင်ရမလို ထရမလိုဖြစ်နေ၏။ လူမြတ်နှင့်ရဲကျော်ကလည်း မိုးရိပ်တင်ပါးမှ ကပ်နေသော ပီကေကို အသည်းအသန် ခွာနေရသည်။

"ဒါ တမင်လုပ်သွားတာပဲ၊ ဘယ်သူချသွားတာ ထင်လဲ"

လူမြတ်နှင့်ရဲကျော် စဉ်းစားဟန်ပြုပြီး ရဲကျော်ကပင် . . .

"ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

"စောစောက ဒီနားဖြတ်သွားတာ ငါ မြင်လိုက်တယ်"

"ဘယ်သူလဲ"

"သူပဲ ဖြစ်ရမယ်"

"အဲဒီ သူဆိုတာ ဘယ်သူလဲ။ ငါ မင်းကို ဆွဲထိုးမိမယ်နော်"

မိုးရိပ်လက်သီးနှင့် ရွယ်မှပင် ရဲကျော် ထိတ်ထိတ်ပျာပျာနှင့်

"အာ . . . ပြောမယ် . . . သူဆိုတာ . . . ဟို . . . ဟို"

ရဲကျော် မဝံ့မရဲထိုးသော လက်ညှိုးနောက်သို့ မိုးရိပ်အကြည့် ဆို့ ကပ်ပါသွားလေသည်။

"မင်း . . . မင်းရဲ့မလက်တို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ မလက်တိုလဲ"

"မင်းက မိုးရိပ်ဆိုတော့ သူမက မလက်တိုလေကွာ"

"တောက် ... ဒါ တမင်ရန်စတာပဲ"

"မိုးရိပ်"

လူမြတ် တားလိုက်သော်လည်း မရပါ။ မိုးရိပ်ခြေလှမ်းကျဲများနှင့် သူတို့နှင့် ခပ်လှမ်းလှမ်းမှာ ထိုင်နေသော အုပ်စုဆီသို့ လှမ်းခဲ့သည်။ ဒါ မိုးရိပ်ကို တမင်နှာလိုက်တာပဲ။ ကောင်မလေးတွေက မိုးရိပ်ဘက်သို့ မသိမသာကြည့်၍ ရယ်နေကြသည်။ မိုးရိပ် လျှောက်လာတာမြင်တော့မှ မသိဟန်ဆောင်၍ တစ်ဖက်သို့ လှည့်သွားကြလေကာ ...

"ရွှေလက်ာ နင်ပြောတော့ ငါ ပူတင်း လေမှုတ်ထားတယ်ဆိုကွ။ ဗိုက်ပူနံကားနဲ့ သွားခေါ်ခေါ်လေးဆို ... ခုတော့ ကိုရီးယားမင်းသားနဲ့ တူတာ သိပြီ၊ ဂျူမုံနယ်စားလေး ... ဟဲ ... ဟဲ"

ရွှေလက်ာ နှုတ်ခမ်းကို အစွမ်းကုန် မဲ့ပစ်လိုက်၏။

"တော်စမ်းပါဟာ ... ရုပ်ဘယ်လောက်ချောချော စိတ်ပုပ်ရင် ရုပ်ဆိုးတာထက် အကျည်းတန်တယ်"

သူတို့ပြောသမျှကို မိုးရိပ် အကုန်ကြားပါသည်။ မိုးရိပ် ဟန်ပါပါနှင့် စားပွဲကို လက်ထောက်၍ ရွှေလက်ာအားရှိ လွတ်သောခုံတွင်





ဝင်ထိုင်လိုက်၏။

"ရွှေလက်ာ"

"ဘာလဲ"

"စောစောက ဖာတ်လမ်းထွင်သွားတာ နင်မို့လား"

"သေလိုက်"

"သေလို့မဖြစ်သေးဘူးလေ၊ နင်က ငါ့ကို ချစ်တယ်မပြောရသေးဘူး"

မိုးရိပ်၏မထီတထီပုံစံကြောင့် ရွှေလက်ာစိတ်ထဲတွင် စပ်ဖျဉ်းဖျဉ်း ဖြစ်သွားရ၏။

"မိုးရိပ် ... နင် ပါးကောင်းလို့ လက်ဝါးတောင်းနေတာလား၊ ငါ့လက်ဝါးက ပါးမရွေးဘူးနော်"

"ရိုက်လေ ... ငါကလည်း ပါးကောင်းလို့ လက်ဝါးတောင်းနေတာ မဟုတ်ဘူး။ နှာခေါင်းညောင်းလို့ ပါးကောင်းရွေးနေတာ"

ရွှေလက်ာ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်၏။ ဒေါသကြောင့် အသားများပင် ဆိုးဆိုးဆတ်ဆတ် တုန်လာသည်။

"နင့်မှာ နှမမရှိဘူးလား မိုးရိပ်"

ကောင်မလေး ဒေါသဖြစ်နေသည်ကိုပင် မိုးရိပ်က ကျေနပ်နေမိ၏။ ဒီလောက် ဆတ်စလူဖြစ်နေသည့် ကောင်မလေးကို သဘော



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပညာပေးရတာသည် ပီတိတစ်မျိုးဖြစ်ရ၏။ စပ်ဖြဲဖြဲနှင့်ပင် . . .

''ဘာလဲ ငါ့အစ်မကို 'ကျီးကန်းလို တအအအထိုးပြီး' ငါနဲ့အောင်သွယ်ပေးဖို့ ပူဆာမလို့လား''

''မိုးရိပ် . . . နင်''

ရွှေလက်ာ နှုတ်ခမ်းကို တင်းတင်းစေ့၍ မိုးရိပ်မျက်နှာကို ဒေါသအရိပ်အငွေ့တွေ ပြည့်လျှံနေသော မျက်ဝန်းအစုံနှင့် ကြည့်ပစ်လိုက်သည်။ မိန်းကလေးတစ်ယောက်ကို နမချင်းမစာနာ စကားအရာနှင့် အနိုင်ယူပိုလ်စွဲချင်သည့်လူ။ စကားလုံးတွေက ရွှေလက်ာ့သိက္ခာကို စော်ကားလွန်းလာပြီ။ ရွှေလက်ာ ခေါင်းငုံ့ခံနေ၍မဖြစ်။ သူမရဲ့သိက္ခာကို အဖတ်ဆယ်ဖို့ လက်ကို မြှောက်တင်လိုက်သည့်တွင် . . .

''ကဲဟာ''

''ဖြန်း''

''ဟာ''

''ရွှေလက်ာ''

''တောက်''

အသံမျိုးစုံနှင့်အတူ ရုတ်စီရုတ်စီ ဖြစ်သွားကြလေ၏။ ရွှေလက်ာ လွယ်အိတ်ကို ကောက်ယူကာ ပြေးထွက်သွားပေတော့ သူမ၏သူငယ်ချင်းများလည်း သူမနောက်သို့ ပြေးလိုက်သွားကြလေ





သည်။ ပါးတစ်ဖက်ကို ပွတ်ရင်း ကြောင်အမ်းအမ်းဖြစ်ကျန်ခဲ့သူက မိုးရိပ်။

''မိုးရိပ် . . . မင်း''

ရဲကျော်က စိုးရိမ်သလိုပင် မေးမည့်မေးခွန်းကို လက်မခံနိုင်စွာ လက်ကာပြလိုက်၏။ ပြီး အဓိပ္ပာယ်လှပသော အပြုံးတစ်ချက်ကို ပြုံးကာ . . .

''ဒါ . . . ငါ့မာနကို ရိုက်ချိုးသွားတာ တွေ့ကြသေးတာပေါ့ ရွှေလက်ာရယ်''

မိုးရိပ် ဘာမှမဖြစ်သလို သူငယ်ချင်းနှစ်ယောက်ကို ခေါ်၍ ထွက်ခဲ့တော့သည်။ မိုးရိပ်မောင်၏ဘဝတွင် မိန်းမတစ်ယောက်နှင့် ပတ်သက်၍ ဤရှုံးခြင်းသည် ဒါ ပထမဦးဆုံး အကြိမ်ပဲ ဖြစ်စေရမည်။ ယောကျ်ားတစ်ယောက်၏မာနကို ခဝါချ၍ လက်မြှောက်ပေးလျှင် အာဃာတဆိုတာ ရှိမလာနိုင်မှန်း သိပေမယ့် မာနကို ကိုးကွယ်တတ်သူတစ်ယောက်အဖို့တော့ အာဃာတတွေကိုပင် ထိုးဆွ၍ လက်ခုပ်သြဘာပေးနေရမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ပန်းပွင့်ရောင်စုံကြားတွင် များပိတုန်းလိပ်ပြာလေးတွေ ဝဲပျံ၍ ဆော့ကစားနေကြသည်။ မိန်းမလှလေးတစ်ဦးသည် လိပ်ပြာလေးတွေကိုကြည့်၍ သဘောကျစွာ ရယ်မောနေ၏။

"အယ်တော့ . . . ဦးပခုံးပေါ်မှာ နားနေပြီ"

လရိပ်သည် သခါပခုံးပေါ်တွင် ခိုနားနေသော လိပ်ပြာလေးကိုကြည့်ရင်း သခါမျက်နှာကို ရွှေ့ပြောင်း၍ ကြည့်မိသွားသည်။ သခါက အသားအဖြူကြီးမဟုတ်။ အသားလတ်လတ် အရပ်မြင့်မြင့်နှင့် ထူထဲသော မျက်ခုံးအောက်တွင် အညိုရောင် မျက်ဝန်းအစုံက ရှိဝေဝေ။





သောက်မူးပိသစွာ ခန့်ညားချောမောလှပသော သခါဆိုသည့်သူတွင် မျက်လုံးအစုံသာ ကွယ်မနေခဲ့ရင် မိန်းမတွေ ဝိုင်းဝိုင်းလည်နေမှာ မြင်ယောင်မိပါရဲ့။

"လရိပ်"

သည်လူကြီးကို လရိပ်တစ်ခါမျှ စူးစူးစိုက်စိုက် အခုလို မကြည့်ဖူးခဲ့။ အခု ကြည့်ကောင်းကောင်းနှင့် ကြည့်နေလိုက်တာ မှတ်တရော။ အချိန်မည်မျှကြာသွားသည်မသိ။ သူ့ခေါ်မှပင် လန့်ဖျပ်၍ သတိဝင်လာသည်။

"မင်း . . . ငါ့ကို ကြည့်နေတာလား"

"ရှင် . . . ဟို"

မျက်စိသာ ကန်းနေတယ် သူများဘာလုပ်သည်ဆိုတာကို သူသိနေပါလား။ မဟုတ်မှလွဲရော ဒီလူ မျက်မမြင်ဟန်ဆောင်နေတာများလားဟုပင် လရိပ် သံသယဝင်မိသည်။

"မျက်မမြင်ဒုက္ခိတဆိုပြီး ငါ့ကို အထင်မသေးပါနဲ့။ ငါ အရာရာမှာ သူများကို အားမကိုးချင်ဘူး။ ဒါကြောင့် အမြင်အာရုံ ကွယ်ပျောက်တော့ အကြားအာရုံရအောင် ကျင့်ထားတာ"

"အဟင်း . . . ဦးကို လရိပ်မညာပါဘူး။ ဦးချောလို့ လရိပ် ကြည့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



သခါ ပြုံးမိပါသည်။ လရိပ်ကို သူ ခင်မင်ခဲ့တာလည်း သည်လိုရိုးသားမှုလေးတွေကြောင့်ပါ။ အသက်ရှင်လျက်နဲ့ ဘဝသေခဲ့ရသည့် သူ့ဘဝတွင် ပျော်ရွှင်မှုတွေ ပျောက်ကွယ်၍ ပူပြင်းခြောက်သွေ့ခဲ့ရသည်မှာ ကြာပါပြီ။ ယခုဆိုလျှင် ဘဝအမှောင်လမ်းကို လရောင်တွေ ဆမ်းပေးခဲ့သူက လရိပ်ဆိုသည့် ကောင်မလေးပင်။ လရိပ်၏ ကြင်နာယုယမှုတွေအောက်မှာ ခပ်ဖွဖွလျှောက်ရင်း ဝေဒနာကို တဖြည်းဖြည်းနှင့် ဖြေနေရပါသည်လေ။

"ဦး"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ"

"ဩော် ... ဘာမှမဟုတ်ပါဘူး။ သိကြားမင်းက ငါ့ကို လက်ခံပါ့မလားလို့ စဉ်းစားနေတာ"

"ဘာကိုပြောတာလဲ လရိပ် နားမလည်ဘူး"

တကယ်ပင် သခါစကားကို လရိပ် နားမလည်နိုင်။ စကားပြောနေရင်း ဘယ်ကနေဘယ်လို သိကြားမင်းက ဝင်လာတယ်မသိ။

"လရိပ်က ဦးကို မြှောက်တာကိုး။ မိုးပေါ်မြှောက်တင်သွားရင် သိကြားမင်းက သူ့ကြင်ယာတွေကို လုမှာစိုးလို့ လက်မခံမှာကို ပြောတာ"





"ဟာ ... ဦးကလည်း နောက်နေပြန်ပြီ၊ လရိပ်ကဖြင့် ဘာများလဲလို့"

လရိပ်၏ရယ်သံလွင်လွင်[illegible]ားသည် ပန်းရနံ့တို့နှင့်အတူ လေပြေတွေကြားမှာ မွှေးပျံ့သွားလေသည်။ ရင်ထဲက နာကျင်မှုတွေ ဖုံးဖွဲ့ထားသော အပြုံးအတေားတွေ တဒင်္ဂအတွင်း မေ့လျော့သွားသည် ထင်ပါ၏။

"လရိပ်"

"ရှင် ... ဦး"

သူ ဘာများပြောမလဲလို့ လရိပ်ခေါင်းကလေးကို ငဲ့ကာ သခါမျက်နှာကိုကြည့်၍ စောင့်ဆိုင်းနေသည်တွင် ...

သခါထံမှ စကားသံတို့ ထွက်ပေါ်မလာချေ။

"ဦး ... ဘာပြောမလို့လဲဟင်"

သည်တော့မှ သခါထံမှ သက်ပြင်းရှိုက်သံနှင့်အတူ ...

"လရိပ်စကားပြောသံက ဦးစိတ်ထဲမှာ တစ်ယောက်ယောက် စကားပြောသံနဲ့ တူသလိုပဲ"

လရိပ်၏နှုတ်ခမ်းအစုံပေါ်မှာ အပြုံးကလေးသည် တဖြည်းဖြည်းနှင့် ပြေလျော့သွားလေ၏။ ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းပါ ဦးသခါရယ်။ မင်းစကားပြောဟန်ဆိုသံတွေက ညရိပ်မောင်နဲ့ တူလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလို့။ ရှင် ဒီအသံ ဒီဟန်တွေကိုတော့ မှတ်မိသေးသားပဲ။ ညနိ
မောင်ရဲ့ခံစားမှုတွေ ရှင့်ရင်ထဲမှာ ပြန်ပြီး ခံစားစေချင်လို့ ကျွန်မ ရှ
အနားကို ရောက်လာခဲ့တာပဲ ဦးသခါ။

တစ်နေ့ ညရိပ်မောင်လိုပဲ ရှင့်အသည်းတွေ မြေမြုပ်ပြီး
သင်္ဂြိုဟ်ခံစေရမယ်။

"တစ်ခါတလေ ငါတွေးနေမိတယ်"

"ဘာကိုလဲဟင်"

"ငါ့မှာ ချစ်တတ်တဲ့ နှလုံးသားမပါခဲ့ရင် သိပ်ကောင်းမှာ
ဟာ ဒါမှမဟုတ်"

သခါအသံသည် လည်ချောင်းဝသို့ပင် တိုးတိတ်၍ ကွယ်
ပျောက်သွားလေသည်။ ဖော်မပြနိုင်သော ဝေဒနာအစိုင်အခဲတစ်
ကြောင့် မျက်ဝန်းတွင် အရည်ကြည်လေးတွေ ရစ်ပိုင်းလာချေ၏

"ဒါမှမဟုတ် ဘာဖြစ်တာလဲ ဆက်ပြောလေ"

"ငါ ... ငါလေ သူလိုပဲ မနိုးသော အိပ်စက်ခြင်းနဲ့"

"သား ... သခါ"

တစ်ဆို့နေသော စကားလုံးတို့ကို အားယူ၍ ဆွဲထုတ်ယူ
စဉ် ဒေါ်လေး၏အသံနှင့်အတူ ပခုံးပေါ်သို့ ကျရောက်လာသော
လက်အစုံကြောင့် တစ်ခန်းရပ်ပြဇာတ်ကို အဆုံးသတ်၍ ထားလိုက်ရ၏





"ပြီးခဲ့တာတွေကို ဘာလို့ အစဖော်ပြရတာလဲကွယ်၊ သေတဲ့
သူက သေသွားပြီပဲ။ သူ့ကို တမ်းတလွမ်းနေလို့လည်း ပြန်လာနိုင်တာမှ
မဟုတ်တာ။ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ သားရယ်"

ဒေါ်ထားထားနွယ်တစ်ယောက် တူဖြစ်သူ၏ဝေဒနာခံစားမှု
တွေကို ခွဲဝေလို့ရလျှင် ခွဲဝေခံစားလိုက်ချင်ပါရဲ့။ တစ်နေ့တစ်နေ့
သောကမျက်ရည်တွေ ပြည့်လျှံနေတဲ့ ဒီဒုက္ခကန်ထဲကနေ ရုန်းထွက်၍
လွတ်မြောက်စေချင်လှပါပြီ။ သူမ အမှားတွေပါ။ အချစ်ဆိုသည့်အရာ
ကို ကိုယ်တိုင်မခံစားဘူးတော့ ခပ်ပေါ့ပေါ့လေးတွေးပြီး လူငယ်တွေ
ရဲ့နှလုံးသားကို ဂုဏ်နေသံဆူးကြိုးတွေနဲ့ ခတ်ထားမိခဲ့သည့် သူမ၏
မိုက်ပြစ်တွေပါ။

"လွယ်လွယ်နဲ့ မေ့ပစ်မရလောက်အောင် နှလုံးသားတစ်ခု
လုံးကို ရင်းနှီးခဲ့ရတာပဲ ဒေါ်လေးရယ်"

"ဒေါ်လေးလည်း ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိတယ်လို့ သတ်
မှတ်ထားပါတယ်။ ဒေါ်လေးမှားခဲ့တဲ့ အမှားတွေဟာ သားကို ချစ်
လွန်းလို့ဆိုတာကို နားလည်ပေးပါ"

သခါ နားလည်ပါတယ်။ ဒေါ်လေး၏မေတ္တာစေတနာတွေ
ကို နားလည်လွန်းလို့လည်း အရှုံးတွေကို အပြုံးတွေနှင့် ဖြေသိမ့်ခဲ့
ပါပြီ။ ဒေါ်လေးကို အပြစ်မဖို့ရက်။ ကံကြမ္မာကိုသာ ငြိုးရက်သော်ငြင်း



www.burmeseclassic.com

www.burmeseclassic.com



ရယ်လို့ မြင်တတ်ခဲ့ပါသည်လေ။

"ကျွန်တော် ဒေါ်လေးကို ဘယ်တုန်းကမှ အပြစ်လို့ မမြင်ခဲ့ပါဘူး။ လူ့ဘဝမှာ ဖြစ်ပျက်သမျှ အားလုံးဟာ ကံ ကံ၏အကျိုးဆက်တွေပါပဲ"

"သားရယ်"

ဒေါ်ထားထားနွယ် တွေကို သနားစွာ ညည်းတွားနေမိ၏။ သူတို့တူဝရီးနှစ်ယောက်၏စိတ်မကောင်းသံတွေကြားမှာ ဘာကိုမှ နားမလည်စွာ ငြိမ်သက်နားထောင်နေသူက လရိပ်ပင်။

အကြောင်းနှင့်အကျိုးကို ဆက်စပ်ကြည့်လျှင်တော့ ခပ်ရေးရေးတွေးမိပါသည်။ သူတို့စကားသံတွေထဲမှာ မမညရိပ်မောင်၏ အကြောင်းတွေက ချိုသလိုလို၊ ခါးသလိုလို၊ ညရိပ်မောင်ဆိုတဲ့ နာမည်မပါပေမယ့် ပတ်သက်မှုကတော့ ရှိနေတာ အသေအချာပါပဲ။

"ကဲ ... သား"

"ဗျာ"

"အိမ်ထဲဝင်တော့လေ"

"ဟုတ်ကဲ့"

လရိပ် သူ့ကိုတွဲခေါ်ပြီး အိမ်ထဲသို့ ဝင်ခဲ့ကြသည်တွင် သူ့မျက်နှာကို တစ်ချက်ငဲ့ကြည့်ပြီး ရင်ထဲမှာ ဘာတွေမှန်းမသိ။ သူ့





အားနားမှာ ကပ်ပါလာတဲ့ လရိပ်မောင်ဆိုတဲ့ မိန်းကလေးဟာ ညရိပ်မောင်ရဲ့ညီမရင်းမှန်း သူသာသိခဲ့ရင် ...

ဘာပြောမလဲ ...

ဘာဖြစ်သွားနိုင်သလဲ ...

"လရိပ်"

"ရှင်"

"ငါ့အခန်းထဲရောက်အောင် ပြန်ပို့ပေးနော်"

"ဟုတ်"

မမရေ ... မမအတွက် လက်စားချေဖို့ လှမ်းလာတဲ့ ခြေလှမ်းတွေကို လရိပ်ရှေ့တိုးရမလား၊ နောက်ဆုတ်ရတော့မလား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ကွယ်လွန်သူ မိုးရိပ်မောင်
အသက် (. . .) နှစ်

"ဟင်"

စာသင်ခန်းထဲသို့ ဝင်လိုက်သည်နှင့် မိမိခုံပေါ်တွင် နှင်းဆီပွင့်ရဲရဲကြီးတွေက ဆီးကြိုနေပါသဖြင့် ထူးဆန်းသလို ခပ်သွက်သွက်လျှောက်လာခဲ့မိသည်။ နှင်းဆီပန်းစည်းကို ဆွဲယူလိုက်မိသည်နှင့် အောက်မှပေါ်လာသော စာတန်းကြောင့် 'ဟင်'ခနဲ ဖြစ်သွားရ၏။

"အမယ်လေး အဖြစ်ဆိုးလှချည်လား။ အသေစောလို့





ကြောလှချည်ရဲ့ သူငယ်ချင်း"

"မိုးရိပ်ရေ မင်းမရှိတော့ ငါတို့ ဘယ်သူ့ကို အပေခေါ်ရပါ့တော့နော် . . . အီ အီ ဟီး"

"သားလို့ပြောလေ . . . မင်း နာနေဦးမယ်"

"အေး . . . အေး ဟုတ်သားပဲ"

"အေး . . . အေး ဟုတ်သားပဲ"

"မင်းတို့ပတွေးက မသေဘူး အကောင်းကြီးပဲ ရှိသေးတယ်။ သေချင်းသေ မင်းတို့ပဲ သေကြ"

"ဟ . . . ဒီမှာ နာမည်က မင်းနာမည်လေ"

"တောက်"

မိုးရိပ် ကိုယ့်နာမည် ပြူးပြူးပြဲပြဲကြီးကို ကြည့်ပြီး တက်ခေါက်လိုက်သည်။ ဒါ ဘယ်သူ့လက်ချက်လဲ၊ တရားခံက ကိုယ့်ကို ချစ်လို့လဲ၊ မုန်းလို့ စတာမျိုးလုံးမပေါက်။ ဒါကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားနေဘာဘဲ ပန်းစည်းကိုယူကာ လှည့်ထွက်လိုက်စဉ် . . .

"မင်း ဘယ်ကိုလဲ မိုးရိပ်"

"တရားခံသွားရှာမလို့"

"နေဦးလေ . . . တို့လည်း လိုက်မှာပေါ့"

ကိုယ့်နောက်လိုက်လာတဲ့ သူငယ်ချင်းတွေကိုတောင် မိုးရိပ်



www.burmeseclassic.com

www.burmeseclassic.com



လှည့်မကြည့်တော့။ ခြေလှမ်းတွေက ဖြစ်နိုင်ချေရှိသူကို ရှာလိုဇောနှင့် အမြန်နှုန်းက မို့အားတစ်ထောင်။

"အယ် . . . လာပြီတော့။ တို့ဆီကို လာတာထင်တယ်"

"နင် ကြာမြွေရရနေစမ်းပါ နီလာရယ်။ နင်လုပ်တာနဲ့ ဟိုက တပ်အပ်သိတော့မယ်"

နှင်းပွင့် ခပ်တိုးတိုးကျိတ်ပြီး ပြောပေမယ့် မိုးရိပ် ဦးတည်လာတာက သူမတို့ဆီကိုဆိုတာ အသေအချာပါပဲ။ အနားကိုရောက်လာတာနှင့် . . .

"ရွှေလက်ာ"

"ဟင်"

"နင် . . . ဘာသောက်ရှိုးရှိုးတာလဲ"

"မိုးရိပ်"

"အနိုင်နဲ့ ပိုင်းသွားပြီးတာတောင် နောက်ထပ် နိုင်ချင်သေးလို့ ရန်စတာလား။ ဆောရီးပဲ ရွှေလက်ာ။ မိန်းကလေးမို့ မတုံ့ပြန်လိုက်တာကို အလျှော့ပေးတယ်လို့တော့ မထင်လိုက်နဲ့။ မိုးရိပ်ရာဇဝင်မှာ အရှုံးဆိုတာ တင်ကျန်ရစ်တာမျိုး မဖြစ်စေရဘူး၊ ရော့ . . . နင်ထားခဲ့တဲ့ ပန်းစည်း၊ နောက်ထပ် ဘာအကြောင်းပြချက်နဲ့မှ ငါနဲ့ ပတ်သက်ဖို့ မကြိုးစားနဲ့"





မိုးရိပ် နှင်းဆီပန်းစည်းကို ရွှေလက်ာရင်ခွင်ထဲသို့ ပစ်ပေါက်ထည့်လိုက်သည်။ ရုတ်တရက်မို့ ရွှေလက်ာ ဆုပ်ကိုင်လိုက်မိသည်တွင် နှင်းဆီဆူးတွေက ရွှေလက်ာလက်ချောင်းလေးများကို ထိုးစိုက်၍ သွားလေ၏။

"အား"

"ရွှေလက်ာ"

သူငယ်ချင်းများက သွေးစို့သွားသော ရွှေလက်ာလက်များကို စိုးရိမ်တကြီး ဆုပ်ကိုင်လိုက်သော်လည်း နာကျင်မှုတွေကို ရွှေလက်ာ ဂရုမစိုက်နိုင်။ သူမက အများကို ကျူးလွန်ခဲ့သူမို့ သူငယ်ချင်းများလက်မှ ရုန်းထွက်၍ မိုးရိပ်နောက်သို့ ပြေးလိုက်သွားလေ၏။

"မိုးရိပ် . . . မိုးရိပ် . . . ငါ တောင်းပန်ပါတယ်ဟာ၊ ခဏနေပါဦး"

ရွှေလက်ာ တကြော်ကြော်ခေါ်၍ မိုးရိပ်ကို ရှင်းပြဖို့ ကြိုးစားသော်လည်း မိုးရိပ်က ယောင်၍ပင် လှည့်မကြည့်တော့။ နောက်ဆုံး ရွှေလက်ာ မိုးရိပ်ကို အမီလိုက်၍ လက်မောင်းကို ဆွဲလိုက်၏။

"မိုးရိပ် . . . ငါ ရှင်းပြတာ နားထောင်ပါဦးဟာ"

"ငါပြောပြီးပြီပဲ . . . နင်နဲ့ငါနဲ့ ဘာမှပတ်သက်စရာအကြောင်း မရှိတော့ဘူး သွားတော့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ် ဒေါသကို ထိန်းချုပ်နိုင်စွမ်းကင်းမဲ့ကာ လက်ကို ဆောင့်ရုန်း၍ အမှတ်မထင် ရွှေလက်ာပခုံးနှစ်ဖက်ကို ကိုင်၍ ဆောင့်တွန်းလိုက်မိတော့ . . .

"အို"

ရုတ်တရက် အမှတ်မထင် တွန်းလိုက်သော်လည်း အရှိန်လွန်ကာ ရွှေလက်ာကိုယ်လုံးလေး ယိုင်နဲ့၍ ဟန်ချက်ပျက်ကာ နံရံဆီသို့ ကမူးရှူးထိုး နောက်ဆုတ်ပြေးဝင်သွားလေ၏။

"ဒုတ်"

"အား"

နံရံနှင့်ဦးခေါင်းကပ်မိချိန်တွင် မျက်နှာမှာ တစောင်းကျသွားသည်မို့ ရွှေလက်ာ နားထင်ဆီမှ သွေးများ စီးကျလာလေသည်။ သည်တော့မှ မှင်တက်နေသော သူငယ်ချင်းများသည် သတိဝင်၍ အပြေးအလွှား ရွှေလက်ာဆီ ရောက်လာကြ၏။

"ဟယ် . . . မိုးရိပ် . . . မိုးရိပ်"

ရွှေလက်ာကို စိုးရိမ်စွာ ပွေ့လိုက်ကြသည်အထိ မိုးရိပ် မလှုပ်မယှက် ကြက်သေသေနေဆဲပင်။ သွေးစီးတွေကြားမှပင် ရွှေလက်ာ အားယူ၍ မိုးရိပ်ကိုကြည့်ကာ . . .

"မိုးရိပ် . . . နင် . . . နင် သိပ်ရက်စက်တာပဲဟယ်"





ခပ်တိုးတိုး အသံလေးအဆုံးမှာ ရွှေလက်ာမျက်ခွံကလေးတွေ စင်းကျသွားလေသည်။

"ရွှေလက်ာ . . . ရွှေလက်ာ . . . ဟဲ့လုပ်ကြပါဦး"

"ခေါ်လို့မရတော့ဘူး . . . သတိလစ်သွားတာ ထင်တယ်"

"ဆေးရုံ . . . ဆေးရုံပို့ရအောင်"

"မိုးရိပ် ဘာရပ်လုပ်နေတာလဲ ဆေးရုံပို့ရအောင်"

"ဩော် . . . အေး . . . လာပြီ"

လူမြတ် သတိပေးမှပင် ကျောက်ရုပ်ဖြစ်နေသော မိုးရိပ် အသက်ဝင်လာပြီး ရွှေလက်ာဆီသို့ အပြေးအလွှားသွားကာ ရွှေလက်ာ့ ခန္ဓာကိုယ်လေးကို ပွေ့ချီလိုက်မိ၏။ မိမိကြောင့် ဖြစ်သွားသည်ဆိုတော့ မိမိတာဝန်မကင်းပြန်ဘူးပေါ့။

မိုးရိပ်တစ်ယောက် ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဆေးရုံသို့ လိုက်သွားရဲပေ၊ မိန်းကလေးတစ်ယောက်ကို နိုင့်ထက်စီးနင်း လုပ်ခဲ့မိတဲ့ မိမိအပြုအမူကို ရွှေလက်ာမိဘတွေက ကျေနပ်ခွင့်လွှတ်ပေးနိုင်မှာ မဟုတ်။ သူ ရွှေလက်ာကို တောင်းပန်ချင်သည်။ ယခုမှပင် ကိုယ့်အတတ်နှင့်ကိုယ်စူးကာ ကြက်ကြီးလည်လိမ်ထားသလို မှိုင်တွေငေးမောနေမိ၏။

"အခုမှ လက်ပိုက်ပြီးတော့ လတာမှိုင်,မှိုင်မနေနဲ့တော့ မိုးရိပ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မှားခဲ့ပြီးပြီပဲ။ တောင်းပန်ရမှာ မင်းအလုပ်လေ။ ခုမှတော့ ကြောက်မနေနဲ့။ ခေါင်းငုံ့ပြီးသာ တိုးပေတော့''

''ကျွတ်''

မိုးရိပ် ခေါင်းကို တဖျင်းဖျင်းကုတ်လေ၏။

''ငါမှားသွားတယ်ကွာ ... အဲဒီလောက်ထိ စိတ်လိုက်မာန် ပါ မလုပ်သင့်ဘူး''

''တကယ်တော့ အဲဒီနေ့က လုပ်ရပ်က ရွှေလက်ာလက်ချက် မဟုတ်ဘူး''

''ဟင်''

''မင်းကို ပါးရိုက်ခဲ့တဲ့ကိစ္စမှာ ရွှေလက်ာက သူမှားမှန်းသိပြီး မင်းကို သူ တောင်းပန်ဖို့ နှင်းဆီပန်းစည်းကိုယူလာခဲ့တာ။ ဒါနဲ့ မင်းကို လိုက်ရှာတော့ မတွေ့ဘူး။ ဒါကို နီလာဝေက မိုးရိပ်က ငါတို့ ရာစရာ မလိုဘဲ သူ့အလိုလိုရောက်လာအောင် ငါလုပ်ပြမယ်ဆိုပြီး နီလာဝေ လုပ်လိုက်တာ။ ဒီလိုလုပ်တာကို ရွှေလက်ာက အတန်တန်တားပါသေး တယ်တဲ့။ နှင်းဆီပန်းစည်းက တောင်းပန်ဖို့ ရွှေလက်ာ ယူလာတာ''

ဆိုဖာပေါ်တွင် ခွေခေါက်၍ အိပ်နေသော မိုးရိပ် ဟားခနဲ လက်ကို ဆန့်တန်း၍ အပျင်းဆန့်ပြီး ထထိုင်လိုက်၏။

''ငါ စိတ်ပူနေတာကွ''





''ဘာကိုလဲ''

''ရွှေလက်ာ ငါ့ကို ခွင့်မလွှတ်မှာကို''

''ခွင့်လွှတ်နိုင်အောင် တောင်းပန်ရမှာ မင်းတာဝန်လေ''

''ကဲ ... ဟုတ်ပါပြီ။ ခုတော့ ဒူးပဲ ဖက်ရဖက်ရ ဦးပဲ ချရချရ သူပြုံးသမျှ နုရတော့မှာပေါ့''

''ဒါဆို သွားမယ်''

''ခဏစောင့်''

မိုးရိပ် လှေကားပေါ်သို့ တဒုန်းဒုန်း ပြေးတက်သွားသည်။ သိပ်မကြာပါ။ စတိုင်လ်အပြည့်နှင့် ပြန်၍ ဆင်းလာခဲ့၏။ စပို့ရှပ်အဖြူ နှင့် ဂျာကင်အပြာရင့်ရောင်ကို ထပ်ဝတ်ထားလေကာ နဖူးပေါ်တွင် ဘယ်ညာဆံနွယ်စနှစ်စကို တလှုပ်လှုပ်ဆော့ကစားနေပြီး ယောက်ျား ချင်းပင် ငေးယူရလောက်အောင် ချောမောပြေပြစ်သူပင်။

''ဟိတ်ကောင် သွားမယ်လေ''

မိုးရိပ်အနားရောက်မှပင် လူမြတ် ကမူးရှူးထိုးထ၍ ဆေးရုံ သို့ ထွက်လာခဲ့ကြတော့သည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

လှူမြတ်နှင့်မိုးရိပ် ဆေးရုံသို့ရောက်ခဲ့ကြသည့်တွင် ရွှေလက်ာ ရှိသော အခန်းထဲသို့ဝင်ရန် အပြင်ခန်းတွင် ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီး နှင့် ဆုံလိုက်သည်။ ထိုအမျိုးသမီးကြီးက မိုးရိပ်ကို နှစ်လိုဖွယ်အပြုံး မျိုးဖြင့် ပြုံးပြကာ ...

"သားက မိုးရိပ်ဆိုတာလား"

"ဗျာ"

မိမိနာမည်ကို သိနေသဖြင့် မိုးရိပ် အံ့သြသွားရသည်။ ရွှေလက်ာမေမေလား။ အတွေးနှင့် ကြောက်သလိုဖြစ်သွားပြီးမှ ထို





အမျိုးသမီးကြီး၏မျက်နှာပေါ်တွင် စိတ်ဆိုးခြင်းကင်းမဲ့စွာ ဒေါသအနိုး အငွေ့တွေကို မမြင်ရသဖြင့် စိတ်အေးသလိုတော့ ဖြစ်သွားရ၏။

"ဟုတ် ... ဟုတ်ပါတယ် ခင်ဗျာ ... အန်တီက"

"အန်တီက သမီးလေးရွှေလက်ာရဲ့ဒေါ်လေးပါ။ မောင်မိုးရိပ်ကို ကျေးဇူးတင်ပါတယ်ကွယ်၊ ဒီလိုပဲကွဲ့ သမီးလေးက ရှုပ်ပြာရှုပ်ပြာနဲ့ သူ လှေကားပေါ်က ပြုတ်ကျတုန်းက မောင်မိုးရိပ် ဆေးရုံကိုပို့ပေးတာ ကျေးဇူးတင်တဲ့အကြောင်း တဖွဖွ ပြောနေတယ်"

မိုးရိပ်နှင့်လှူမြတ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိသည်။ အန်တီကြီး၏စကားအသွားအလာကို နားထောင်ရတာ အခြေအနေကို သိပုံမရ။ မိုးရိပ်အပြစ်တွေကို ဖုံးကွယ်ထားပုံရသည်။

"ကဲ ... ဝင်သွားကြလေ သမီးသူငယ်ချင်းတွေလည်း ရောက်နေကြတယ်"

"ဟုတ် ... ဟုတ်ကဲ့"

မိုးရိပ်နှင့်လှူမြတ် အန်တီကြီးရှေ့တွင် ရိုကျိုးစွာ ခေါင်းငုံ့၍ ဖြတ်လျှောက်ပြီး ရွှေလက်ာအခန်းထဲသို့ ဝင်ခဲ့ကြ၏။ ခေါင်းတွင် ပတ်တီးဖြူဖြူလေးနှင့် ရွှေလက်ာ၊ နှင်းပွင့်ဖြူနှင့်နီလာဝေက မကြည်သော မျက်လုံးတွေနှင့် မိုးရိပ်ကို ကြည့်နေကြသည်။

"ရွှေလက်ာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေလက်ာနားသို့ တိုးကပ်၍ ခပ်ဖွဖွ ခေါ်လိုက်သည်။

"မိုးရိပ်"

"ငါ့ကို ခွင့်လွှတ်ပါ ရွှေလက်ာရယ်"

"ငါ ဘယ်တုန်းကမှ နင့်ကို အပြစ်မမြင်ခဲ့ပါဘူးဟာ"

ရွှေလက်ာအသံသည် မြူးကြွသွက်လက်ခြင်း အလျှင်းမရှိတော့။ မိုးရိပ်နှလုံးသားတွင် သနားစိတ်တွေ အလိုလိုပေါ်လာတော့၏။

"နင့်ခေါင်းက ဒဏ်ရာသက်သာရဲ့လား"

"အသက်နဲ့ အဝေးကြီးပါ"

"ငါ့ကို စိတ်ဆိုးနေလားဟင်"

"ငါမှားခဲ့တဲ့အပြစ်တွေအတွက် တန်ပြန်မှု ရလာခဲ့တာပဲ ငါ ကျေနပ်ပါတယ်"

"ဒီလိုတော့ မပြောပါနဲ့ ရွှေလက်ာရယ်။ ငါလည်း မှားခဲ့တာပဲ"

မိုးရိပ်ကိုကြည့်သော ရွှေလက်ာမျက်လုံးအစုံသည် စူးရှတောက်ပလာ၏။ မိုးရိပ်စိတ်ထဲတွင်လည်း ကပိုကရိုလေးကျနေသော ရွှေလက်ာ့နဖူးမှ ဆံစလေးများကို သပ်တင်ပေးချင်မိလာသလိုလို။ သို့သော် ... မိုးသက်လေပြင်းက ငြိမ်သက်စပဲ ရှိသေးသည်လေ။

"ဒါဆို နင်နဲ့ငါနဲ့ ကျေပြီနော်"





"အင်း"

မိုးရိပ် ခေါင်းညိတ်ပြတော့ ရွှေလက်ာ လက်ညှိုးလေးနှင့် လက်ခလယ်လေးကို ကွင်းပေးလိုက်၏။ ထိုကွင်းလေးနှစ်ချောင်းကို မိုးရိပ်က ဖိ၍ ပူးပေးလိုက်လေလျှင် သူတို့နှစ်ဦးနှင့်အတူ သူငယ်ချင်းများပါ ရယ်မိကြလေသည်။

"အနားမှာ သူငယ်ချင်းတွေပါ ရှိသေးလားလို့ သတိရဦးနော်"

ခပ်မင်ရင်းနှီးမှုလေးရေသည်နှင့် ထုံးစံအတိုင်း နှင်းပွင့်ဖြူပါးစပ်သည်းကမ်းပျက်လာလေ၏။ လူမြတ်က ဆက်၍ ...

"နှလုံးသားတံခါးဝင်လက်မှတ်ရတာလေ ... ဟဲ ဟဲ"

"မင်းကလည်း ကောင်းကင်က ကြည်လင်ရုံပဲ ရှိသေးတာ ဆေးပြည်က သွေးတော့မယ်"

"သူတို့က စဖို့ပဲ ချောင်းနေကြတာ မိုးရိပ်ရဲ့"

"မချောင်းပါဘူးဟာ ... မြောင်းမြက ငါးပူတင်း"

"ဟဲ့ ... နီလာ"

ရွှေလက်ာ အသံစူးစူးကြောင့် နီလာဝေပါးစပ်ကို လက်ဝါးနှင့်ပိတ်၍ တဟိဟိရယ်လေသည်။ ရွှေလက်ာ တစ်ချိန်က မိုးရိပ်ကို ငါးပူတင်းလေမှတ်ထားတဲ့ရုပ်လို့ ပြောခဲ့မိတာကို ပြန်၍ အစဖော်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နီလာ . . . ဘာတဲ့ ဗိုက်ပူနံကား၊ သွားခေါ်ခေါ်နဲ့ ဆိုး လား . . . ဟား ဟား"

ရွှေလက်ာ ခုမှပင် မိတ်မလုံစွာ ရယ်ကျဲကျဲလုပ်နေသည်။ မိုးရိပ်နှင့်လူမြတ်ကတော့ ဘာမှနားလည်စွာနှင့် ခပ်တည်တည်ပဲ နေ တော့မလို ရောယောင်၍ပင် လိုက်ရယ်ရတော့မလို ဖြစ်နေ၏။

"နှင်တို့ကလည်း ဘာတွေရယ်နေကြတာလဲ၊ ရယ်စရာရှိရင် ငါတို့ကိုလည်း လက်ကုတ်ပါဟ"

"နှင့်မှာ ဝဲပေါက်နေလို့လား လူမြတ်"

"ဝဲအစ လက်ခွတဲ့။ ငါ့မှာက နှလုံးသားက စပေါက်တာ ဝဲမှ ဖြူဖြူပွင့်လေး"

အစအနောက်သန်သူတွေပီပီ လူမြတ်မြားဦးက နှင်းပွင့်ဖြူ ဘက်သို့ လှည့်သွားလေသည်။ ဒါကို အကင်းပါးသော နှင်းပွင့်ဖြူက လူမြတ်ကို မျက်စောင်းခဲ၍ လက်ဝါးကိုထောင်ပြလေလျှင် . . .

"နှင့်ကို လက်ဆုပ်လက်ကိုင်ယောက်ျားမရှိ၊ အပျိုဆိုတာ လက်ဝါးထောင်မပြလည်း သိပြီးသား"

"နှင်းပွင့် လူမြတ်ကတော့ နှင့်ကို ချိန်နေပြီနော်၊ ချိန်ခွင်ထဲ မှာ နင်တက်ထိုင်ဖို့ပဲ ရှိတော့တယ်"

"ရွှေလက်ာနော် လူမမာ . . . လူမမာလိုမနေဘူး"





"ရှက်နေပြီလား ကောင်မလေး"

"နှင် ငါ့ကိုပဲ စနေ၊ နှင့်ဘေးနားက ရာဇဗြိုလ်ကိုလည်း လှည့်ကြည့်ဦးလေ"

နှင်းပွင့်ဖြူ ပြောမှပင် ရွှေလက်ာ လှည့်ကြည့်မိ၏။ မိုးရိပ်က သူမကို စောင့်ကြည့်နေသည်။ သူမ လှည့်ကြည့်မှပင် မျက်လွှာချသွား လေတော့ . . .

"ဘာကြည့်တာလဲ"

"ဟိုလေ နှင်က အရင်တုန်းက ငါ့မျက်စိထဲမှာ ကြက်တူရွေး နဲ့ တူသလားလို့၊ ခုတော့လည်း မဆိုးပါဘူး"

"ဘာမဆိုးတာလဲ"

"နှင့်ကို လှတယ်လို ပြောတာဟ ရှင်းပြီလား"

လူမြတ် ထအော်တော့ မိုးရိပ် လူမြတ်ပခုံးကို မနာအောင် လက်သီးနှင့် ခပ်ဖွဖွ ထိုးလိုက်လေ၏။

"ဟဲ့ . . . ကလေးတွေ ဘယ်လိုဖြစ်နေကြတာလဲ"

အသံကြားရာသို့ အားလုံးလှည့်ကြည့်လိုက်တော့ . . . ရွှေလက်ာဒေါ်လေး ပြန်ဝင်လာခြင်းပင်။ အားလုံး ငြိမ်ကုပ်၍ သွား ကြလေ၏။

"သမီးသူငယ်ချင်းတွေက တော်တော်ပျော်တတ်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ငှက်ပျောသီးလိုပဲ တစ်ခါတလေ အမျှော်လွန်လို့ ပြုတောင်ကျတတ်ပါသေးတယ်"

မိုးရိပ် လှုမြတ်ကို ကံ့ကော်ပင်နှင့် တူတတ်လိုက်၏။

"သြော် . . . ဒေါ်လေး ကိုကို ဘာဖြစ်လို့ မလာတာလဲ"

"သမီးရယ် . . . သမီးကိုကိုက မျက်မမြင်တစ်ယောက်ဆိုတာ မမေ့နဲ့ဦးလေ။ လာချင်လွန်းလို့မှ ဖင်မထိုင်နိုင်ရှာဘူး။ သမီး ဘာမှ မဖြစ်ပါဘူးဆိုတာတောင် မယုံချင်ဘူး။ ညနေလာလိမ့်မယ် စိတ်ချ မနေ့ကလည်း ဒေါ်လေးတားနေတဲ့ကြားက လာတာသာကြည့်လေ"

"ရွှေလက်ာကို ကိုကို သိပ်ချစ်တယ်ဆိုတာ ရွှေလက်ာ ယုံပါတယ်"

"ပြေးကြည့်မှ ဒီညီမလေးတစ်ယောက်ပဲ ရှိတာလေကွယ်"

ရွှေလက်ာ တွေခနဲ ဖြစ်သွားရ၏။ အကြောင်းအရာတစ်ခုကို စဉ်းစားမိသွားသောကြောင့်ပါ။ ကလေးဘဝက ကလေးအတွေးနှင့်မို့ သူမ တစ်ယောက်တည်းမှလွဲ၍ ကိုကို သူများကိုချစ်မှာ အရမ်းစိုးရိမ်ခဲ့သည်။ ဒါကြောင့် ကိုကို မိန်းမ မယူရဟု တားမြစ်ခဲ့ဖူးသည်။ တစ်ချိန်က ရွှေလက်ာမှာသာ ခုလို ကိုယ်ချင်းစာတရားတွေ ရှိတတ်ခဲ့ရင် ကိုကို မျက်မမြင်ဒုက္ခိတဘဝ ရောက်ခဲ့မှာမဟုတ်။ ညရိပ်မောင်ဆိုသည့် မမသည်လည်း အသက်ဆုံးရှုံးခဲ့ရမှာမဟုတ်။ အခုအချိန်ကျမှ





နောင်လွတ်ပါ တောင်းပန်နေရင်လည်း ဝေဒနာတွေကို ထိုးဆွပေးသလိုသာ ဖြစ်ပေလိမ့်မည်။ နောင်တစ်ချိန်မှာ ကိုကို့အတွက် ချစ်ရမယ့်သူ တွေ့ခဲ့ရင် ရွှေလက်ာ တားဆီးပိတ်ပင်ခြင်း မပြုတော့ဟု ဆုံးဖြတ်ထားသည်လေ။

မမညရိပ်မောင်ကလွဲရင် သူ့နှလုံးသားတွင် အစားထိုးရန်မရှိဟု ကြွေးကြော်ထားသော ကိုကိုတစ်ယောက် မေတ္တာအစစ်နှင့် အချစ်စစ်ကို ရှာဖွေတွေ့ရှိနိုင်ပါစေလို့ပဲ ရွှေလက်ာ ဆုတောင်းနေမိသည်မှအပ အခြားမတတ်နိုင်။

"ရွှေလက်ာ"

"ဟင်"

"ငိုင်လှချည်လား"

"အဟင်း"

ငိုင်တွေနေသော ရွှေလက်ာ၊ မိုးရိပ်ခေါ်မှပင် စိတ်နှင့်ကိုယ် ပြန်လည်၍ တစ်ထပ်တည်း ကျလေတော့၏။

"ဆောရီး မိုးရိပ်၊ ငါ ကိုကို့အကြောင်း တွေးမိသွားလို့"

"ငါ ပြန်တော့မယ်"

"ပြန်လေ . . . နောက်ထပ်လာဦးမှာလား"

"ဟုတ်ကဲ့ . . . ကျွန်တော် တစ်နေ့တစ်ခေါက် မှန်မှန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာပါ့မယ် ခင်ဗျာ''

မိုးရိပ်က ကျောင်းသားတစ်ဦးသဖွယ် လက်ပိုက်၍ ပြောသည်မို့ အားလုံးရယ်ကြလေသည်။ ရွှေလက်ာကို နှုတ်ဆက်ကာ ပြန်ခဲ့လေတော့ ရင်ထဲမှာ ပေါ့ပါးခြင်းတို့နှင့် ...။

❋ ❋ ❋



## အခန်း (၉)

လောကဇာတ်ခုံပေါ်တွင် သွားလာလှုပ်ရှားလူအများသည် အချစ်ဟူသည့်အရာနှင့် ကင်းကွာသူမရှိ။ သံယောဇဉ်နှောင်ကြိုးတွေ ရစ်ပတ်နှောင်ဖွဲ့ကာ မွေးဖွားလာပြီး သံယောဇဉ်သည် ကြိုးတွေကိုပင် ဖြတ်တောက်၍ ပြန်လည်ထွက်ခွာကြရသည်။ သနီဆိုသောလူတစ်ယောက်သည်လည်း မိမိ၏သံယောဇဉ်နှောင်ကြိုးတွေကြားမှ ရုန်းထွက်သွားသော ချစ်သူကို ပြန်လည်တမ်းတရင်း ပန်းချီကားတစ်ချပ်ကို လက်နှင့်စမ်း၍ အတိတ်ကို လွမ်းမောနေမိ၏။

''ညရိပ်ရယ် မင်းမရှိတော့တဲ့ အစ်ကို့ဘဝမှာ အပျော်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လေဟာပြင်ထဲမှာ ပျောက်ကွယ်သွားတဲ့ မြူမှုံလေးတွေလိုပါဲ
နောက်ဆုံးတော့ ငိုချင်းရှည်နဲ့ အဆုံးသတ်ခဲ့ရတဲ့ အစ်ကို့အဖြစ်
တမလွန်ကနေ ညရိပ်ကြည့်ပြီး ကျေနပ်နေသလား''

ကော်ဖီပန်းကန့်ကိုကိုင်၍ ဝင်လာသောလရိပ်သည် တိုးညှင်
သောစကားသံကြောင့် ခြေဖွ၍ လျှောက်ခဲ့မိသည်။ အလွန်နားပါးသော
သခ်ီ သည်တစ်ခါတော့ အတွေးရေယာဉ်ကြောမှာ မျောနေသည်
မိမိအနားသို့ တစ်စုံတစ်ယောက် ရောက်ရှိနေသည်ကို မသိလိုက်

''ညရိပ်ကို အစ်ကိုသိပ်ချစ်တယ်။ အစ်ကို့ကို ဘာဖြစ်
မင်းနဲ့အတူ ခေါ်မသွားခဲ့တာလဲ။ လာခေါ်လှည့်ပါ ညရိပ်ရယ်''

သခ်ီ ညရိပ်၏ပုံတူပန်းချီကားကို မျက်နှာနှင့်အပ်ပြီး ငိုကြွေ
နေသည်။ လရိပ် ဘာလုပ်ရမလဲ။ သူမထင်ထားခဲ့သည့် သခ်ီသည်
မမအပေါ်မှာ ရက်စက်ခဲ့သူ၊ ပန်းကောင်းအညွန့်ချိုးခဲ့သူဟု ယူဆ၍
အငြိုးကြီးစွာနှင့် လက်စားချေရန် သခ်ီ အနားသို့ ချဉ်းကပ်ခဲ့ခြင်းပါ
အခုတော့ အထင်နှင့်အမြင်တို့သည် တက်တက်စင်အောင် လွဲနေပြီ
ဦး မမအပေါ်မှာ ဘယ်လောက်ချစ်သည်၊ သစ္စာရှိသည်ဆိုတာက်
အနေနီးမှ သိမြင်လာခဲ့၏။

''ဦး''

သူမ ဦးပခုံးကို ညင်သာစွာ ဆုပ်ကိုင်၍ ခေါ်လိုက်သည်။





သခ်ီ ဖြည်းညင်းစွာ ခေါင်းမော့လာပြီး မျက်ဝန်းမှ မျက်ရည်များကို
သုတ်ပစ်လိုက်၏။

''ဘာဖြစ်လို့ အသံမပေးဘဲ ဝင်လာတာလဲ လရိပ်''

''လရိပ်ကြောင့် အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ပါ''

''ဒါဆို ငါငိုနေတာ မြင်သွားပြီပေါ့''

''ဦးရဲ့မျက်ရည်တွေဟာ လရိပ်အတွက် ဟာသမဖြစ်ခဲ့ပါဘူး။
အမှောင်ရိပ်ကျတဲ့ လရိပ်ရဲ့နှလုံးသားကို အလင်းရောင်ဆမ်းပေးတဲ့
ကောင်းကင်မျက်နှာပြင်ပေါ်က လမင်းရဲ့အပြုံးပါ ဦး''

အမုန်းကြီးမုန်း၍ အငြိုးဖွဲ့မာန်ဆင်လာသော လရိပ်၏မုန်း
မာန်စွယ်တို့သည်လည်း သစ္စာရှင်၏ကျိန်ဆိုစကားကြောင့် အပိုင်းပိုင်း
ကျိုးကြေခဲ့ရလေပြီ။

''နှင် ငါ့အကြောင်းတွေ ဘယ်လောက်သိထားလဲ လရိပ်''

''လရိပ် အရင်က သိတာတော့ ဦးက မညရိပ်မောင်အပေါ်
မှာ ရက်စက်ယုတ်မာတယ်လို့ပဲ သိထားခဲ့တာ''

''ခုရော''

''ခုတော့ ဦးရဲ့သစ္စာမေတ္တာတွေကို အကြွင်းမဲ့ လေးစားသွား
မိတယ်။ တမလွန်က မညရိပ်မောင် သိရင်လည်း ကျေနပ်မှာပါ''

''နှင် ငါ့အကြောင်းတွေကို အချိန်ဘယ်လောက်ကြာအောင်



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းခဲ့လဲ''

''လရိပ် . . . ဒီအိမ်စရောက်ကတည်းကပါ''

''ဪ''

ဪတစ်လုံးနှင့်ပင် စကားစပြတ်တောက်သွားလေ၏။ သခ်ီ ရင်ထဲမှာ ချစ်သူကို သတိရလွန်းသောစိတ်တွေနှင့် မွန်းကျပ်နေသည်။ ညရိပ်သေဆုံးသွားပြီးနောက် သူ့ဘဝသည် အထီးကျန်ဆန်သော တပေါင်းနွေ။ ကာလကြာရှည်စွာ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်၍ မေ့ပျောက်နိုင်အောင် ကြိုးစားခဲ့သော်လည်း လရိပ်၏အသံ/လရိပ်၏အပြောအဆို လှုပ်ရှားမှုတွေက သူ့နှလုံးသားတွေကို အခါခါ လှုပ်နှိုးနေခဲ့သည်။ မျက်မမြင်မို့ လရိပ်မျက်နှာအနေအထားကို မသိပေမယ့် တစ်ခါတလေ သူ့ဘေးမှာ လရိပ်ရှိနေလျှင် ညရိပ်ရှိနေသလို သူ ခံစားရသည်။

''ဦး''

''ဟင်''

''လရိပ် တစ်ခုမေးမယ်နော်''

''မေးလေ''

''ဦး စိတ်ဆိုးမှာစိုးလို့''

သခ်ီ ပြုံးမိပါသည်။ သူစိတ်ဆိုးမှာ ကြောက်နေပုံလေးက ပင် ညရိပ်၏လေယူလေသိမ်းနှင့် တူနေပြန်၏။





''မေးကြည့်လေ''

''လရိပ်ကို စပ်စုတယ်လို့တော့ မထင်ပါနဲ့''

''အင်း''

''ဟိုလေ . . . ဦး မမညရိပ်ကို တကယ်ချစ်ခဲ့တာလားဟင်''

''နှုတ်ကအဖြေထက် ပိုပြီးရုပ်လုံးကြွစေတာက မျက်လုံး အမူအရာပဲ လရိပ်''

လရိပ် တွေဝေငေးမောစွာ မမပုံရိပ်ကို လှမ်းမျှော်ကြည့် သည်။ အပြုံးလေးနှင့် သူမကို ပြန်ကြည့်ကာပင် သူမချစ်သူကို ခွင့်လွှတ်ပေးဖို့ တောင်းဆိုနေသလိုလို။

''ဒါဆို လရိပ် အရမ်းမှားသွားပြီပေါ့''

''ဘာကိုလဲ လရိပ်''

''လရိပ်ကို ခွင့်လွှတ်ပါ ဦးရယ်''

''လရိပ်က ဘာတွေမှားလို့ ဦးက ဘာတွေကို ခွင့်လွှတ်ရ မှာလဲ''

လရိပ် အမှန်အတိုင်းပြောဖို့ ဆုံးဖြတ်လိုက်သည်။ တစ်ဖက် သတ်အမြင်နှင့် အမုန်းတွေ ချည်ထားခဲ့သမျှ ပြည့်ဖုံးကာ ချပစ်ပါ တော့မည်။ မမအပေါ်မှာ သစ္စာရှိမြဲစွာနှင့် ချစ်ခဲ့သည့် ဦးရဲ့မေတ္တာ ရေစီးသံတွေ ကြားရတော့ လရိပ်နှလုံးသားတို့သည် အညာမခိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com

"အခုချိန်ရောက်မှတော့ လရိပ်ဖုံးကွယ်မနေချင်တော့ပါဘူး ဦးရယ်၊ ဦးတားရင်လည်း နေ၊ သတ်ရင်လည်း သေဆိုတာမျိုးပေါ့"

"ရှင်းရှင်းပဲပြောပါ လရိပ်၊ မင်းနဲ့ ညရိပ် ဘယ်လိုပတ်သက်နေလဲ"

"လရိပ်က ... လရိပ်က ညရိပ်မောင်ရဲ့ညီမ လရိပ်မောင်ပါ"

"ဩော် ... ဒါကြောင့်ကိုး"

သခါအသံသည် တိုးတိတ်စွာ တိမ်ဝင်သွားလေ၏။ ထို့ကြောင့် အသိုက်ပျက်ခဲ့ရသော ငှက်ကလေးတစ်ကောင်သည် သူ့ထံ တုံ့ပြန်ဖို့ ရောက်လာခဲ့သည်ပဲ။

"ဦးကို အထင်လွဲပြီး လက်စားချေဖို့ ကြိုးစားမိတဲ့အတွက် လရိပ်ကို ခွင့်လွှတ်ပါ"

"သိလျက်နဲ့ မှားခဲ့တဲ့အမှားကို ခွင့်မလွှတ်နိုင်ကြပေမယ့် မသိလို့ မှားတဲ့သူကို အပြစ်ဖွဲ့ယူဖို့မှ မသင့်တော်တာ"

"ကျေးဇူးတင်ပါတယ် ဦးရယ်၊ မမအပေါ် သစ္စာရှိခဲ့တာရော၊ လရိပ်ကို ခွင့်လွှတ်ပေးတာရော အတွက်ပေါ့။ ဦးကို လရိပ် နောက်ဆုံးအကြိမ် ဒီကော်ဖီလေးနဲ့ ဆေးတိုက်ပြီး နှုတ်ဆက်ပါရစေ"

နှုတ်ဆက်သည်ဟူသောစကားကြောင့် သခါလှုပ်လှုပ်ရှားရှား





ဖြစ်သွား၏။ လက်ထဲမှ ပန်းချီကားကို စမ်းတဝါးဝါးနှင့်တင်ရင်း ...

"နင် ဘယ်သွားမလို့လဲ လရိပ်"

"လရိပ်ဘဝအမှန်ကို ဦးသိသွားမှတော့ ဦးဘေးနားမှာ လရိပ် နေသင့်တော့ဘူးလေ"

"လရိပ်"

"ရှင်"

"ညည်း ဘယ်မှမသွားရဘူး။ ညည်းက လရိပ်ရဲ့ညီမ ဖြစ်နေတဲ့အတွက် သွားချင်ရာ သွားခွင့်မပြုနိုင်ဘူး။ ညရိပ်ကိုယ်စား ညည်းကို ငါ စောင့်ရှောက်ရမယ့်တာဝန်ရှိတယ်"

နင်နဲ့ငါ သုံးနေရင်းမှ ညည်းဆိုသောနမ်စားက ဘယ်က ဝင်လာသည်မသိ။

"ဦးက ခွင့်လွှတ်နိုင်ပေမယ့်"

လရိပ်စကားမဆုံးမီ သခါ လက်ကာပြလိုက်၏။

"ရွှေလက်ာအတွက် ဦးတာဝန်ယူတယ်။ ဦးကို သူ နားလည်ပေးနိုင်မှာပါ"

လရိပ် နှုတ်ခမ်းထောင့်လေးကွေးသွားအောင် ပြုံးလိုက်သည်။ သူတို့၏စကားသံကြောင့် သခါ့အခန်းထဲသို့ ဦးတည်၍ လာနေသော ခြေလှမ်းအစုံသည် ခေတ္တမျှ တုံ့ဆိုင်းသွားလေ၏။ အတွေးတွေက



www.burmeseclassic.com

www.burmeseclassic.com



ကာစဉ်ကလျှားရယ်ပါ။

"ကိုကိုနဲ့လရိပ်တို့ရဲ့ဆက်ဆံရေးက တစ်မျိုးပါလား။ သုံး နှစ်ယောက် ... အို ဒီတစ်ခါတော့ ဘာပဲဖြစ်ဖြစ် ရွှေလက်ာ ကိုကိုနဲ့ နားလည်ပေးရမှာပေါ့။ ဆင်းရဲတာကလွဲရင် ကိုကို့အတွက် အသင့် တော်ဆုံး မိန်းကလေးပါလေ။ ကိုကို့နှလုံးသားလေး ပြန်လည်ရှင်သန် လာရင်ပဲ ရွှေလက်ာ ကျေနပ်မိပါတယ်"

ရွှေလက်ာ ခြေလှမ်းကို နောက်ကြောင်းပြန်လှည့်လိုက်ပေ ကိုကိုနှင့်လရိပ်တို့ ကြည်နူးနေတာကို မြင်ရတော့ မိုးရိပ်ကို ပြေးသတိ ရမိသည်။ စတင်တွေ့ဆုံတုန်းက မတည့်ကြပေမယ့် ရွှေလက်ာ ခေါ်း ကွဲပြီးကတည်းက ... ကျေအေးလက်မှတ်ရကာ အရင်းနှီးဆုံးသူငယ် ချင်းတွေအဖြစ် တစ်နှစ်လုံး တွဲခဲ့ကြတာ။ ခုလို ကျောင်းပိတ်ရက်တွေ မှာ သူမ မိုးရိပ်ကို သတိရနေမိသည်။

ဘာကြောင့်လဲကွယ် နာရီလက်တံတွေကို ရွှေ့ပေးလို့ ရက်တွေသာ ကုန်မယ်ဆိုရင် ရွှေလက်ာ ရွှေ့ပေးလိုက်ချင်ရဲ့။ ကျောင်း ရယ် ... မြန်မြန်ဖွင့်ပါတော့လား။

❋ ❋ ❋



## အခန်း (၁၀)

အချိန်နှင့်ဒီရေသည် လူကိုမစောင့်။ အချိန်တွေ တိမ်တွေလို တရွေ့ရွေ့ ပြေးလွှားနေသည်နှင့်အမျှ ကာလတို့သည် ရက်များစွာကို ဖြတ်ကျော်၍လာခဲ့ပြီ။ မိုးရိပ်တို့အုပ်စုသည် စက်မှုတက္ကသိုလ် ဒုတိယ နှစ်တွင် ပြန်လည်ဆုံစည်းကြပြန်၏။

"မိုးရိပ်"

ခေါ်သံနှင့်အတူ ရဲကျော် လွတ်နေသောခုံတွင် ဝင်ထိုင်ရင်း မိုးရိပ်ရှေ့မှ လက်ဖက်ရည်ပန်းကန်ကို ဆွဲယူ၍ သောက်ပစ်လိုက်၏။

"ဟာ ... ဟေ့ကောင် အချိန်ဘယ်လောက်ကြာအောင်



www.burmeseclassic.com

www.burmeseclassic.com



တော်ပြတ်လာတယ်မသိဘူး"

"ဟား ဟား ... မင်းမသိဘူးလား မိုးရိပ်၊ သူ့ခမျာ တစ်နေ့လုံး ငတ်နေလို့ ဘုရားတွေမှာတောင် လိုက်တောင်းနေတာ"

"မင်းက သူတောင်းစားကိုဏ်းချုပ်လား"

"မများပါဘူး၊ သုံးချိုး နှစ်ချိုးပဲ ယူတာ ... ဟာ ငါတောင် ယောင်ကုန်ပြီ"

"ရွှေလက်ာတို့များ မတွေ့မိဘူးလား"

"မင်းကလည်း လူလား၊ ခွေးလား ပေးစမ်း ဆေးတဝါး ဖြစ်နေပြီ"

လူမြတ်စကားကြောင့် အားလုံးရယ်မိကြလေသည်။

"မျှော်တော်မောင် မင်းသားလေးကွ"

မျှော် ××× မျှော်လေတိုင်း ××× မှိုင်း ××× မှိုင်းရယ်ညှို့ ××× ပြန်ရက်ကို ×××

"တွံ့တေးဘီးသံကွ"

"တွံ့တေးက လှည်းဘီးသံလား"

ရယ်မောပြောဆိုကြရင်း သိပ်မကြာပါ။ ရွှေလက်ာတို့အဖွဲ့ ရောက်လာကြပြီး ...

"ဟိတ် ... ဘာတွေပြောပြီး ရယ်နေကြတာလဲ"





"ဒီမှာလေ ဘီးသံ ... အဲလေ မဟုတ်ပါဘူး။ မျှော်တော်မောင် ... မျှော်တောင်မောင်မင်းသားအကြောင်း ပြောနေတာ"

"ဘယ်သူလဲ"

"မိုးရိပ်ပေါ့"

"ဟင် ... မိုးရိပ်က ဘယ်သူ့ကို မျှော်နေတာလဲ"

"ဘယ်သူရှိဦးမှာလဲ ... ရွှေ"

"ဟော့ကောင်"

မိုးရိပ်က ရဲကျော်ပါးစပ်ကို လှမ်းပိတ်လေ၏။ ဒီကောင်တွေနဲ့တော့ ခက်ပါတယ်။ ပွင့်လင်းတိုင်း ကောင်းတာမှ မဟုတ်တာ။ သူကတော့ သိသာသိစေ မမြင်စေနဲ့ဆိုတာမျိုးပေါ့။ ကွယ်ရာမှာစတာ ဘာမှမရှိပေမယ့် ရှေ့တင်ကျတော့ ရွှေလက်ာက မိန်းကလေးလေ။

"ဘာလဲ ဆက်ပြောလေ ရဲကျော်ရဲ့"

"ဒီမှာ ပါးစပ်ကို လိုက်ပိတ်နေတာ မတွေ့ဘူးလား"

"မိုးရိပ်"

"ဟင်"

"နင်က သူ့ပါးစပ်ကို ဘာလို့လိုက်ပိတ်နေတာလဲ"

"နင်မသိပါဘူး။ ဒီကောင့်ပါးစပ်က စည်းမရှိ၊ ကမ်းမရှိနဲ့ ထမ်းဘိုးအမှိုက်ပုံမှာ မစင်စွန့်တဲ့ ခွေးရဲ့ဟိုဟာနဲ့တူလို့"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း"

မိန်းကလေးတွေ မျက်နှာ ဟိုလွှဲ ဒီလွှဲဖြစ်ကုန်ကြလေလျှင်

"မင်းစကားကလည်း မိုးရိပ်ရာ ... မိုက်ရိုင်းတဲ့စကားဆို ဘာသောက်တစ်ခွန်းမှမပြောဘူးဆိုတာမျိုးပဲ၊ ပြောလိုက်တဲ့စကားက မိန်းကလေးတွေ ရှက်ကုန်ပြီ"

"အဲ ... ဆောရီး ... ဆောရီး။ အားလုံးကို ငါ တောင်းပန်ပါတယ်"

"ရပါတယ်"

ခပ်တိုးတိုးအသံထွက်လာသည်က ရွှေလက်ာနှုတ်ခမ်းမှပါ။ မိုးရိပ် သူမကို ကြည့်လိုက်တာနှင့် အကြည့်ချင်းဆုံသွားကြစဉ် ရင်ဝမှာ ဒိန်းခနဲ ဆောင့်ခုန်သွား၏။ ဒါ ... ဘာဖြစ်တာလဲ။

"ဟော့ကောင် မိုးရိပ်"

"ပြော"

"စောစောကတော့ တရွှေတည်း ရွှေပြီး တစ်လက်ာတည်း လက်ာ မေးနေတာ၊ အခု မင်းရှေ့မှာ ရောက်နေပြီလေကွာ၊ ဘာပြော စရာရှိလို့လဲ ပြောလေ"

"ဟ ... သူငယ်ချင်းတွေပဲဥစ္စာ။ မေးမိတာ ဆန်းသလား"

"မသိဘူးလေ။ မင်း ဆန်းများ ဆန်းချင်နေသလားလို့"





"ကျွတ်"

မိုးရိပ် ပြောရခက်တဲ့ သူငယ်ချင်းတွေကြောင့် ခေါင်းကိုသာ ကုတ်မိတော့၏။ နောက်တော့ ...

"ရွှေလက်ာ"

"ဟင်"

"နင်နဲ့ငါ ဒီကောင်တွေရှေ့မှာရှိနေရင် စလို့ဆုံးမှာမဟုတ် တော့ဘူး။ အဲဒီတော့ ..."

"အဲဒီတော့ ဘာဖြစ်လဲ"

"နင် ငါနဲ့လိုက်ခဲ့ လာ"

"ဟင်"

"ဟာ ... ဟော့ကောင်"

သူငယ်ချင်းတွေ တားတာကို နားမထောင်တော့ဘဲ မိုးရိပ် တစ်ယောက် ရွှေလက်ာလက်ကို ဆွဲခေါ်လာခဲ့တော့သည်။ ဒါတော့ သူငယ်ချင်းတွေပဲလေ။ ဒီလိုအခွင့်အရေးတော့ ရှိသည်ထင်ပါရဲ့။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

တွဲသွားတွဲလာရက်တွေကြာတော့ သမုဒယနှောင်ကြိုး ရှင်မှာဝိုးလို့ တစ်နေ့တစ်ရက် မေ့ဖို့ကလည်း ခက်လှ၏။ ရှည်းစားထားရတာ သီချင်းတစ်ပုဒ် အော်ဆိုရတာလောက် အရသာမရှိဟု ကြွေးကြော်ခဲ့ဘူးသော မိုးရိပ်မောင်၏နှလုံးသားသည် ကျောက်ဖြစ်ရုပ်ကြွင်း မဟုတ်ခဲ့လေတော့ လေပြည်သွားရာ မွေးပျံ့ရှာသည်မှာ မဆန်းလှပေ။

"မိုးရိပ်"

"ဟင်"

"နင် ဘယ်ကိုမောင်းနေတာလဲ"

"ကမ္ဘာ့အပြင်ဘက်ကို"





"ကဲဟယ်"

"ဒေါက်"

"အား"

ရွှေလက်ာ ကောင်းကောင်းမေးသော်လည်း မိုးရိပ်က ကောင်းကောင်းမဖြေသဖြင့် ခေါင်းကို ပိတ်ခေါက်ပစ်လိုက်၏။

"ရက်စက်တယ်ဟာ"

"နင် ကောင်းကောင်းဖြေပါလား"

"ဘယ်သူက ကွေ့ကောက်ပြီး ဖြေလို့လဲ"

"တော်ပြီဟာ . . . မပြောတော့ဘူး"

ရွှေလက်ာ စိတ်ကောက်သွားလေသည်။ တကယ်ပင် စကားမပြောတော့။ သည်လိုကျတော့လည်း မိုးရိပ် မနေတတ်ပြန်။ လူရှင်းသော နေရာလေးတွင် ကားကို ရပ်လိုက်၏။ ပြီး . . . ရွှေလက်ာမျက်နှာကို ကြည့်၍ စလေသည်။

"အံမယ် . . . အံမယ် ရုပ်ကြီးက ရုပ်ကြီးက စိတ်ကောက်နေတာလား။ မားစီးဒီးကား စီးမလား။ ဝက်သားတုတ်ထိုး စားမလား"

ရွှေလက်ာ နှုတ်ခမ်းစူ၍ တစ်ဖက်သို့ လှည့်သွားလေ၏။

"ပြောမရဘူးလား"

"မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမရရင်"

မိုးရိပ်တစ်ယောက် ရွှေလက်ာခြေထောက်မှ ကြိုးသိုင်းခုံဖြင့် ဖိနပ်ကို ဆွဲချွတ်လေ၏။

"ဘာလုပ်တာလဲ မိုးရိပ်"

မိုးရိပ်က ဘာမှပြန်မပြော။ ဖိနပ်ကို ချွတ်ကာ ရွှေလက်ာ ခြေထောက်ကို လက်သည်းနှင့် ကုတ်လေသဖြင့်။

"မိုးရိပ် ယားတယ်ဟ ... မိုးရိပ် မလုပ်နဲ့"

ရွှေလက်ာ မနေနိုင်တော့။ တခစ်ခစ်ရယ်ကာ မိုးရိပ်ကျောပြင်ကို ထုလေသည်တွင် ...

"ကဲ ... ဘယ့်နှယ်ရှိသေးလဲ"

"ကလေးကျင့် ကလေးကြံနဲ့ သိပ်မုန်းဖို့ကောင်းတာပဲ"

ရွှေလက်ာ မျက်စောင်းဝင့်၍ဆိုတော့ မိုးရိပ် ပြုံးစိစိဖြစ်သွား၏။

"အမုန်းရဲ့နောက်ကွယ်မှာ ဘာရှိလဲ"

"ဘာမှမရှိဘူး"

"ညာရင် သွားကျိုးတတ်တယ်"

"ကျိုးပစေပေါ့"

"ငါ ထမင်းဝါးမခွံ့နိုင်ဘူး"





"မိုးရိပ် ... နင် ဒီနေ့ ဘာဖြစ်နေတာလဲ သိပ်အူမြူးနေတယ် ပေါ့"

မိုးရိပ် မရှိုးမရှည်မျက်နှာပေးနှင့် မေးထောက်ကာ ရွှေလက်ာ မျက်နှာကို ကြည့်နေသည်။ ရွှေလက်ာမနေတတ်တော့။ ရှက်သွေး ဖြာနေသော မျက်နှာလေးနှင့် ခေါင်းငုံ့သွားလေကာ ထူထဲသော လိမ္မော်ရောင် နှုတ်ခမ်းအစုံက ပြုံးရမလို ရယ်ရမလို။ နှာတံချွန်ချွန် လေးက ဆွဲလိမ်ချင်စရာကောင်းလှ၏။ ကော့ညွတ်နေသော မျက်ဝန်း အစုံမှာ တလက်လက် တောက်ပနေပြီး ပါးဖောင်းဖောင်းလေးတွေက အစက်အပြောက်ကင်းစွာ ဖြူဖွေးဝင်းမွတ်နေ၏။ မိုးရိပ်အကြည့်တို့ သည် ဒီမျက်နှာလေးပေါ်မှ မခွာနိုင်သေး။

"မိုးရိပ် ... ပြန်မယ်လေ"

သူမအသံကို မကြားသည့်အလား။ မိုးရိပ်က မလှုပ်မယှက်။

"ရွှေလက်ာ"

မျက်ခုံးကိုပင့်၍ ကြည့်လိုက်သည်။ မိုးရိပ်လက်အစုံက ... ရွှေလက်ာလက်ချောင်းလေးတွေကို လာရောက်ဆုပ်ကိုင်လျက် ...

"နင့်ကို ငါ ချစ်တယ်"

"..."

ရွှေလက်ာနှုတ်ခမ်းအစုံသည် ပွင့်ဟသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်ရော ငါ့ကိုချစ်လား"

"မသိဘူး"

"ဟာကွာ"

ရွှေလက်၏အဖြေကြောင့် မိုးရိပ်စိတ်ထဲတွင် မချင့်မရဲဖြစ်သွား ကာ ရွှေလက်၏ပခုံးနှစ်ဖက်ကို ကိုင်မိလိုက်ချိန်တွင် ...

"ဟိုး ... ဆရာ စကားပြောရင်ကောင်းကောင်းပြောပါ ခြေတွေလက်တွေ မပါစေနဲ့"

"စည်းကမ်းထုတ်တာလား"

"ဒါပေါ့ ... စည်းကမ်းကို ချိုးဖောက်ရင် အဖြေမပေးဘူး"

"ဒါဆို ဘယ်လိုနေရမလဲ"

"ခြေတွေလက်တွေ မပါရင်ပြီးရော"

"အင်း ... ခုမှပဲ မဟာပဒုမဇာတ်ထဲက ကိုပေါင်တို့ ဖြစ်ရ တော့မယ်"

မိုးရိပ် လက်ပိုက်ကာ ခေါင်းကိုမော့၍နေတော့ ရွှေလက်က သဘောကျစွာ ရယ်လေသည်။

"ကဲဖြေဟာ ... စိတ်မရှည်တော့ဘူး"

"ဒါဆို မဖြေတော့ဘူး"

"မောင် စိတ်မောအောင်မလုပ်နဲ့ကွာ"





"အံမယ် ... သူ့ကို သူများမောင်တဲ့"

"ကိုယ်ချစ်သူမို့မောင်ပေါ့ဟ"

"ဘယ်သူက အဖြေပေးသေးလို့လဲ"

"အခုဖြေတော့လေ"

မိုးရိပ် စိတ်မရှည်သလိုပင် ရွှေလက်၏မျက်နှာနားသို့ တိုး ကပ်သွားလေတော့ ရွှေလက်၏လက်ကလေးကာလျက် ...

"ငြိမ်ငြိမ်လေးနေ စည်းကမ်းမဖောက်ဖျက်နဲ့"

"ခြေတွေ၊လက်တွေ ငြိမ်ငြိမ်နေဆို"

"အင်းလေ"

"စည်းကမ်းချက်ထဲမှာ နှာခေါင်းမပါဘူးလေ"

"လူလည်ကြီး"

ရွှေလက်၏ကိုယ်လုံးလေးသည် မိုးရိပ်ရင်ခွင်ထဲသို့ ကျရောက် သွားလေ၏။ ရွှေလက်သည်လည်း မရုန်းဖယ်မိ။

"ဖြေလေ"

"ဒီလောက်ပွေ့ဖက်ထားပြီးမှ ဖြေဖို့လိုသေးလို့လား"

"လိုတာပေါ့ ... ချစ်သူနှုတ်ဖျားက ချစ်စကားဟာ နား ချမ်းသာတဲ့ ဆေးတစ်ခွက်ပဲတဲ့"

"ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အား"

ချစ်တယ်ဆိုသောစကားသံနှင့်အတူ မိုးရိပ်ဗိုက်ကို လိမ်ဆွဲခြင်းခံလိုက်ရသဖြင့် မျက်နှာမဲ့ရှုံ့သွားရလေ၏။ ရွှေလက်ကရယ်သံလေးက ဆည်းလည်းသံပမာ ချိုလွင်စွာ ထွက်ပေါ်လာလေတော့သည်။

❊ ❊ ❊



## အခန်း (၁၂)

တက္ကသိုလ်ရောက်တာကြာပြီကွယ် ××× အတွဲလေးတစ်တွဲတော့လိုချင်တယ် ××× မာမီရယ် ရှာပေးကွယ် ××× ရည်းစား လိုချင်တယ် ×××

သီချင်းတစ်ပုဒ်ကို ဆိုလျက် လှေကားအတိုင်း ပြေးတက်လာသော မိုးရိပ်ကို ဖေါ်သွဲ့သွဲ့နိုင် အပြုံးနှင့် ဆီးကြိုရင်း . . .

"အခြားသီချင်းများ မရတော့ဘူးလား သားရယ်။ ဒီသီချင်းကို သား ဆိုလွန်းလို့ မေမေတောင် ရနေပြီ"

မိုးရိပ် ရယ်လိုက်ပြီး . . .

"သားလည်း ဒီသီချင်းတစ်ပုဒ်ပဲရတာ မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့သားကတော့ ဘယ်အချိန်ပဲကြည့်ကြည့် မေမေ စိတ်ချမ်းသာနေတာပဲ၊ အမြဲတမ်း သွက်လက်မြူးကြွနေတာပဲ"

"ဘာလဲ . . . မေမေက သားကို မျောက်အိုမလေး ပါးရိုက်ထားတဲ့မျက်နှာ မြင်ချင်သေးလို့လား"

"မေမေ ဒီသဘောမျိုးနဲ့ပြောတာ မဟုတ်ရပါဘူး သားရယ်။ မေမေ့သားသမီးတွေကိုကြည့်ပြီး မေမေက စိတ်ချမ်းသာနေတာပါ"

"ဒါဆို မေမေ မုသားသုံးပြီနော်"

"ဘာဖြစ်လို့"

"တစ်ခါတလေ ဖေဖေ့ကို သတိရပြီး မှိုင်နေတတ်တယ်လေ"

"ဒီကောင်လေး မဟုတ်ကဟုတ်ကတွေ ပြောတော့မယ်"

ဒေါ်သွဲ့သွဲ့နိုင် ခေါက်ရန် ရွယ်တော့ . . . မိုးရိပ် တဟားဟား အော်ရယ်လေသည်။ စက်ဘီးပူတွင်နေသော ဖေဖေ့ကိုလည်း သည်လို ပျော်စေချင်ပါသည်။

"ကဲ ဆရာ . . . ဟိုတစ်ယောက် ပြန်ရောက်နေတယ်။ မင်းကို လွမ်းလို့တဲ့။ သိပ်တော့ကြာကြာနေမှာမဟုတ်ဘူး"

မိုးရိပ်မျက်နှာသည် မှိုရသည့်မျက်နှာလို ဝင်းလက်သွားလေ၏။





"ဟင် . . . ဟုတ်လား။ ဘယ်မှာလဲ"

"ရောက်တုန်း . . . သားအခန်းကို ရှင်းပေးမလို့တဲ့"

မိုးရိပ် ဝမ်းသာအားရ လှေကားမှ ပြေးတက်ခဲ့တော့သည်။ အကြောင်းကြောင်းကြောင့် ရက်ပေါင်းများစွာ ခွဲခွာနေရသော အစ်မ မျက်နှာကို တွေ့မြင်ချင်လှပြီလေ။

"တူး . . . တူး . . . တူး"

မိုးရိပ် တကြော်ကြော်ခေါ်ရင်း ရှာနေသော်လည်း မတွေ့ပေ။ ဟုတ်မှဟုတ်ရဲ့လား။ မေမေများ သူ့ကို ညာလေသလားလို့ တွေးကာ ကျောပိုးလွယ်အိတ်လေးကိုချွတ်၍ စိတ်ပျက်စွာ မွေ့ရာပေါ်သို့ ပစ်တင်လိုက်၏။

"ဒီကောင်မလေး . . . ဘယ်မှာပုန်းနေပါလိမ့်"

မိုးရိပ် မသင်္ကာစွာ ခုတင်အောက်သို့ ငုံ့ကြည့်လိုက်သည်။

"ဒေါက်"

"အား"

မိုးရိပ် ခေါင်းကို အရာတစ်ခုနှင့် အခေါက်ခံရလိုက်သည်မို့ ခေါင်းကိုပွတ်၍ လှည့်ကြည့်တော့ ဘာမှမတွေ့ပြန်။

"ဒုတ်"

"အား . . . လာ . . . လာ"



www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ခါ ခေါက်လိုက်သည်က ခြေမျက်စိကို။

"တူး ... ထွက်ခဲ့တော့ဟာ။ ငါ စိတ်တိုလာပြီနော်"

မိုးရိပ်မျက်နှာကို ပုပ်သိုးထားကာ ခုတင်ပေါ်တွင် ထိုင်ချလိုက်၏။

"ဝါး ... ဟား ဟား ဟား"

တူးတစ်ယောက် မိုးရိပ်နောက်ကျောမှနေ၍ သိုင်းဖက်ကာ ရယ်လေသည်။

"ကောင်မစုတ်လေး"

"ကောင်စုတ်"

အစုတ်တွေ အပြန်အလှန်နှင့် တစ်ဦးကိုတစ်ဦး နမ်းထုလိုက်၊ ကျောထုလိုက်နှင့် ပတ်ဝန်းကျင်ကို မေ့လျော့သွားကြလေ၏။

"သရီး"

"ပြော"

"ငါ မြင်းမစီးရတာ ကြာပြီ"

"တူး ... နင်မညစ်နဲ့ဟာ၊ ကလေးလည်း မဟုတ်တော့ဘူး အပျိုကြီးပဲ ဖြစ်နေပြီ"

"မရဘူး ... မရဘူး။ စီးမှာပဲ"

ကလေးဆိုးတစ်ယောက်လို နှုတ်ခမ်းစူပြန်တော့ မနေနိုင်ပြ





အမြွှာမို့ နင်တွေ ငါတွေ သုံးနေရသော်လည်း တူးက အကြီး၊ အကြီးဖြစ်သော်လည်း သရီးနှင့်ဆိုလျှင် အပြန်အလှန် နွဲ့ဆိုးဆိုးတတ်ကြသည်လေ။

"ဒါဆို ငါလည်း စာခြောက်ရုပ်လုပ်မှာနော်"

"အိုကေ"

နှစ်ယောက်သား လက်ဝါးခြင်းရိုက်လိုက်ကြသည်။ ပြီးမှ မိုးရိပ်က တူးရှေ့တွင် ထိုင်ချလိုက်ရင်း ...

"ကဲ ... တက်"

"ဟေး"

တူး ဟေးခနဲအော်ကာ မိုးရိပ်ကျောကုန်းကို မိုး၍လိုက်ပါသွားလေတော့၏။

"စာခြောက်ရုပ်မ ကိုင်ထားနော် ပြုတ်ကျမယ်"

"စိတ်ချ ... ဟော့သားကြီး ပြေးထား"

"ဟဲ့ ... ဟဲ့ ... ဒီကလေးတွေ ဘယ်လိုဖြစ်ပါလိမ့်"

မိုးရိပ်တို့မောင်နှမကိုကြည့်ပြီး ဒေါ်သွဲ့သွဲ့ အော်လေသည်။

"မြင်းမစီးရတာကြာလို့ ပြန်လေ့ကျင့်ပေးနေတာ မေမေရေ"

"သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံတဲ့ မေမေရဲ့။ ခု သစ်ငုတ်မြင့်တုန်း ပြောထားပါစေဦး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မိုးရိပ် သူ့နမကို ကျောပိုးထားရင်း အပြင်သို့ ပြေးထွက်သွားလေသည်။ ဒေါ်သွဲ့သွဲ့ ကလေးစိတ်မကုန်ကြသေးသော သားနှင့်သမီးကိုကြည့်၍ ပီတိဖြစ်နေ၏။ သိပ်မကြာပါ။

အိမ်ထဲသို့ မိုးရိပ် ပြန်ပြေးလာပြီး ဆိုဖာပေါ်တွင် တူးကို ချပေးလိုက်ပြီး ...

"မောလိုက်တာဟာ"

"သံပရာရည်သောက်မလား ငါ ဖျော်ပေးမယ်"

သံပရာဆိုသောကြောင့် မိုးရိပ် ပြုံးမိသွားသည်။ ရွှေလက်ာကို သတိရမိသွားသောကြောင့်ပါ။ သံပရာသီးသုံးလုံးက စတည်၍ ယခု ချစ်သူတွေဖြစ်သွားကြသည်ကို သူငယ်ချင်းတွေက သူတို့ကို သံပရာချစ်သူဟု နောက်ပြောင်၍ ခေါ်ကြလေသည်။

"သရီး ... ငါပြောတာ ကြားလား"

"ဟင် ... ဘာလဲ"

"သံပရာရည် ဖျော်ပေးရမလားလို့"

"နေ ... နေ ရတယ်။ နင်မဖျော်နဲ့ မိဝေ ... မိဝေ"

မိုးရိပ် အိမ်ဖော်မလေး မိဝေကို လှမ်းခေါ်လိုက်သည်။

"မိဝေ"

"ရှင်"





"သံပရာနှစ်ခွက်ဖျော်ခဲ့ဟေ့"

"ဟုတ်ကဲ့"

"ဩော် ... အိုးတစ်လုံးပါ ယူခဲ့။ အမဲဆုံးအိုးနော်"

တူးမျက်နှာ ရှုံ့မဲ့သွားလေသဖြင့် မိုးရိပ် ရယ်လေသည်။ မိဝေ ရောက်လာတော့ မိုးရိပ် ဒန်အိုးကို ဘေးသို့ချကာ –

"မျက်စိမှိတ်"

ငယ်ငယ်ကတည်းက လုပ်နေကျမို့ တူး ကျေကျေနပ်နပ်ပင် မျက်လုံးကလေး မှိတ်လိုက်သည်။

တူးရဲ့ပါးပြင်၊ နဖူး၊ နှုတ်ခမ်း၊ မေးစေ့ စသည်တို့ကိုလိုက်၍ လုံးကွင်း နှုတ်ခမ်းမွေးဆွဲလေပြီး –

"ဟား ဟား လှတယ်ကွာ။ မေမေရ မေမေ့သမီး စာခြောက်ချပ်ကို လာကြည့်ပါဦး။ မော်ဒယ်ရှိုးပွဲ သွားပြိုင်ရင်တော့ ပရိသတ်တွေ လက်ခုပ်တီးလိုက်မယ့်ဖြစ်ခြင်း"

"နင် ရုပ်ဖျက်ပေးလို့ပါနော်။ ပင်ကိုရုပ်က လှပြီးသား"

"မင်းတို့မောင်နှမကတော့ တွေ့လိုက်တာနဲ့ စနောက်နေတော့တာပဲ။ ရော့ သမီး မျက်နှာသစ်လိုက်ဦး"

တူး မျက်နှာသစ်ပစ်လိုက်၏။ မေမေကတော့ ပွစိပွစိနှင့်။

"တူး နင် ဟိုမှာနေရတာ အဆင်ပြေလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ပြေပါတယ်"

"တို့ ရည်မှန်းချက်ပန်းတိုင် ရောက်လုပြီလား"

"ဆိုပါတော့"

"နင့်စကားကြီးကလည်း အားမရှိလိုက်တာ"

တူး သက်ပြင်းကို ခပ်မှျင်းမှျင်းချမိတော့၏။ မိုးရိပ်စကားကြောင့် စောစောက ပျော်ခဲ့တာလေးတွေပင် ပျောက်ကွယ်သွားလေ၏။ အဆင်ပြေအောင် မိုးရိပ်ကို ကြည့်ပြောရတော့မှာပေါ့။

လောလောဆယ် အဖြစ်မှန်တွေကို ဖွင့်ပြောလိုက်လျှင် မိုးရိပ် သောင်းကျန်းမှာ သေချာသည်။ တဖြည်းဖြည်းနှင့် မိုးရိပ်ကို နားဝင်အောင် ဖျောင်းဖျရမည်ဟု စိတ်ကူးကာ အထိုက်အလျောက် ဆက်ဆံပြီး ညနေစောင်းတော့ တူး ပြန်ခဲ့၏။

တူးပြန်တော့ မိုးရိပ် လိုက်ပို့လေလျှင် မိုးရိပ်သည်လည်း နာကျင်မှုတစ်ခုကြောင့်သာ တူးကို ခုတုံးလုပ်တာ။ စိတ်ကတော့ မသက်သာလှ။

တူးနှင့်သရီး လှုပ်ရှားနေသမျှ မမဝမ်းအတွက် လက်စားချေဖို့ဆိုတာ မမဝမ်းသိရင် ကျေနပ်မှာပါလေ။ ညရောက်တော့ အိပ်ရာဝင်တော့ မိုးရိပ် အိပ်မပျော်။ စိတ်တို့သည် အတိတ်က မိုးရိပ်ဆီသို့ ပြန်လည်၍ ပြေးလွှားနေသည်။





ဩော် မမရယ် ... အခုလိုဘဝအခြေအနေမျိုးမှာ မမသာ နှင့် သိပ်ပျော်စရာကောင်းမှာပဲနော်။ ဘဝတိုတိုမှာ မမငိုခဲ့ရတဲ့ နက်ရှည်တွေအတွက် သရီး အသာက်နဲ့လဲပြီး ပြန်လည်အရယူမယ် နော။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

''မမ မမ''

အိမ်ကလေး၏ ဖိနပ်ချွတ်တိုင်ကိုမှီကာ မလှုပ်မယှက် ငိုင်ငေ့

နေသော မမကို ပခုံးကိုင်လှုပ်၍ –

''မမ မမ''

''အင် . . . ဟင်''

''နေတောင် အတော်စောင်းနေပြီ၊ ထမင်းမချက်ရသေးဘူး

ထင်တယ်''

သရီး ခေါင်းကို တဖျင်းဖျင်းကုတ်၍ ညည်းတွားနေသော်





လည်း မမက မတုန်လှုပ်။ သရီးကိုပင် သူစိမ်းတစ်ယောက်ပမာ ကြည့်နေသည်။

ခုတလော မမ ဘာဖြစ်နေသည်မသိ။ အမြဲတမ်း ငိုင်တွေ ငေးမောနေတတ်သည်။ အရင်တုန်းကဆို သရီးနှင့်တူး မစားရ သောက်ရမည်စိုး၍ အမြဲတမ်း ပျာယာခတ်နေတတ်သူ။ ယခု ဈေး ရောင်းလည်း မထွက်တာကြာပြီ။ တူးနှင့်သရီးသာ ဈေးရောင်းထွက် နေရသည်လေ။

''သရီး''

''ဘာလဲ တူး''

''မမကို အနှောင့်အယှက် မပေးနဲ့။ သူစိတ်ချမ်းသာသလို နေပါစေ။ ငါ ထမင်းအိုးတည်ထားလိုက်မယ်၊ နင် အကြော်သွားဝယ် ချေ''

မမ ဘာဖြစ်နေသည်ဆိုတာကို တူး သိထားပုံရသည်။ သရီး ကတော့ နားမလည်နိုင်စွာ ခေါင်းကိုကုတ်လျက် အကြော်ဝယ် ထွက် သွားခဲ့တော့၏။

အကြော်ဆိုင်သို့ရောက်တော့ သရီး အကြော်ဝယ်နေခိုက် လူတို့သဘာဝ အတင်းမပြောရမနေနိုင်ကြသူတွေ သရီးကိုကြည့်၍ မတိုးမကျယ် ပြောနေသောအသံကို ကြားလိုက်ရသည်မှာ –



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဝမ်း . . . ပန်းရောင်းမထွက်တာကြာပြီ၊ သရိုးနဲ့တူးသား ရောင်းနေရတယ်တဲ့၊ ကလေးတွေ သနားပါတယ်"

"အေးလေ . . . ကလေးတွေကတော့ ဘာမှသိရှာမှာ မဟုတ်ဘူး။ အဲဒါပေါ့ ကိုယ်နဲ့ မတန်မရာကိုမှန်းတော့ နောက်ဆုံး ဗိုက်တစ်လုံးနဲ့ကျန်ခဲ့တာပေါ့"

ကြားလိုက်ရသောစကားသံတွေကြောင့် သရီး ကိုယ့်နား ကိုယ်ပင် မယုံချင်။ မမက ရိုးရိုးအေးအေးနေတတ်သူပင်။ သူတို့ပြောတာ ဖြစ်နိုင်ပါ့မလားလို့ တွေးမိ၏။

"ဒါနဲ့ သခ်ါဆိုတဲ့လူက သူ့ကို တရားရုံးမှာ လူကြီးတွေနဲ့ လက်မှတ်ထိုးပြီး လက်ထပ်ခဲ့တယ်ဆို . . . ဟဲ့"

"ညည်းကလည်း တုံးအလိုက်တာအေ၊ ဟိုက ဥစ္စာပေါ ရုပ်ချောလေ သူ့ကို အတည်ကြံပါ့မလား။ ကျောရိုးကြီးတုန်းကကြီး မလွှဲသာမရှောင်သာဖြစ်မှ လင်ကောင်ပေါ်ရုံ လက်ထပ်ပေးတာ။ ခု ပြန်မလာတော့ဘူး မဟုတ်လား"

သရီး အောက်နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ဖိကိုက်ထားမိသည်။

ရှက်ဖို့ကောင်းလိုက်တာ။ သူတို့ပြောတာတွေ တကယ်ပဲလား။ ဒါကြောင့် မမ တမှိုင်မှိုင် တတွေတွေ ဖြစ်နေတာ ဖြစ်ရမည်





သရီးမျက်ဝန်းတွေ ရှက်စိတ်တို့ကြောင့် အမြင်တွေ ဝေဝါးနေ၏။

မိမိတို့အိမ်လေးနားရောက်တော့ အုတ်ခဲကျိုးကို ခလုတ်တိုက်လဲလေလျှင် –

"ဘုတ်"

"အင့်"

ခြေမထိပ်မှ နာကျင်သောဝေဒနာကို ခံစားလိုက်ရ၏။ ထိုနာကျင်မှုသည် ရင်ထဲက နာကျင်မှုကို မဖုံးနိုင်။ သူ့ခြေထောက်ကို လက်နှင့်ဖိ၍ ကုန်းထဖို့ ကြိုးစားနေစဉ် တူး အိမ်ပေါ်မှ ပြေးဆင်းလာလေ၏။

"သရီး . . . ဘယ်လိုဖြစ်တာလဲ ထ"

တူး သူ့ကို ဆွဲထူပေးသည်။ သူ တူးမျက်နှာကို မော့ကြည့်ကာ –

"တူး"

တုန်ယင်နေသောအသံနှင့် ခေါ်တော့ တူးက မေးဆတ်၍ ထူးသည်။

ပြီး သူ့ခြေမဆီကို အကြည့်ရောက်ကာ –

"ဟယ် . . . သွေးတွေ"

"တူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေထောက်ကို ကိုင်တော့မည့် တူးလက်ကို သူ ဆုပ်ကိုင်ထားလိုက်တော့ တူးက သူ့ကို ဘာလဲဟူသောသဘောနှင့် ကြည့်သည်။

"အရပ်ထဲက ပြောနေကြတာတွေ တကယ်ပဲလား တူးရယ်"

တူးက တွေတွေကလေး စဉ်းစားဟန်ပြုပြီး မျက်နှာလွှဲသွားတော့ သူ တူး၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာပင် –

"သူတို့ပြောသလို မမ မမက"

စကားသံတို့သည် ရှေ့သို့မဆက်နိုင်၊ တူး လေးတွဲ့စွာ ခေါင်းညိတ်ပြရင်း သူ့ကို ဖက်တွယ်ကာ ငိုလေတော့၏။

"အီး ဟီး ဟီး"

"အဟင့် ဟင့်"

မမအတွက် ယူကျုံးမရဖြစ်ကာ တစ်ဦးနှင့်တစ်ဦး ဖက်တွယ်၍ ငိုမိကြသည်။ သရီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိပြီး ...

"မကျေနပ်ဘူးဟာ၊ အဲဒီ သခါးဆိုတဲ့လူကို ငါရှာပြီးသတ်မယ်"

"သူ့ကိုသွားသတ်ရင် နင်ပဲ ဒုက္ခရောက်မှာပေါ့ သရီးရဲ့၊ နင်က ကလေးပဲရှိသေးတာကို"





ရှိုက်သံတွေကြားမှ တူး ပလုံးပထွေးဆိုသည်။ မမကိုလည်း အပြစ်မတင်ရက်။ ထိုနေ့အချိန်မှစ၍ သရီးတို့ နားခိုရာ အသိုက်အမြုံလေးတွင် အပျော်ဆိုတာ တစ်စ တစ်စ ပျောက်ကွယ်သွားခဲ့ရလေသည်။

အရွယ်နှင့်မလိုက်အောင် သောကတွေ ဖိစီးနှိပ်စက်သမျှ ခေါင်းငုံ့ခံရင်း မမတစ်ယောက် အိပ်ရာထဲတွင် ဘုန်းဘုန်းလဲချေတော့သည်လေ။ တစ်နေ့ တူး ဈေးသွားရောင်းချိန်တွင် သရီးက မမကို ပြုစုရင်း အိမ်မှာ ကျန်ခဲ့ရသည်။

"မမ မမ"

သူ့ခေါ်တော့ မှိတ်ဖျော့နေသော မျက်လုံးကလေးတွေနှင့် လှည့်ကြည့်သည်သာ။

"မမ အားရှိအောင် ဆန်ပြုတ်ကလေး သောက်လိုက်ဦးနော်"

လေးတွဲ့စွာ ခေါင်းကိုခါရမ်းပြသည်။ ပြီး သရီး ခေါင်းလေးကို ကိုင်၍ တိုးညင်းသောလေသံဖြင့် –

"သရီး"

"ဗျာ"

"လိမ်လိမ်မာမာနေနော်"



www.burmeseclassic.com

www.burmeseclassic.com



"သရီး လိမ္မာပါတယ် မမရဲ့"

ကလေးဟူသည် ပန်းတစ်ပွင့်နှင့်တူ၏။ ဝမ်းနည်းစရာရှိလျှင် မျက်နှာညှိုးနွမ်းသလို ဝမ်းသာစရာရှိလျှင်လည်း ဟန်မဆောင်တတ်။ စကားမပြောဘဲနေတာကြာပြီ ဖြစ်သော မမသည် ယခု သူ့ကို စကားပြောလာသဖြင့် အားတက်သရော အပြုံးကလေးနှင့် ပြောလိုက်ခြင်းပါ။ ဒါကိုပင် ကြည့်၍ မမ ငိုလေသည်။ မမက သူ့ကို ရင်ခွင်ထဲပွေ့၍ စကားတွေဆိုသည်မှာ –

"မမကို ခွင့်လွှတ်ပါ မောင်လေးရယ်"

မမရင်ခွင်ထဲ၌ပင် မမမျက်ရည်ကို မကြည့်ရက်စွာ ကလေး ဝီဝီ ဆိုမိသည်က –

"မမ သခါးဆိုတဲ့ ကိုကြီးကို သရီး ရှာပေးရမလားဟင်"

"မလိုပါဘူး မောင်လေးရယ်။ ကိုယ့်ကိုမချစ်လို့ စွန့်ပစ်သွားတဲ့ လူကို တမ်းတပြီးငိုနေလို့ ဘာမှထူးလာမှာမှ မဟုတ်တာ"

"ဒါဆို သရီး စိတ်ချမ်းသာအောင် မမ ဆန်ပြုတ်သောက်"

သည်လိုပြောတော့ မမပြုံး၍ ခေါင်းညိတ်သည်။ သရီး အရမ်းပျော်သွားတာပါပဲ။ မမရင်ခွင်အတွင်းမှ ရုန်းထွက်ကာ ဆန်ပြုတ်ပန်းကန်ကလေးကို အတင်းယူပြီး မမကို တိုက်ခဲ့သည်လေ။

"မောင်လေး ထမင်းစားပြီးပြီလား"





"တူးပြန်လာမှ စားမယ် မမ"

"အေး အေး . . . နောက်နေ့တွေကျရင် မမပဲ ပြန်ပြီး ဈေးရောင်းပါ့မယ်"

"အာ . . . မမကလည်း မမ နေကောင်းသေးတာမှ မဟုတ်တာ"

"မမ ဘာမှမဖြစ်ပါဘူး သရီးရယ်"

ထိုနေ့မှစ၍ မမ ပြုံးပြုံးရွှင်ရွှင်ရှိလာသည်။ မှိုင်တွေငေးမော မနေတော့။ နောက်နေ့တွေမှာ မမပဲ ဈေးရောင်းထွက်တော့သည်။ မမဈေးရောင်းနေရင်း တစ်နေ့တော့ သရီးတို့ဘဝ ကံဆိုးမိုးမှောင်ကျဖို့ အကြောင်းက ဖန်လာတော့သည်။

တူးနှင့်သရီး ရေခပ်၊ အဝတ်လျှော်နေကြစဉ် မမသူငယ်ချင်း မတင်တင်အေး သရီးတို့ဆီသို့ အပြေးအလွှား ရောက်လာပြီး –

"သရီး တူး သရီးရေ"

သရီးနှင့်တူး ပြိုင်တူလှည့်ကြည့်ကြရင်း –

"ဩော် မမအေး . . . လာလေ ဘာကိစ္စရှိလို့လဲ"

"ဝမ်း ဝမ်း ဈေးရောင်းရင်း မိုက်အောင့်လို့ ဆေးရုံတင်လိုက်ရတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဂလုန် ဂလွမ်"

မမကို ဆေးရုံတင်လိုက်ရသည်ဟူသော သတင်းဆိုးကြောင့် သရီးနှင့်တူး အံ့ဩစွာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ သရီးသည် လက်ထဲမှ ရေထမ်းပုံးအောက်သို့ ပြုတ်ကျသွားသည်ကိုပင် သတိမထားမိလောက်အောင် စိုးရိမ်ပူပန်သွားရသည်လေ။

"အဲဒါ နင်တို့ကို လာခေါ်တာ"

သရီးနှင့်တူး တစ်ဦးလက်ကိုတစ်ဦး တင်းတင်းဆုပ်ကိုင်လျက် ဆေးရုံသို့ မနားတမ်းပြေးခဲ့ကြတော့သည်။ ဆေးရုံသို့ရောက်တော့ မမအေး၏မိခင် ဒေါ်တင်စိန်က ချုံးပွဲချ ငိုကြွေးကာ ဆီးကြိုနှုတ်ဆက်လေ၏။

"တူး သရီး အဟင့်၊ ဟီး ဟီး"

သူတို့မောင်နှမကိုဖက်၍ ငိုကြသည်ဆိုတော့ –

"ဘွားစိန် ... မမရော မမ ဘယ်မှာလဲ"

ဘွားစိန်က ငိုရင်းမှ မမရှိရာသို့ လက်ညှိုးထိုးပြသည်။ သရီးနှင့်တူး မမရှိရာ ခုတင်ဆီသို့ပြေးခဲ့ကြလေတော့ မမ အိပ်ပျော်နေသည်ဟုပဲ သူတို့ထင်ကာ –

"မမ မမ"





"မမ တူးတို့ရောက်လာပြီလေ"

မမကို အသာအယ်လှုပ်နှိုးလိုက်သည်။ဒါပေမဲ့ –

"တူး"

ဘွားစိန်က သူတို့ပခုံးကို လာဖက်တော့ ဘွားစိန်ကို အားကိုးတကြီးမော့ကြည့်ရင်း –

"ဘွားစိန် မမဘာဖြစ်တာလဲဟင်၊ ဘာရောဂါရှိလဲ ပြောပါဦး ဘွားစိန်ရဲ့"

"မင်းတို့မမမှာ ကိုယ်ဝန်ရှိနေတာတဲ့ကွယ်။ ကလေးက သားအိမ်အပြင်ရောက်နေတာဆိုလားပဲ"

"သရီးတို့ ဘာလုပ်ရမလဲ ဘွားစိန်၊ မမ ဘာမှမဖြစ်ပါဘူးနော်"

သူ ပျာပျာသလဲမေးတော့ ဘွားစိန် ရှိုက်ကြီးတငင် ငိုပြန်သည်။ ပြီးမှ –

"သူ သူဆုံးသွားရှာပြီကွယ်"

"ဗျာ"

"ရှင်"

လောကကြီးက ချာချာလည်သွားပြီလား။ ဟုတ်မှဟုတ်ရဲ့လား။ ဒါ စ,စရာ နောက်စရာ မဟုတ်မှန်းလည်း သိနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှ ကလီစာတွေကို ဆွဲထုတ်ယူလိုက်သလို နင့်နေအောင် ခံစားလိုက်ရ၏။ ကံကြမ္မာရယ် အငြိုးဖွဲ့စရာလူ ဒီလောက်တောင်ပဲ ရှားနေတာလား။

နှလုံးသားတွေကွဲအက် ကမ္ဘာပျက်သည့်အလား သောကတွေ လူးလားခေါက်ပြန်။ အံကိုတင်းတင်းကြိတ်ထားသဖြင့် မေးကြောများပင် ထောင်ထလာမတတ်။ တူးကတော့ တသိမ့်သိမ့် ငိုနေရှာသည်။

"သား သရီး . . . ငိုလိုက်လေ။ ငိုချလိုက်၊ စိတ်ကိုတင်းမထားနဲ့လေ သား ငိုလိုက်ပါ"

ဘွားစိန်က တဖွဖွပြောနေသော်လည်း သရီး တော်တော်နှင့် မငိုခဲ့။

နောက်ဆုံး စိတ်ကိုလျှော့ချကာ –

"မမ မမ"

ဝမ်းခေါင်းသံကြီးပါအောင် ကုန်းအော်၍ ခေါ်ပစ်လိုက်သည်။ နောက်ဆုံး နှုတ်ဆက်ခြင်းအနေနဲ့ အားရအောင် ခေါ်လိုက်ခြင်းပင်။ နှလုံးသားတွေ တစ်စစီ တစ်စစီ ကြေပြုန်းသွားသည့်အလား ပုစဉ်းရင်ကွဲတစ်ကောင်လို အော်၍ ငိုလိုက်သည်။

"မမ"





သူအော်သံသည် ဆေးရုံတစ်ခုလုံးကို ရိုက်ခတ်၍ ပဲ့တင်ထပ်သွားလေတော့၏။ လောကကြီးပင် တုန်ဟီးမြည်တွန်သွားလေပြီလား မသိနိုင်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မမ"

အသံကုန်အာခေါင်ခြစ်၍ အော်လိုက်ပြီးမှ လန့်ဖျပ်၍ ငုတ်တုတ်ထိုင်လိုက်မိသည်။ သတိရ၍ စဉ်းစားကြည့်တော့မှ သူ အိပ်မက်မက်နေမှန်း သိရ၏။ တစ်ကိုယ်လုံး ဇောချွေးတွေပြန်ကာ မောဟိုက်နေပါလား။

"သား မိုးရိပ် သား"

မေမေနှင့် အိမ်ဖော်မလေးမိဝေ သူ့အခန်းထဲသို့ ပြေးဝင်လာကြသည်။

"သား ဘာဖြစ်တာလဲဟင်၊ ချွေးတွေလည်း ပြန်လို့ပါလား"





မိုးရိပ်တကြီးမေးရင်း သူ့မျက်နှာမှချွေးများကို လည်ပင်းမှ ဘဘက်နှင့်ဆွဲ၍ မေမေက သုတ်ပေးလေ၏။

"သား သား ... အိပ်မက် ဆိုးမက် မက်နေတာပါ မေမေ"

သည်တော့မှ မေမေ သူ့ရင်ဘတ်သူဖိပြီး သက်ပြင်းချလေတော့၏။

"ဖြစ်ရလေ သားရယ်၊ မေမေဖြင့် ဘာများဖြစ်သလဲလို့ စိတ်ပူသွားတာ။ မိဝေ ရေတစ်ခွက် သွားခပ်ခဲ့စမ်း"

"ဟုတ်ကဲ့"

မိဝေ ခပ်သုတ်သုတ်ပင် ရေသွားခပ်လာ၏။

"ရော့ သား ... ရေသောက်လိုက်ဦး"

မေမေ စိတ်ကျေနပ်အောင် ရေခွက်ကိုယူ၍ သူသောက်လိုက်သည်။

"ဘာအိပ်မက်ဆိုးတွေမက်လို့ လန့်အော်တာလဲ သား"

သူ ဟင်းခနဲ သက်ပြင်းချလိုက်မိပြီး –

"သား မမကို အိပ်မက်မက်နေတာ"

"သားရယ် ... အတိတ်က အိပ်မက်ဆိုးတွေကို ဘာဖြစ်လို့များ ငါ့သား အရောင်ပြန်တင်နေရတာလဲကွယ်။ ရန့်ပေါင်းစုံ မွှေးပျံ့နေတဲ့ ပန်းခင်းထဲကိုရောက်နေပြီပဲ၊ လက်ခုပ်ပင်အောက်က လင်းနို့



www.burmeseclassic.com

www.burmeseclassic.com



ပွင့်နှံကို ပြန်သတိရပြီး နှာခေါင်းရှုံ့နေရင် ခေါင်းနောက်ရုံပဲ ရှိမှာပေါ့

"မေမေ စိတ်ဆင်းရဲအောင် သားလုပ်တာ မဟုတ်ပါဘူး မေမေ။ နာကျင်မှုတွေ ပြည့်နှက်နေတဲ့ နှလုံးသားက ချည်တိုင်ကို ပြန်တက်တဲ့နွားတစ်ကောင်လိုပဲ။ မမသေခဲ့ရတာ သင်္ချိုဆိုတဲ့လူကြီး ကြောင့်ဆိုတဲ့ အစွဲက သားရင်ထဲမှာ ဖျောက်လို့မရဘူး မေမေ"

ဒေါ်သွဲ့သွဲ့ သိပါသည်။ သားရင်ထဲက သည်အစွဲကို ဘယ်လို ဖျောက်ဖျက်ပေးရမှန်းမသိတော့။

"ဖြစ်ချိန်ဖြစ်လှည့်ကြုံလို့ ဖြစ်ပြီး ပျက်ချိန်တန်လို့ ပျက်သွား ရတာပဲ သားရယ်။ မေမေတို့ လူသားအားလုံးဟာ ကံကြမ္မာလှည့်ကွက် ထဲက သားကောင်လေးတွေပါ။ မဆုံးနိုင်တဲ့ သံသရာခရီးမှာ အငြိုး တွေ အာဃာတတွေထားနေရင် ကိုယ့်မီးကိုယ်လောင် ကိုယ့်ထောင် ကိုယ်ချသလို ဖြစ်မှာပေါ့"

မိုးရိပ် ခေါင်းကို တွင်တွင်ခါရမ်းလိုက်သည်။ သူ့ရင်ထဲက အငြိုးတွေ အာဃာတတွေကို လွယ်လွယ်လေးနဲ့ ချေဖျက်မပစ်နိုင် လူတစ်ယောက်ရဲ့ နှလုံးသားနဲ့ ဘဝတစ်ခုလုံးကို အရင်းအနှီးပေးထား ရတာ သူ့ အရှုံးပေးလိုက်လျှင် တမလွန်က မမအပေါ် တာဝန်မကျေရာ ကျတော့မည်ပေါ့။

"လူတစ်ယောက်ရဲ့ဘဝကို အမှိုက်တစ်စလို ခြေမွသွားတဲ့



သင်္ချိုဆိုတဲ့လူ တစ်ချိန်မှာ ဝေဒနာခံစားရမယ့် ရလဒ်က မျက်ရည်နဲ့ ငိုချင်းထိုးနေရမယ်။ ဒါမှ သားရဲ့အငြိုးတွေ၊ အမုန်းတွေ ဘိမ်ကော သွားမှာ"

ဒေါ်သွဲ့သွဲ့ သားရင်ထဲမှာ နိုဝင်က်နံအောင်းနေသော ခံစားမှု အတိမ်အနက်ကို ခန့်မှန်းနိုင်ပါသည်။ သားသည် ငယ်စဉ်ကတည်းက သူ့ဘဝ သူ့အကြောင်းကို မမေ့ကောင်းနိုင်စရာ ဒဏ္ဍာရီတစ်ပုဒ်လို ကြားခဏ ပြောတတ်သည်။

ဒေါ်သွဲ့သွဲ့တို့လင်မယား ပုသိမ်မှ ဆွေမျိုးတွေဆီသို့ အလည် အပတ်သွားရင်း ခင်ပွန်းသည် ရုတ်တရက် သွေးအားနည်းပြီး မူးလဲ သွားသဖြင့် ဆေးရုံတင်လိုက်ရသည်တွင် မထင်မှတ်ဘဲ ဆေးရုံတွင် အစ်မကြီးဆုံး၍ ဒုက္ခရောက်နေသောမိုးရိပ်တို့ မောင်နှမနှစ်ယောက်ကို တွေ့ခဲ့ရတာလေ။

အုပ်ထိန်းသူကင်းမဲ့ရှာသော ကလေးနှစ်ယောက်၏ ဘဝကို စာနာသနားမိတာရော သားသမီးမရ၍ သားသမီးလိုချင်သည့် စိတ်ရော ပေါင်းစပ်ကာ မိုးရိပ်တို့ မောင်နှမကို အမွေစားအမွေခံ သားသမီးများ အဖြစ် သူမ မွေးစားလိုက်ခြင်းပါ။

"သူများကို မကောင်းကြံ၍ ကိုယ်ပဲ ဘေးရန်ထိတတ်တယ် နော်သား။ လရိပ်ကို သား ခုတုံးလုပ်ပြီး သင်္ချိုကိုလက်စားချေဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားတာ မေမေ လုံးဝ သဘောမကျဘူး''

''တူးကို သားယုံပါတယ် မေမေ''

''ကိုယ်က ကျူးရင် ကိုယ့်ဒူးတောင် အခန့်မသင့်ချင် တုန်တတ်တာမျိုးလေ။ လရိပ်က မိန်းကလေး။ မိန်းကလေးဆိုတာ ဖက်ရွက်တစ်ရွက်ပဲသား။ သူ ဘယ်လောက်ပဲ အသည်းမာမာ ကျောက်စိုင်ကျောက်သားတွေနဲ့ ထုလုပ်ထားတာမှ မဟုတ်တာပဲကွဲ့''

ဒေါ်သွဲ့သွဲ့စကားကြောင့် မိုးရိပ် တွေခနဲဖြစ်သွား၏။ သည်အချက်တွေကို မိုးရိပ် လေးလေးနက်နက် မစဉ်းစားမိခဲ့။ တူး နှလုံးသားက အဖြူရောင်သက်သက်မို့ အညှာခိုင်ပါ့မလား။ စိုးရိမ်ပူပန်သွားမိသည်။ စိတ်ကူးယဉ်ဆန်စွာ နှလုံးသား၏ တောင်းဆိုမှုကို ပယ်ဖျက်နိုင်စွမ်း မရှိသေးသည့်အရွယ်မို့။

''သားတို့အရွယ်တွေက ရင်ခုန်မှုရဲ့စုတ်တံကြားမှာ လှုပ်ခါသွားတတ်တဲ့ ပန်းချီကားတစ်ချပ်လိုပဲကွယ့်။ မျက်မမြင် ဒုက္ခိတဖြစ်နေတဲ့ သခ်ီအပေါ် လရိပ် တစ်ခါတစ်ရံ သနားစိတ်မဝင်ဘူးလို့ ဘယ်သူကမှ လက်မှတ်ထိုးပြီး အာမခံထားတာ မဟုတ်ဘူး။ အချစ်ဆိုတဲ့ အချစ်တွေထဲမှာ သနားချစ်ဆိုတာ ဖြတ်တောက်တားဆီးရ အခက်ဆုံးပဲ သား''

မိုးရိပ် ယခုမှပင် စိုးရိမ်စိတ်ကြောင့် ရင်တွေ ပူပန်လာရ၏။





မီတောင်မှ ရွှေလက်ာအပေါ်မှာ စိတ်တိမ်းညွတ်ခဲ့သေးတာပဲ။ သခ်ီဆိုတာလည်း မမြင်ဖူးပေမယ့် မိုးရိပ် သိရသလောက်တော့ ယောကျ်ားပီသစွာ ချောမောလွန်းတဲ့လူ။

မဖြစ်ဘူး လရိပ်ကို သခ်ီအနားမှာ ဆက်ထားလို့မဖြစ်ဘူး။ အခြားနည်းနဲ့ လက်စားချေရမယ်။ လမ်းကြောင်းပြောင်းကြည့်မယ်လေ။ သူကိုယ်တိုင်ပဲ သခ်ီနှင့် ရင်ဆိုင်တော့မည်ဟု –

''သား တူးကို ပြန်ခေါ်ခဲ့မယ် မေမေ''

ဒေါ်သွဲ့သွဲ့နိုင် ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။ အဓိပ္ပာယ်များစွာ သက်ရောက်သောအပြုံးနှင့်ပင်။

''ဒါကတော့ သားသဘောပဲပေါ့။ စက္ကူတစ်ရွက်ကို အပိုင်းပိုင်းဖြစ်အောင် စုတ်ဖြဲလို့ရပေမယ့် ကြာနွယ်ရိုးကို ချိုးလိုက်ရင် အမျှင်အတန်းလေးတွေတော့ ကျန်ခဲ့တယ် သား။ သားမှာလည်း နှလုံးသားရှိတာပဲ။ မိုးသည်းမှ ထီးဖွင့်ဆောင်းမယ့်အစား မရွာခင် ခမောက်ဆောင်းထားခြင်းသာ သားအတွက် နာစေးခြင်းက ကင်းဝေးနိုင်လိမ့်မယ်''

ဒေါ်သွဲ့သွဲ့နိုင်သည် ငယ်ရာကကြီးလာသူမို့သိနေသည်လေ။ လရိပ် စကားအသွားအလာကို နားထောင်ရသည်မှာ သခ်ီအပေါ်တွင် စိတ်တိမ်းညွတ်နေပုံရသည်။ အရင်တုန်းကလို သခ်ီအကြောင်းပြောလျှင် မာကြောခက်ထန်ခြင်း အလျှင်းမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဦးက တကယ်တော့ မမကို သိပ်ချစ်ရှာပါတယ် မေမေ။ အကြောင်းကြောင်းကြောင့် သူ့ခမျာ မမဆီကို ပြန်မလာနိုင်ပုံရတယ်။ အစတုန်းကတော့ လရိပ် သူ့အပေါ် အငြိုးကြီးကြီးနဲ့ လက်စားချေဖို့ ချဉ်းကပ်ခဲ့တာကို အခု သူ မမပုံတူပန်းချီကားရှေ့မှာ ငိုငိုနေကာ တွေ့တော့ လရိပ် စိတ်မကောင်းဖြစ်မိတယ်။ ဒီအကြောင်းတွေ သမီး မသိပါစေနဲ့ မေမေရယ်။ ဦးက သနားဖို့ကောင်းပါတယ်"

သည်စကားတို့သည် အမုန်းကိုချေဖျက်၍ အပြုံးဖက်တော့ မည့်သဘောပင်။ မိုးရိပ်သိလျှင်တော့ မိုးမီးလောင်တော့မည့်လေး လူငယ်တွေရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ဒေါ်သွဲ့သွဲ့နိုင် ဝင်ရောက်မစွက်ဖက်ချင်။

"မေမေ"

"အင်း"

"သား ဘာမှမပြောရသေးဘူးလေ"

"ပြောလေလို့ ပြောတာ"

"မနက်ဖြန် သားကျောင်းမတက်ဘူး"

"ဘာဖြစ်လို့လဲ"

"တူးကို သွားခေါ်မယ်"

"ဖြစ်ပါ့မလား သားရယ်"





"ဘာဖြစ်လို့ မဖြစ်ရမှာလဲ။ တူး ပြန်ကိုပြန်ရမယ်"

မိုးရိပ်က တစ်ဖွတ်ထိုးသမားပင်။ သူ ဖြစ်ချင်တာကို ဖြစ်ရမှ ကျေနပ်သူ။ တားချင်ပါသော်လည်း ဒေါ်သွဲ့သွဲ့ တားဖို့မကြိုးစားတော့။

"ကဲ မေမေ ပြန်အိပ်တော့မယ်၊ သားလည်း အိပ်တော့နော်။ ဘုရားရော ရှိခိုးရဲ့လား"

"ဟုတ်ကဲ့၊ ဂုဏ်တော်ကိုးပါးကို ရွတ်လိုက်ပါသေးတယ်"

ဒေါ်သွဲ့သွဲ့ မတ်တတ်ရပ်လိုက်စဉ် –

"မေမေ"

မိုးရိပ်က မျက်လုံးလေးမှိတ်၍ အနားသို့တိုးကပ်လာသဖြင့် မိုးရိပ်နဖူးကို ဒေါ်သွဲ့သွဲ့ ဖွဖွနမ်းလိုက်ရသည်။ ဒေါ်သွဲ့သွဲ့ ကျောခိုင်း သွားတော့မှ မိုးရိပ် မွေ့ရာပေါ်သို့ ကိုယ်ကို ပက်လက်ပစ်ချလိုက်တော့ ၏။

သူများတွေ ဘယ်လိုပဲတရားချချ မိုးရိပ် တရားမကျနိုင်ပါ ဘူး။ မမကို ချစ်သမျှ တစ်ဖက်မှာ အမုန်းတွေ သောင်ထွန်းနေတာ သူ မလွှန်ပါဘူးလေ။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဒေါ်လေး"

ဒေါ်ထားထားနွယ် သစ်ခွပန်းအိုးကို ကြည့်နေရာမှ နောက်သို့ သမင်လည်ပြန်လှည့်ကြည့်လိုက်သည်။

"ဩော် . . . လရိပ် ပြန်လာပြီလား"

"ဟုတ်ကဲ့၊ ဒေါ်လေး ဒါန္ဒဦးရော"

"ညှော်ခန်းထဲမှာလေ။ ရေဒီယိုဖွင့်ပြီးငြိမ့်နေတယ်"

သည်နေ့ ဦးက အမဲနှပ်စားချင်သည်ဆိုတာနှင့် လရိပ်ကိုယ်တိုင် ဈေးသွားခဲ့ခြင်းပင်။ သွားသာသွားရသည် စိတ်ကမဖြောင့်။





လရိပ်မရှိတုန်း သခင်ါ ဟိုဟိုသည်သည် လျှောက်သွားနေရင်းမှ ဓလုကားပေါ်တွင် ဘာမှတွေက ပြုတ်ကျနေမှာကို လရိပ်စိုးရိမ်ခြင်းပါ။

အခုတော့ ရေဒီယိုနားထောင်နေသည်ဟူ၍ လရိပ် စိတ်အေးသွားရပါ ပြီ။ ထူးတော့ထူးဆန်းနေသည်။ လရိပ် ဒီအိမ်ကို စရောက်ကတည်းက သခင်ါ ရေဒီယိုနားထောင်တာ တစ်ခါမှမတွေ့ဖူးခဲ့။ ရွှေလက်ဘသာ နားထောင်တတ်တာ။

သခင်ါ ရေဒီယိုကလာတဲ့ သီချင်းကို တငြိမ့်ငြိမ့် တစိမ့်စိမ့် နားထောင်နေသည်။ လရိပ် ခြေဖွ၍ နင်းခဲ့၏။ သီချင်းထဲတွင် သခင်ါ စိတ်တွေ နှစ်မျောနေသဖြင့် နားပါးခြင်းတွေ ခေတ္တပုန်းခိုနေသည် ထင်ပါ၏။

လရိပ် အနှောင့်အယှက်မပေးလို၍ မီးဖိုခန်းထဲသို့ဝင်ရန် ခြေလှမ်းပြင်လိုက်သည်တွင် –

"ဒေါက်"

"လရိပ်"

ရေဒီယိုခလုတ်နှိပ်သံအဆုံးတွင် လရိပ် ကိုယ့်ကိုခေါ်သံကြား လိုက်ရသဖြင့် လှမ်းမည့်ဆဲဆဲ ခြေလှမ်းက တွန့်ဆုတ်သွားလေသည်။ ဆွဲခြင်းကို ခဏချ၍ သခင်ါအနားသို့ လရိပ် တိုးကပ်လာ၏။

"ဦး လရိပ်ကို ဘာခိုင်းမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနိုင်းပါဘူး"

"ဦး လရိပ်ရောက်နေတာကို ဘယ်လိုသိလဲ"

"ဦးက မျက်စိမမြင်လို့ လရိပ် အထင်သေးနေတာလား"

"မဟုတ်ပါဘူး ဦး။ ဦး သိချင်နားထောင်နေလို့"

"မျက်စိမမြင်ပေမယ့် နှာခေါင်းကသိတယ်လေ"

"ရှင်"

လရိပ် ရှက်သွေးဖြန်းကာ မျက်နှာပင် နီမြန်းသွားလေ၏။ ဒါကို သခါမမြင်ပေမယ့် လရိပ်၏နှုတ်မှ အံ့ဩဟန် "ရှင်" ဆိုသော အသံကြောင့် မိမိစကားပြောလောသွားမှုန်း သတိထားမိလိုက်သည်။

"ဩြော် ဟို ဒီလိုပါ ... နေ့တိုင်း အတူသွား အတူလာဆိုတော့ လရိပ် လိမ်းခဲ့တဲ့ သနပ်ခါးနံ့နဲ့ ရင်းနှီးနေတာကိုပြောတာပါ"

သည်တော့မှ လရိပ် အသက်ရှူချောင်သွားရလေ၏။ သခါ လက်နှင့် တစ်ခုခုလိုက်စမ်းနေသည်။ ရေဒီယိုဘေးတွင် နှင်းဆီပွင့် ပန်းရောင်လေးက နေရာယူနေ၏။

သခါ လက်ကလေးနှင့် တိုက်မိကာ နှင်းဆီပွင့်လေးက အောက်သို့ ပြုတ်ကျသွားလေတော့ လရိပ် ကောက်ယူကာ သခါ လက်ထဲသို့ ထည့်ပေးလိုက်သည်။

"လရိပ်"





"ရှင်"

"ရော့ ... ညည်းပန်လိုက်"

သခါပေးသော နှင်းဆီပွင့်ကိုမယူမီ လရိပ် ကြောင်ငေးငေးလေး သခါမျက်နှာကို မော့ကြည့်မိ၏။

"ယူလေ"

လက်က မငံ့မရဲ လှမ်းယူလိုက်သည်။

"ညည်းက ဒီနှင်းဆီပန်းပန်လိုက်ရင် ညရိပ်နဲ့တူမယ်လို့ ငါ ထင်တယ်"

လရိပ် ဘာပြောရမှန်းမသိတော့။ လရိပ်တို့မောင်နှမ သုံး ယောက်ထဲတွင် မိုးရိပ်ဆိုသော သရီးနှင့် မယသာ ရုပ်ချင်းဆင်ကြသည်။

လရိပ်က မိုးရိပ်နှင့်အမွှာဖြစ်သော်လည်း ရုပ်ချင်းမတူ။ မမ နှင့်မိုးရိပ်က ဖေဖေ့ကိုတူ၍ လရိပ်က မေမေနှင့်တူသည်ဟု ဆိုကြသည် လေ။

"လရိပ်"

"ရှင် ဦး"

"ငါ တစ်ခုစိုးရိမ်တယ် သိလား"

"ဘာကိုလဲဟင်"

"ငါ့ဘေးနားက နင် ထွက်သွားမှာကို"



www.burmeseclassic.com

www.burmeseclassic.com



လရိပ် ရင်ထဲမှာနင့်ခနဲ ဖြစ်သွားရ၏။ ဒါ သံယောဇဉ်စကား တွေလား။

လရိပ်လည်း သဒ္ဒါဘေးနားကနေ အဝေးသို့ ထွက်မသွားချင်ပါ။

သူမ၏နှလုံးသားအသိုက်အမြုံလေးထဲမှာ သဒ္ဒါက ခိုဝင်နားနေခဲ့ပါပြီ။

"ဦးရယ် . . . လရိပ်လေ ဦးနားမှာ တစ်သက်လုံးနေချင်ပါတယ်"

"တကယ်လား လရိပ်"

"တကယ်ပါ ဦး။ ဦးရဲ့ မှောင်နေတဲ့ဘဝလမ်းကို လရိပ်က လရောင်ဆမ်းပေးချင်သူပါ"

အငိုမျက်လုံး အပြုံးမျက်နှာနှင့် ထာဝရ ရင်မှာသိမ်းဆည်းထားခဲ့ရသည့် အချစ်တွေသည် နှလုံးသားမှာ တစ်ဖန်ပြန်လည်နိုးကြားလာခဲ့သည်နှင့်အမျှ –

"ဝမ်းသာလိုက်တာ လရိပ်ရယ်။ တကယ်ပဲ ဦးအနားမှာ တစ်သက်လုံး နေမှာလားဟင်"

"ဦး ခွင့်ပြုမယ်ဆိုရင်ပေါ့"

"လရိပ်ရယ်"





လရိပ်သည် သဒ္ဒါလက်ကို ဆုပ်ကိုင်လိုက်သည်မို့ သဒ္ဒါကလည်း ပြန်လည်၍ ကျန်လက်တစ်ဖက်နှင့် လရိပ်လက်ကို ဆုပ်ကိုင်ထားလေပြီ –

"ဦးရဲ့ရင်ခွင်ဟာ သင်းကွဲငှက်ကလေးရဲ့ နားခိုရာပါ လရိပ်ရယ်"

"ဦးရယ်"

"တီတီ တီတီ"

မိုးရိပ် လိပ်စာကတ်ပြားထုတ်ကြည့်ပြီး သူရှာနေသည့် ခြံ သေချာနေပြီမို့ ကားဟွန်းတီး၍ အချက်ပေးလိုက်သည်။ အတန်ကြာစောင့်နေမှ ခြံထဲကနေ အသက်လေးဆယ်ကျော်လောက်ရှိသော လူတစ်ယောက် ထွက်လာပြီး ခြံတံခါးကို လူတစ်ယောက်ဝင်သာရုံသာ ဟကာ ခေါင်းပြူ၍ကြည့်ရင်း –

"ဘယ်သူလဲဟေ့"

"ဒါ ကိုသဒ္ဒါတို့အိမ် ဟုတ်ပါတယ်နော်"

"––––––"

"ကျွန်တော် ကိုသဒ္ဒါနဲ့ တွေ့ချင်လို့ပါ"

ခြံစောင့်လား။ ဒရိုင်ဘာလားတော့မသိ။ သဒ္ဒါနှင့်တွေ့ချင်သည်ဆိုမှ ကားဝင်နိုင်အောင် ခြံတံခါးကိုဖွင့်ပေးသည်။ မိုးရိပ် ကားကို



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းမောင်းဝင်ခဲ့၏။ ကားကိုရပ်ပြီးဆင်းလိုက်ချိန်တွင် ကြီးကျယ်ခန့်ညားသော တိုက်ကြီးကိုမော့ကြည့်၍ နှုတ်ခမ်းတစ်ချက် မဲ့လိုက်မိသည်။

"မောင်သခ်ီ အထဲမှာရှိတယ် ဝင်သွားလိုက်လေ"

စောစောကလူကြီးက လှမ်းအော်ပြောသဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်သလို မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး အိမ်ထဲသို့ ဝင်ခဲ့တော့၏။

"ဟင်"

ဧည့်ခန်းဆီသို့ ဦးတည်လျှောက်ခဲ့ရာ မြင်လိုက်ရသော မြင်ကွင်းကြောင့် ဒေါသတို့သည် ရင်ဝကို ဆောင့်တွန်း၍ ထွက်လာချေကာ –

"မိထွေး ... နင် နင်"

စကားလုံးတို့ကို ဒေါသအရှိန်အဟုန်က တားဆီးထားသည် ထင်ပါ၏။ နှုတ်ဖျားမှ လျှောလျှောရှူရှူ ထွက်မလာ။ တစ်ဦးလက်ကို တစ်ဦး ဆုပ်ကိုင်၍ ကြည်နူးနေကြသောသူတို့သည် သူ့အသံကြောင့် လက်ခြင်းကင်းကွာသွားကြပြီး အလန့်တကြား လှည့်ကြည့်ကာသာ။

"ဟင် ... သရီး"

"နင်တို့က ဒီအခြေအနေတောင် ရောက်နေကြပြီကိုး။ နင်





ဒို့ယုံကြည်မှုကို အလွဲသုံးစားလုပ်တယ်ဟာ"

ဆို့နင့်ကြေကွဲသောအသံသည် ပုစဉ်းရင်ကွဲတစ်ကောင်ပမာ။ အသားများပင် တဆတ်ဆတ်တုန်လာ၏။

"မင်း ဘယ်သူလဲ"

သခ်ီ ထိုင်ရာမှ ထရပ်လိုက်ချိန်တွင် လဲကျမည်စိုး၍ လရိပ် ဖေးမလိုက်၏။

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား သိဖို့မလိုဘူး။ တူး နင်ဟာ ငါ နင့်ကိုလွှတ်ထားတာ သခ်ီနှလုံးသားကို ဖဲ့ခြွေဖို့လေ။ ခုတော့ နင့်နှလုံးသားကိုပါ သခ်ီ့အပါးမှာ မြှုပ်နှံလိုက်ပြီပေါ့"

လရိပ် မျက်ရည်ကြည်တွေ ရစ်သိုင်းဖွဲ့နေသည့် မျက်ဝန်းအစုံနှင့် မိုးရိပ်ကိုကြည့်ကာ တောင်းပန်တိုးလျှိုးနေမိ၏။

"ငါ့ကို ခွင့်လွှတ်ပါ သရီးရယ်၊ ဦးက သနားဖို့ကောင်းပါတယ်။ နင်ထင်သလို"

"တော်တော့ မိတူး။ သူ့ဘက်ကကြည့်ရင် လက်ခံ၊ ကိုယ့်ဘက်က ကြည့်ရင် လက်ဝါး။ ဒါတွေက လောကရဲ့သဘာဝတရားတွေပါ။ လူတိုင်းဟာ ကိုယ့်အမှား ကိုယ်ဖုံးကွယ်တတ်ကြတာချည်းပဲ။ သောကတွေ ဗရပွနဲ့ အနာတရဖြစ်ခဲ့ရတဲ့ တို့နှလုံးသားက သွေးစတွေကို နင် သခ်ီကို ခြေဆေးခိုင်းမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မိုးရိပ်မောင်"

လရိပ် တုန်ယင်နေသောအသံနှင့် ကုန်းအော်လိုက်သည်။ မိုးရိပ်မောင်ဆိုသောအသံကြောင့် သခ်ီ လရိပ်၏မောင်ပဲဖြစ်ရမည်ဟု ရိပ်စားမိလိုက်သည်။

ညရိပ်မောင်၊ လရိပ်မောင်၊ ခု မိုးရိပ်မောင်တဲ့လေ။

"အစ်ကိုရှင်းပြပါရစေ ညီလေးရယ်။ ညီလေးထင်သလို အစ်ကိုက သစ္စာမဲ့ခဲ့သူ မဟုတ်ပါဘူးကွာ"

"ခင်ဗျားမပြောနဲ့ ရှင်းပြစရာမလိုလောက်အောင်ကိုပဲ ခင်ဗျား ယုတ်မာမှုတွေကို ကျွန်တော့်ဘဝတစ်လျှောက်လုံး မှတ်တမ်းတင်ခဲ့တာ"

လရိပ် အားနာသလို သခ်ီကိုကြည့်သည်။ သခ်ီကတော့ မမြင်နိုင်ပါ။

"ငါ တောင်းပန်ပါတယ် သခ်ီရယ်။ လူတစ်ယောက်ရဲ့ ဇာတ်ရင်း ဇာတ်မြစ်ကို ဇာတ်ခုံအောက်ကနေ ကြည့်ရုံနဲ့ မသိနိုင်ပါဘူး"

"တွား"

ခက်ထန်မာကျောသော မိုးရိပ်ကို မငံ့မရဲနှင့် မော့ကြည့်လိုက်၏။

"နင် ငါနဲ့ပြန်လိုက်ခဲ့"





မိုးရိပ် တူးလက်ကို ဆွဲခေါ်လိုက်၏။

လရိပ်က ရုန်းကာ–

"ဟင့်အင်း ... ငါမလိုက်ဘူး။ သခ်ီရယ် ဒုက္ခိတဖြစ်နေတဲ့ သူ့ကို နင် အနိုင်မယူချင်ပါနဲ့တော့။ ဦးအနားမှာ ငါမရှိလို့မဖြစ်ဘူး"

"ကဲဟာ ... မလိုက်ချင်ဦး"

"ဖြန်း"

"လရိပ်"

မိုးရိပ် ဒေါသကို မထိန်းနိုင်ပဲ လရိပ်ပါးပြင်ကို ရိုက်ချလိုက်၏။ ကိုယ့်အစ်မတစ်ယောက်လုံးကို သတ်ထားသည့် လူသတ်သမား တစ်ယောက်လုံးကို မြတ်နိုးတွယ်တာနေသည့် ကောင်မဟု စိတ်ထဲမှာ အခဲမကျေ။

သခ်ီကတော့ လက်တစမ်းစမ်းနှင့် လရိပ်ကို စိုးရိမ်စွာ ရှာဖွေနေသည်။

"ငါ ပြန်မလိုက်လို့ ပါးရိုက်ခဲ့တယ်ဆိုရင် တစ်သက်စာ အတွက် ကျေနပ်အောင် နင် ရိုက်သွားပါ သခ်ီ"

"စိတ်ချ တူး။ နင့်ပါးကို ငါ မရိုက်တော့ဘူး။ ပါးရိုက်တဲ့ နာကျင်မှုထက်ပိုတဲ့ ရိုက်နှက်မှုမျိုးနဲ့ နင့်နှလုံးသားကို အခါခါ ငါရိုက်ပြ မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ် ချာခနဲလှည့်ထွက်ခဲ့တော့၏။ တစ်သက်တာ အရိုက်ခံပြီး ဒီနှောင်ကြိုးကို တစ်ရစ်တိုးပြီး ပတ်သက်ယှက်နွယ်တော့မယ်တဲ့လား။

ရတယ် တူး။ ငါကလည်း ငါ့ရင်ထဲကအမုန်းတရားတွေကို အတိတ်ဆိုတဲ့ ဓားသွေးကျောက်ပေါ် ခဏခဏတင်သွေးပြီး အမုန်းတွေ ထက်သထက် ထက်နေဦးမယ်ဆိုတာ။

❋ ❋ ❋



## အခန်း (၁၆)

"မောင်"

သစ်ရွက်ကြွေတွေကိုငေးမောရင်း အခါခါ သက်ပြင်းချနေသော မိုးရိပ်ပခုံးကို လှမ်း၍ ရွှေလက်ာ ခေါ်လိုက်၏။

"မောင်"

"ဘာလဲ ရွှေလက်ာရယ်"

"မောင် ဘာဖြစ်နေတာလဲ"

"မဖြစ်ပါဘူး"

"မညာပါနဲ့ မောင်ရယ်။ ရွှေလက်ာ မောင့်မျက်နှာကို အရိပ်လို ကြည့်နေတဲ့သူပါမောင်။ အခုတလော သက်ပြင်းတွေ အခါခါ



www.burmeseclassic.com

www.burmeseclassic.com



ချနေတာ ဘာဖြစ်လို့လဲဟင်''

မိုးရိပ် ဖြေချင်စိတ်မရှိ။ သို့သော် ရွှေလက်ာကိုလည်း သူ့ကြောင့် စိတ်စနိုးစနောင့် မဖြစ်စေချင်။

''မသိချင်ပါနဲ့ ရွှေလက်ာရယ်။ မောင် ရွှေလက်ာ့ကို စိတ်ဆင်းရဲတာတွေ မကူးစက်စေချင်ဘူး''

''ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ။ မောင်နဲ့ ရွှေလက်ာက ချစ်သူတွေလေ။ အေးအတူ ပူအမျှပေါ့''

''မောင် စိတ်ညစ်နေလို့ပါ''

''ရွှေလက်ာ ဘာကူညီရမလဲဟင်။ အရာရာပြည့်စုံနေတဲ့ မောင့်ဘဝမှာ စိတ်ညစ်စရာဆိုတာ ရှိသေးတယ် ဟုတ်လား''

မိုးရိပ် မျက်နှာကို လက်ဝါးနှင့်အုပ်၍ အတန်ကြာ ငြိမ်နေပြီးမှ လေပြည်တစ်ချက်အဝေ့တွင် အသက်ကို ဝအောင်ရှူသွင်းလိုက်၏။

''အရာရာ ပြီးပြည့်စုံတဲ့လူတွေရဲ့ နောက်ကွယ်ကသောကတွေကို ဘယ်သူမှ မမြင်နိုင်ကြဘူးလား ရွှေလက်ာ။ လူ့ဘဝမှာ ဥစ္စာဓန ချမ်းသာရင် အရာရာပြီးပြည့်စုံတယ်လို့ ခေါ်သလား။ လူ့ဘဝဆိုတာ တမာပင်လိုပဲ ရွှေလက်ာ။ တစ်ပင်တည်းမှာ တမာပွင့်တွေ ရနံ့သင်းနေပေမယ့် တမာရွက်က ခါးတယ်လေ။ တစ်ပင်တည်းမှာ





အတူရှိနေပေမယ့် ဂုဏ်သိက္ခာက ဆန့်ကျင်ဘက်ဖြစ်နေတယ်''

ရွှေလက်ာ ခပ်ငိုင်ငိုင်လေး စဉ်းစားပြီး အဓိပ္ပာယ်ကောက်လွဲသွားသည် ထင်ပါ၏။

''မောင် မောင့်အိမ်နဲ့ အဆင်မပြေဘူးလား''

''ပြောရခက်တယ်ကွာ''

သူတို့မောင်နှမကြားက အဆင်မပြေမှုတွေသည် မေမေ့ရင်ကို စူးနစ်စေ၏။ မေမေလည်း စိတ်မကောင်းဖြစ်နေရှာပြီး မိုးရိပ်ကို ဖျောင်းဖျပေမယ့် မိုးရိပ်က ခေါင်းမာသူ။ ချိန်ပြီးသား ပစ်မှတ်တစ်ခုကို ဘယ်အတားအဆီးကြောင့်မှ လက်တွန့်ဆုတ်မည် မဟုတ်။ မိုးနှင့်မချေ ရလျှင် လေနှင့်ချေမည့်သူပင်။

''ရွှေလက်ာ မောင့်အတွက်ဆို ဘာပဲလုပ်ပေးရ လုပ်ပေးရ အဆင်သင့်ပါ မောင်။ မောင် အိမ်နဲ့အဆင်မပြေရင် မောင် ဘာဖြစ်ချင်လဲ ပြောပါ''

မိုးရိပ် သူ့အပေါ်တွင် အလိုက်သိလွန်းသော ချစ်သူကို ကရုဏာသက်သွားရ၏။

''ကျေးဇူး ရွှေလက်ာ။ မောင့်အတွင်းရေးကို မောင့်ရင်ထဲမှာပဲ သိမ်းထားပါရစေ''

''ရွှေလက်ာကို မျှဝေခံစားခွင့်မပေးတော့ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ် ခေါင်းကို လေးတွဲစွာ ခါယမ်းလိုက်သည်။

"တောက်လောင်နေတဲ့မီးဖိုက မီးကို ကူးယူလို့ရပေမယ့် လူတစ်ယောက်ရဲ့ ရင်ထဲကအပူကို ရေနွေးတစ်အိုးလို ငှဲ့ထည့်ပေးလို့မရဘာ"

"မောင်ရယ်"

ရွှေလက်ာ မောင့်ကို သနားစွာ ညည်းတွားမိရင်း မောင့်ပခုံးပေါ်တွင် ခေါင်းကိုမှီတင်လိုက်၏။

"ရွှေလက်ာ"

"ပြောလေ"

"ပြန်ကြရအောင်နော်"

ရွှေလက်ာ ခေါင်းကိုအသာညိတ်ပြလိုက်သည်။ ထွက်လာခဲ့ကြသော်လည်း ခါတိုင်းလို ချစ်စကားတွေ ဖောင်ဖွဲ့မနေကြတော့။ အင်းလျားရေပြင်ကို ကျောခိုင်းခဲ့ပြီးကတည်းက စကားမဆိုဖြစ်ကြ။

အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည်။ ကားမောင်းပြီး ထွက်လာခဲ့ကြရာ မှတ်တိုင်တစ်ခုတွင် ရွှေလက်ာ မျက်လုံးဝေ့အကြည့် ကားစောင့်နေသော လရိပ်ကိုမြင်လိုက်ရ၍ –

"မောင် ကားခဏရပ်ပေးပါလားဟင်"

"ဘာလုပ်မလို့လဲ ရွှေလက်ာ"





"ရွှေလက်ာ့သူငယ်ချင်းတစ်ယောက် မြင်မိလို့ပါ"

မိုးရိပ် ကားကို ရပ်ပေးလိုက်၏။

ရွှေလက်ာ ကားပေါ်မှဆင်း၍ . . .

"ဟိတ် . . . လရိပ်"

"ဟယ် . . . ရွှေလက်ာ"

"လရိပ် ဘယ်သွားမလို့လဲ"

"ရွှေလက်ာတို့ကျောင်းကို"

"ရွှေလက်ာ့ကို လာရှာတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး။ သူငယ်ချင်းတစ်ယောက်ဆီကို သွားမလို့"

"ဟုတ်လား . . . ဒါဆို တို့နဲ့လိုက်ခဲ့လေ"

"ကျေးဇူးပဲ ရွှေလက်ာ"

မိုးရိပ်စိတ်တွေ မတည်မငြိမ်ဖြစ်နေသည်မို့ ရွှေလက်ာ သူမသူငယ်ချင်းနှင့် စကားပြောနေသည်ကို လှည့်မကြည့်ဖြစ်။ စိတ်လည်း မဝင်စား။

သူ့အာရုံထဲမှာ လွှမ်းမိုးနေသည်က သခါဆိုသည့်လူကို ဘယ်လိုနှိပ်ကွပ်ရမလဲဆိုသည့်စိတ်ပင်။

"မောင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေလက်ာ ကားတံခါးဝမှာ လာရပ်ရင်းခေါ်သဖြင့် အတွေးစ က ပြတ်တောက်သွားလေ၏။

"မောင်နဲ့မိတ်ဆက်ပေးမလို့"

မိတ်ဆက်ပေးမည်ဟူသောကြောင့် ရွှေလက်ာ့ဘေးတွင် ရပ်နေသူကို အကြည့်ရောက်ခိုက်။

"ဟင်"

အံ့ဩဟန်နှင့်အတူ မိုးရိပ်၏နှုတ်ခမ်းအစုံမှာ ပွင့်ဟသွားသလို လရိပ်ကလည်း မျက်လုံးအဝိုင်းသားနှင့် ကြောင်တေး၍ကြည့်နေသည်။

ဘာမှမသိရှာသော ရွှေလက်ာကတော့ နှစ်လိုဖွယ်အပြုံးလေး နှင့်သာ။

"ဒါ . . . ရွှေလက်ာ့သူငယ်ချင်း လရိပ်မောင်တဲ့"

ဟန်ကိုယ့်ဖို့ဆိုသလို မိုးရိပ် ပျက်ယွင်းနေသောမျက်နှာကို ပြင်လိုက်ရ၏။

ပြီးတော့ ခေါင်းညိတ်ပြလိုက်သည်။

"လရိပ် . . . ဒါ ရွှေလက်ာချစ်သူပေါ့။ မိုးရိပ်မောင်တဲ့။ ဟို . . . ကိုကိုကိုတော့ သွားမပြောလိုက်နဲ့ဦးနော်။ စောပါသေးတယ် . . . ဟဲဟဲ"

လရိပ်မောင် မချိပြုံး ပြုံးလျက် မျက်နှာလွှဲထားလေသည်။





သရီးကိုလာရှာခြင်းမှာ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ပြန်တော့လည်း အခြေအနေကို သုံးသပ်ရပြန်၏။

"တက်လေ လရိပ်"

ရွှေလက်ာ ကားတံခါးကိုဖွင့်၍ တက်ခိုင်းနေပြီ။ လရိပ် ဘာ လုပ်ရမလဲဟု အပြေးအလွှားစဉ်းစားပြီး –

"ဟာ . . . ခုမှသတိရတယ်။ လရိပ်လိုက်လို့မဖြစ်သေးဘူး ရွှေလက်ာ"

"ဘာဖြစ်လို့လဲ"

"ဟို . . . လရိပ်မေ့သွားလို့၊ မိတ်ဆွေတစ်ယောက်နဲ့ အရေး တကြီးကိစ္စ ချိန်းထားသေးတယ်။ သူ စောင့်နေမှာ ကြိမ်းသေပဲ"

လရိပ် နှုတ်ဆက်၍ အပြေးအလွှားထွက်သွားလေသည်။ မိုးရိပ် ကားကလေးသည်လည်း လျှောခနဲမောင်းထွက်လာခဲ့၏။ တူး သူ့ကို သွယ်ဝိုက်တဲ့နည်းနဲ့ ချိန်းသွားခြင်းပင်ဖြစ်သည်။

တူးကြည့်နေတဲ့ မျက်ရှုံးတွေမှာ သူ့ကို စကားလုံးတွေ အများကြီး မျက်ရိပ်ပြ၍ ချိန်းဆိုသွားခဲ့သည်ဆိုတာ မိုးရိပ် သိတာ ပေါ့။

"နင် ဘာပြောချင်တာလဲ တူး၊ နားလည်ပေးဖို့၊ ခွင့်လွှတ် ပေးဖို့တွေ တောင်းဆိုလာရင်တော့ ငါ့ဘက်က လုံးဝ တာ့တာပဲ။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



နင် ကြိုးပြီးသိထားဖို့ကောင်းတာပါ''

''ဘယ်လိုစကားနာထိုးပြီး လေပြည်သွေးဦးမလို့လဲ တူး''

မိုးရိပ်အသံက မာထန်နေ၏။ ရွှေလက်ာ့ကို သူလှည့်ထားခဲ့တာ။ ခေါင်းကိုက်၍ အိမ်ပြန်မည်ဟုပြောထားခဲ့တာလေ။ မိုးရိပ် ထင်သလိုပင် လရိပ် ဖေဖေဝယ်ထားသော ခြံသို့ ပြန်ရောက်နေသည်။

သည်ခြံနှင့်တိုက်ကို လရိပ်နှင့်မိုးရိပ် အရင်အိမ်ထောင်ကျသူအတွက် လက်ဖွဲ့ဟုဆိုကာ ဖေဖေ နိုင်ငံခြားမသွားခင် ဝယ်ထားခဲ့ခြင်းပင်။

''နင့်အယူအဆတွေ အရမ်းမှားနေပြီ သရီး''

''အခုချိန်မှာ နင်နဲ့ငါက တစ်ယောက်ကိုတစ်ယောက် အပြစ်မြင်နေကြပြီပေါ့။ ငါကတော့ ရည်ရွယ်ချက်ကို မဖျက်နိုင်ဘူး''

''ရည်မှန်းချက်ကြီးရင် ဆုံးရှုံးမှုတွေ များတတ်တယ်ဆိုတာရော နင်တွေးမိရဲ့လား''

မိုးရိပ် နှုတ်ခမ်းပေါ်တွင် မပီပြင်သော အပြုံးတစ်ပွင့်က ခိုကပ်၍နေချေ၏။ သရော်ပြုံးလေး။

လရိပ် ရွှေလက်ာအတွက် စိုးရိမ်သွားမိသည်။ ရွှေလက်ာ့ကို သူ အသုံးချပြီဟု ထင်လိုက်၏။

''အထင်ဆိုတာ အမြင်လောက် မသေချာဘူး သရီး။ အစွယ်





ထက်တိုင်း ကျားမဟုတ်သလို ရေငုပ်တိုင်းလည်း ဖားမဟုတ်ဘူး။ ဒီအမြင် ကမ္ဘာကြီးက ပြားတယ်ထင်ပေမယ့် လုံးနေတယ်ဆိုတာ အားလုံးသိနေကြတာပဲ''

''စကားလုံးတွေက ပြောင်မြောက်လှချည်လား ဒေါ်လရိပ်မောင်။ ခင်ဗျားစကားလုံးတွေကို ထုတ်နုတ်ပြီးဝတ္ထုရေးရင် ကျွန်တော် ကမ္ဘာကျော်သွားလိမ့်မယ်ထင်တယ်''

လရိပ် သက်ပြင်းချမိ၏။ ခေါင်းမာလွန်းသောသရီးကို ထုချင်ရိုက်ချင်စိတ်တွေ ပေါ်လာ၏။

''ငါ့ကို မခနဲ့ပါနဲ့ သရီး။ အဖြစ်မှန်ကို မသုံးသပ်ဘဲ ကယ်တင်ရှင်ကို သူခိုးလို့ အော်မိတဲ့ စောလူမင်းလို ဖြစ်မှာစိုးလို့ နင့်ကို ငါ ပြောနေတာ''

မိုးရိပ် ဒေါသအငိုးအငွေ့တွေ လျှံထွက်နေသော မျက်လုံးနှင့် လရိပ်ကို လှည့်ကြည့်သည်။

''အတိတ်ကအရိပ်တွေက ဒဏ္ဍာရီလည်းမဟုတ်ဘူး၊ ပုံပြင်လည်းမဟုတ်ဘူး တူး''

လရိပ် စိတ်ပျက်စွာ ခေါင်းခါမိတော့သည်။ အမုန်းကို လက်ညှိုးထိုးပြတာတောင် သံယောဇဉ်မလိုက်ချင်သည့်သူ့ကို ဘယ်စာသားနဲ့ တရားချပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး တောင်းပန်ကြည့်ရုံပဲ ရှိတော့လေသည်။

"ငါ တောင်းပန်ပါတယ် သရီးရယ်။ နင် ရွှေလက်ကို ဒုက္ခမပေးပါနဲ့နော်။ နမချင်း ကိုယ်ချင်းစာကြည့်ပါ။ နင်မုန်းနေတာ သခါကိုမဟုတ်လား။ ဖြူစင်တဲ့သူကိုတော့ ခုတုံးမလုပ်ပါနဲ့"

"ဘာ"

မိုးရိပ် မျက်ခုံးနှစ်ဖက် စုကျုံ့သွားလေသည်။ ရွှေလက်ပုံရိပ်တွေက မျက်ဝန်းထဲသို့ အပြေးအလွှားရောက်လာလေ၏။ ရွှေလက်နဲ့ သခါ။ ကိုကိုမသိပါစေနဲ့ဦးတဲ့။ သူ့ သည်အချက်တွေကို ဘာဖြစ်လို့ မစဉ်းစားခဲ့မိပါလိမ့်။

အခုမှပင် ကြက်ကန်းဆန်အိုးတိုးမိသလို။ စိတ်တော့ မကောင်းပါဘူး။ မမရဲ့ခံစားမှုမျိုးကို မင်း မြည်းကြည့်လိုက်စမ်းပါ ရွှေလက်။ သခါ ခင်ဗျားကြီး ကျုပ်ခံစားရသလို ပြန်ခံစားစေရမယ်။ ဝဋ်လည်စေရမယ် စိတ်ချ။

"ဟား ဟား ဟား"

မိုးရိပ် ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်၏။ ဒါ ပမာဏပဲရှိသေးသည်လေ။ တစ်နေ့ဆိုတဲ့တစ်နေ့မှာ အငွေ့အသက်တွေ တထောင်းထောင်းနဲ့ မောင်းတီးပြီး ဟားတိုက်ရမယ်။ လောကကြီးပွဲအောင် ရယ်မော၍ ပြလိုက်ချင်ပါရဲ့။





"သရီး"

လရိပ်ခေါ်သော်လည်း လှည့်မကြည့်တော့။ အောင်နိုင်သူ အပြုံးမျိုးနှင့် အငြိုးတွေကို အလံထိုး၍ ကားမောင်းကာ ထွက်ခဲ့တော့သည်။

နင်မသိရင် မှတ်ထားလိုက် တူ။ ငါဆိုတဲ့ကောင်က အမုန်းတရားတွေကို အချစ်နဲ့ချေပြီး ညီမျှခြင်းချမယ့်ကောင် မဟုတ်ဘူး ဆိုတာ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ခေါင်းအုံးနားတွင် ချထားသော ရွှေလက်ာ့ဟန်းဖုန်းလေးမှ ထွက်လာသောအသံကြောင့် ရွှေလက်ာ ဟန်းဖုန်းလေးကို ကောက်ကိုင်လိုက်၏။

"ညအချိန်မတော် ဘယ်ကပါလိမ့်"

တစ်ဦးတည်းရေရွတ်ရင်း ဟန်းဖုန်းကို နားသို့ကပ်လိုက်သည်။

"ဟယ်လို"

"ရွှေလက်ာ မောင်ပါကွ"

"ဟင် . . . မောင် ဘယ်လိုဖြစ်တာလဲ။ ညအချိန်မတော်မှ"





"ကိုယ့်ချစ်သူကို သတိရလို့ ဆက်တာပဲ၊ အချိန်ရွေးနေရဦးမှာလား"

"မဟုတ်ပါဘူး မောင်ရဲ့၊ မောင် ညဘက်ရွှေလက်ာ့ဆီ တစ်ခါမှ ဖုန်းမဆက်ဖူးလို့ပါ"

မိုးရိပ် တက်ခနဲ တစ်ချက်ရယ်ရင်း –

"အခု ဆက်ပြီလေ။ မောင်ဘယ်ကဆက်နေတာလဲ ရွှေလက်ာ သိလား"

"ဟင့်အင်း . . . မသိဘူးမောင်။ ဘယ်က ဆက်တာလဲ"

"သိချင်နေပြီလား"

"အင်း . . . သိချင်တာပေါ့"

မိုးရိပ် ဖုန်းကို တစ်ဖက်ပြောင်း၍ နားထောင်လိုက်သည်။

တစ်ဖက်မှာ ရွှေလက်ာသည်လည်း အိပ်ရာပေါ်မှ ထထိုင်လိုက်၏။

"သိချင်ရင် ရွှေလက်ာ အခန်းထဲကနေ ထွက်ခဲ့လေ"

ရွှေလက်ာ မျက်မှောင်ကျုံ့ကာ စဉ်းစားရင်း အခန်းတံခါးဆီသို့ လျှောက်လာခဲ့သည်။

ဖုန်းကိုတော့ ပိတ်မပစ်သေးပေ။

"ရွှေလက်ာ ငြိမ်လှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားနေတာလေ"

"ဘာကိုလဲ"

"မောင် ဘယ်မှာရှိနိုင်မလဲလို့"

"သိရတော့မယ်လေ"

မိုးရိပ်အသံက ခပ်တိုးတိုးပင်။ ရွှေလက်ာ တံခါးကို အသာ တွန်းဖွင့်လိုက်သည့်တွင် –

"ရွှေလက်ာ"

"ဟင် မောင် ဘယ်ကနေ ဘယ်လို"

"ရှူး"

တံခါးဝတွင် မိုးရိပ်မျက်နှာက ဘွားခနဲ ပေါ်လာသဖြင့် ရွှေလက်ာ အံ့သြစွာ ဆိုမိသည်။

မိုးရိပ် လက်ညှိုးကို နှုတ်ခမ်းတွင်ကပ်၍ ရှူးခနဲလုပ်ကာ ရွှေလက်ာကို လှမ်းဖက်လိုက်သည့်မို့ ရွှေလက်ာ လန့်ဖျပ်၍ ဟန်းမုန်းလေးကို ပိတ်မိလျက်သား ဖြစ်သွားရသည်အထိ။

"မောင် ရွှေလက်ာကို အရမ်းသတိရတယ်ကွာ"

မိုးရိပ် စကားပြောချိန်တွင် ပါးစပ်မှထွက်လာသောအနံ့တစ်ခုကြောင့် ရွှေလက်ာ နှာခေါင်းရှုံ့မိသည်။

"ဟင်း . . . နံလိုက်တာ၊ မောင် အရက်သောက်လာတယ်





ထင်တယ်"

"နည်းနည်းလေးပါ"

"နည်းနည်းများများ ရွှေလက်ာ မကြိုက်ဘူးကွာ"

"စိတ်ညစ်လို့သောက်မိတာပါ အချစ်ရယ်။ ရွှေလက်ာ မကြိုက်ရင် နောက် မောင်မသောက်တော့ဘူး"

"တကယ်နော်"

"ဟုတ်ကဲ့ ခင်ဗျာ့"

ရွှေလက်ာ့အခန်းထဲတွင် ရယ်သံလေးက တိုးတိုးတိတ်တိတ်။

"မောင် သိပ်အတင့်ရဲတာပဲ။ ကိုကိုသိရင် မိုးမီးလောင်မှာ"

"သိတော့လည်း ဘာဖြစ်လဲ။ နားဖောက်ပြီးသား ဖြစ်သွားတာပေါ့"

မိုးရိပ်နှင့်ရွှေလက်ာ မွေ့ရာပေါ်တွင် အတူထိုင်လျက်သား ဖြစ်သွားသည်။

"ကျောင်းမပြီးသေးဘူးလေ မောင်ရဲ့"

"ဘာဖြစ်လဲ၊ လက်ထပ်ပြီးမှ ကျောင်းဆက်တက်လည်း ရတာပဲဟာ။ ရွှေလက်ာက မောင်နဲ့ လက်မထပ်ဘူးလား"

"ဘယ်လိုပြောလိုက်တာလဲ မောင်ရယ်၊ ကိုယ့်ချစ်သူနဲ့ လက်မထပ်ချင်တဲ့သူ ရှိပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ် အပြုံးငွေ့ငွေ့နှင့်ကြည့်ကာ ရွှေလက်ာ့မေးဖျားလေးကို ကိုင်၍ ဆွဲမော့လိုက်သည်။

“ဒါဆို မောင်စိတ်ညစ်ရမယ့်စကားမျိုး မပြောနဲ့တော့။ မောင်နဲ့ ရွှေလက်ာ ချစ်ကမ္ဘာလေးထဲမှာ အတူတူလက်တွဲပြီး လျှောက်လှမ်းကြမယ်လေ”

“ယုံရမှာလား”

“မယုံရင်ပုံပြင်လို့မှတ်ပေါ့။ မောင်ကတော့လေ မေမေ့ကို ဖွင့်ပြောလိုက်တော့မယ်။ ရွှေလက်ာနဲ့အတူတူနေချင်လှပြီ”

ရွှေလက်ာမျက်ဝန်းနက်နက်ကလေးများတွင် အရည်လဲ့နေ၏။

မိုးရိပ်ဆိုသောစကားတို့သည် တဒင်္ဂအတွင်း၌ ရင်ထဲမှ သူ့ အလိုလို ပေါက်ဖွားလာသော စကားလုံးများပင် ဖြစ်၏။ စိတ်တို့သည် အရိုင်းအယဉ်ကို လွန်ဆွဲနေကြသည်နှင့်အမျှ။

“မောင်ပြန်တော့နော်”

“ဟင့်အင်း မပြန်ဘူး”

“ဒုက္ခပါပဲ”

“မောင့်ကိုချစ်ရတာ ဒုက္ခလား ရွှေလက်ာ”

ရွှေလက်ာ အဖြေရခက်နေသည်။ မောင့်ကိုလည်း အတင်း





မနှင်ရက်။

နှလုံးသား၏မွေ့လျော်ကွက်တွေက ဦးနှောက်၏အသိတရားကို ထိန်းချုပ်မထားနိုင်။

“မဟုတ်ပါဘူး မောင်ရယ်”

“ဒါဆို ဘာဖြစ်လို့ မျက်နှာကြီးကို တည်ထားရတာလဲ။ မောင့်ကိုချစ်ရင် ပြုံးပြ”

ရွှေလက်ာ အားတင်း၍ ပြုံးပြလိုက်သည်တွင် –

“ဒါမှ မောင့်ချစ်သူကွ။ မောင် ရွှေလက်ာကို အရမ်းချစ်တယ် သိလား”

“သိပါတယ် မောင်ရယ်။ ရွှေလက်ာ့အချစ်ကလည်း မောင့်ထက် မလျော့ပါဘူး”

“အဲဒီအပြောလေးတွေကြောင့် မောင် ရူးမတတ်ဖြစ်နေတာ”

“သွားပါ၊ သူများကို မမိဘဲနဲ့”

“အံမယ် . . . ပိုတောင်ပိုသေးတယ်။ မောင် သက်သေပြရမလား”

ငုံ့မိုးလာသော မိုးရိပ်မျက်နှာကို လက်ကလေးနှင့်ကာ၍ ရွှေလက်ာ ရယ်လေသည်။

“ယုံပြီ ယုံပြီ . . . မောင်နော် မောင်”



www.burmeseclassic.com

www.burmeseclassic.com



ရွှေလက်ာ တားဆီးနိုင်စွမ်းမရှိတော့။ မိုးရိပ်၏ဟန်ဆောင် အပြုံးတို့သည် ကျည်တစ်တောင့်နှင့် သမင်နှစ်ကောင်ကို ထိအောင် ပစ်နိုင်ခဲ့သည်ဆိုလျှင် ယုံမလား။

❋ ❋ ❋



## အခန်း (၁၈)

"စဉ်းစားပါဦး သားရယ်။ မေမေကတော့ သား ဆုံးဖြတ်ချက်ကို တွန်းအားမပေးချင်ဘူး။ မေမေ့သားလေးနဲ့ မေမေ ဝေးဝေးမနေနိုင်ဘူး"

"မေမေ"

"____"

"သား ဆုံးဖြတ်ပြီးပြီ မေမေရဲ့"

မိုးရိပ် ဖခင် နိုင်ငံခြားမှ ပြန်ရောက်ခဲ့သည်မှာ တစ်ပတ်ပင် ကြာခဲ့ပြီ။ ဦးမြင့်မိုး နိုင်ငံခြားမှ မြန်မာပြည်သို့ ပြန်လာခဲ့ခြင်းသည် မိုးရိပ်အတွက် ထွက်ပေါက်တစ်ခု ရရှိသွားခြင်းပင်။ သူ ဖေဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်သည်ဟူ၍ မေမေမသိအောင် ဖေဖေ့ကို နားပူနားဆာလုပ်ထားတာလေ။ ဖေဖေကတော့ မိုးရိပ် လိုက်ချင်သည်ဟူ၍ ဝမ်းသာပီတိဖြစ်နေရှာသည်။

''မေမေ သားကိုမခွဲနိုင်ပါဘူး''

''မေမေကလည်း''

''မင်းအနားမှာ သားနေခဲ့တာလည်း ကြာပြီပဲသွဲ့ရယ်။ ကိုယ့်အနားမှာ တစ်လှည့်ခေါ်ထားပါရစေဦး''

မိုးရိပ် ခေါင်းငုံ့ပြီး မေမေ့ကို ပူဆာဖို့ ကြိုးစားနေတုန်း အပေါ်ထပ်လှေကားမှ ဆင်းလာသော ဖေဖေက မိုးရိပ်ကိုယ်စား လျှောက်လွှာတင်နေသည်။

''ကိုမိုး . . . ရှင် ကျွန်မကွယ်ရာမှာ သားကို ဘာတွေ မြှောက်ထိုးပင့်ကော်လုပ်ထားပြီလဲ''

မေမေ မျက်စောင်းဝင့်၍ဆိုတော့ ဖေဖေက တဟဲဟဲရယ်လေကာ –

''ဘာမှ မမြှောက်ပါဘူးကွာ။ မင်းရဲ့သားက ကလေးမှမဟုတ်တော့တာ။ သူ့မှာ ကိုယ်ပိုင်အတွေးနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိနေပြီပဲဥစ္စာ''

''ဖေဖေပြောတာ မှန်တယ်၊ မေမေက သားကို မခွဲနိုင်ဘူး။





ဟိုမသွားရဘူး ဒီမသွားရဘူးနဲ့ပိတ်ပင်တော့ ကြာရင် ခြင်ထောင်ထဲမှာ မျက်စိလည်ပြီး ခြင်မတွေ့၊ ဂျိုးမတွေ့နဲ့ ညားနေတော့မယ်''

မိုးရိပ်စကားကြောင့် ဖေဖေရော မေမေပါ ပြုံးပြုံးကြီး လုပ်နေကြ၏။

''ကျောင်းတက်ဖို့ကရော ဘယ်လိုလုပ်မှာလဲ''

''ဟိုမှာဆက်တက်လည်းရတာပဲ သွဲ့ရယ်''

''ဒါပဲနော် မေမေ၊ သားဆုံးဖြတ်ချက်ကို နှစ်ခါမချဘူး''

မိုးရိပ် အမှန်တကယ်ပင် ဆုံးဖြတ်ပြီးပါပြီ။ အောင်နိုင်သူရဲ့အပြုံးမျိုးနဲ့သာ ပန်းတိုင်ကိုရောက်အောင် လှမ်းချင်သည်။ သူ မြန်မာပြည်မှာ ဆက်နေဦးမည်ဆိုလျှင် သူ့နှလုံးသားတွေ ကျရှုံးသွားနိုင်သည်လေ။

အမုန်းဆုံးကို အရှုံးနဲ့ ချေဖျက်လိုက်ရတဲ့အဖြစ်မျိုး အဖြစ်မခံနိုင်။ အသိတရားတွေက ရုန်းကန်နေပေမယ့် နှလုံးသားက ရွှေလက်ကို တမ်းတမိနေတာ သူမှတစ်ပါး အခြားသူ သိလိမ့်မည်မဟုတ်။

''သိပါတယ် သိပါတယ်၊ ငါ့သား တဇွတ်ထိုး တဖောက်ကန်အကြောင်း။ အဲ့ ဘယ်နှစ်ချောင်းရှိပါတာကအစ မေမေသိပြီးသား။ တားမရရင်လည်း ကြွ ကြွ''

''ဒါကြောင့် မေမေ့ကိုအရမ်းချစ်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ရွတ်"

မိုးရိပ် သွားတက်ကလေးတွေပေါ်အောင် ရယ်ပြီး မေမေ့ ပါးပြင်ကို ရွတ်ခနဲ နမ်းပစ်လိုက်သည်။

"ဟော့ သား"

"ဗျာ"

ဖေဖေ့ကို မိုးရိပ် လှည့်ကြည့်တော့ ဖေဖေက သူ့ပါးကို လက်ညှိုးနှင့်ထောက်ကာ –

"မျက်နှာမလိုက်နဲ့လေကွာ"

ဖေဖေက သူ့ပါးကိုလည်း နမ်းစေချင်သည့်သဘောနှင့် မိုးရိပ် နားသို့ တိုးကပ်ပေးလေလျှင် –

"မကြီးမငယ်နဲ့"

မေမေဆိုသော်လည်း ဖေဖေက နောက်ဆုတ်မသွားပါ။ မိုးရိပ် ခေါင်းခါ၍ မေမေ့ကိုဖက်ကာ မေမေ့ပခုံးပေါ်တွင် မေးတင်၍ ရယ်လေသည်။ ဒါကိုပင် ဖေဖေက မျက်လုံးပြူးကြည့်ကာ –

"ဘာဖြစ်လို့တုံး"

"ဖေဖေ့မှာ နှုတ်ခမ်းမွေးတွေနဲ့ ရှုးမှာကြောက်လို့"

"ဟော"

သည်တော့မှ ဖေဖေ့ကိုယ်ကြီးမတ်သွားကာ သူ့နှုတ်ခမ်းမွေး





တွေကို လက်နှင့်သပ်၍ တဟားဟားရယ်လေသည်။ သိပ်ချစ် သိပ် သံယောဇဉ်ကြီးတတ်ကြသည့် ပျော်ရွှင်ဖွယ်ရာ မိသားစုလေးတစ်စုရယ် ပါလေ။ နောက်ဆိုရင်ပဲ 'လေဆိပ်' တွင် ပြည်တွင်းပြည်ပ ခရီးသည် များ ရှုပ်ယှက်ခတ်နေကြ၏။ ချောမောသော မိုးရိပ်ကို အချို့ကလည်း ကွက်ကြည့်ကွက်ကြည့်နှင့် လည်ပြန်ကြည့်သွားကြ၏။

"သား မေမေ့ဆီ မကြာမကြာ ဖုန်းဆက်နော်"

"စိတ်ချပါ မေမေ၊ သားဘဝမှာ မေမေက အမြဲ ပထမပါ"

"သားမရှိရင် မေမေက လွမ်းနေရမှာ"

မျက်ရည်စက်လက်နှင့် မှာတမ်းခြွေနေသော မေမေ့ကို မိုးရိပ် နှစ်သိမ့်လိုက်ရ၏။

"မငိုပါနဲ့ မေမေရယ်၊ သား တစ်နှေ့ပြန်လာမှပဲဟာ။ ကျန်း မာရေးကို ဂရုစိုက်နော်"

မခွဲစဖူး ခွဲရတော့မည်မို့ ဒေါ်သွဲ့သွဲ့နိုင် သား ရင်ခွင်ထဲ မျက်နှာအပ်၍ တသိမ့်သိမ့်ရှိုက်ငိုနေမိသည်။ ဦးမြင့်မိုး မနေသာတော့။ ဇနီးသည်၏ပခုံးကို ခပ်ဖွဖွကိုင်၍ –

"သွားခါနီး လာခါနီး ကလေးစိတ်မကောင်းအောင် မလုပ်ပါ နဲ့ သွဲ့ရယ်။ တကတဲ ကလေးကျနေတာပဲ။ သူများတွေ ကြည့်နေကြ တယ် မရှက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အိုတော် ... ကိုယ့်သားကို မခွဲနိုင်လို့ငိုတာ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ"

မိုးရိပ် မေမေ့ပခုံးကို ဖက်ထားမိသည်။ မေမေ့ရင်ခွင်ထဲကနေ အဝေးကို ထွက်မသွားချင်။ စိတ်မကောင်းခြင်းနှင့် ရင်တွင်းစကားတို့ကို သာ ဆိုမိတော့၏။

မေမေရယ် သားကိုခွင့်လွှတ်ပါ။ မေမေ့ရင်ခွင်ထဲမှာ သား ထာဝရ နေချင်ပေမယ့် အတိတ်က အရိပ်ဆိုးတွေကို နောက်ထပ် အိပ်မက်တောင် မမက်ချင်တော့လို့ ကမ္ဘာ့ဝင်ရိုးစွန်းတစ်ဖက်ကို သား ရွှေ့ပြောင်းသွားတာပါ။ သားရဲ့နှလုံးသားက ဒဏ်ရာတွေ အသားကျတဲ့ တစ်နေ့မှာ မေမေ့အနားကို ပြန်လာခဲ့ပါ့မယ်။

"ကဲ သား ... ဖေဖေတို့သွားကြရအောင်"

ဖေဖေက လေယာဉ်ပေါ်တက်ရန် နှိုးဆော်လာသည်မို့ မိုးရိပ် မေမေနှင့် လူချင်းခွာလိုက်သည်။ မျက်ဝန်းတွင် မျက်ရည်ဥတို့ ဝေ့သီ လာ၏။ မေမေနှင့် မခွဲစဖူး ခွဲရတော့မည်မို့ ရင်ထဲမှာတော့ ခပ်နင့်နင့်။

"မေမေ"

"သား"

"သား သွားတော့မယ်"

ဒေါ်သွဲ့သွဲ့ ခေါင်းညိတ်ရုံသာ ညိတ်ပြနိုင်တော့သည်။ ဝမ်းနဲ့





မလွယ် သားမယ်ပေမယ့် ဆယ်နှစ်နီးပါး ပြုစုခဲ့သည့်သားကို အခြား တစ်ပါးသို့ သွားပြီဆိုတော့ ရင်ထဲမှာမချို။

"လာပါ သားရယ်"

နောက်ဆံတင်းစွာ သမင်လည်ပြန်ကြည့်နေသော မိုးရိပ်ကို ဦးမြင့်မိုး ဆွဲခေါ်ရသည်။ မိုးရိပ် စိတ်ကိုတင်းလျက် မေမေ့ကို ပြန် မကြည့်မိအောင် ကြိုးစားကာ လေယာဉ်ပေါ်သို့ တက်ခဲ့တော့သည်။

နောက်ဆုံး မေမေ့ကို လေယာဉ်တံခါးမပိတ်မီ လက်ပြမိလိုက် ၏။ သွားတော့မယ် မြန်မာပြည်ကြီးရေ။ တစ်နေ့ ငါတို့ ပြန်လည်ဆုံ တွေ့ကြတာပေါ့။

"တို့ရင်တွင်းမှ
လွမ်းတေးညည်းသံ
တိုးတိုးသဲ့သဲ့
နွဲ့နွဲ့သီချင်း
လေလှိုင်းခွင်း၍
ချစ်သူ့နားစည်
ထိုရပ်ဆီသို့
ဦးတည်ပျံ့သန်း
ကြားပါစေသား ကြားစေသား။



www.burmeseclassic.com

www.burmeseclassic.com



နေရစ်ခဲ့တော့ ရွှေလက်ဘ။ အချစ်ဆိုတာ တမာပူးလေးတွေကို သကာလူးထားသလိုပဲလို့ မင်းပြောချင်ပြောပါ။ ငါ့အစ်မကျတဲ့မျက်ရည်တွေ၊ မမရဲ့ခံစားမှုမျိုးတွေ နင်ခံစားကြည့်လိုက်စမ်းပါ။ သခင်ဖျားကြီး ကျုပ်ခံစားရတဲ့ခံစားမှုမျိုးကို ခင်ဖျားရဲ့ဘဝခရီးဖော်အဖြစ်လက်တွဲသွားပေဦးတော့။

❋ ❋ ❋



## အခန်း (၁၉)

ခုတလော ရွှေလက်ဘကိုကြည့်ရတာ တမှိုင်မှိုင် တတွေတွေဖြစ်နေသောကြောင့် မိုးရိပ်နဲ့ သူတို့ အဆင်မပြေကြဘူးလားဟု လရိပ်တွေးနေမိသည်။

ဘာပဲဖြစ်ဖြစ် သိရအောင် နည်းနည်းပါးပါးတော့ တီးခေါက်ကြည့်ဦးမှ စိတ်ကူးကာ ရွှေလက်ဘရှိရာ ဝရန်တာဆီသို့ လရိပ် လျှောက်ခဲ့၏။

ရွှေလက်ဘက လရိပ်ကိုမြင်ဟန်မတူ။ ဝရန်တာပေါ်တွင် လက်ထောက်၍ အဝေးသို့ ငေးမောနေသည်။

"ရွှေလက်ဘ"



www.burmeseclassic.com

www.burmeseclassic.com



လရိပ်အသံကိုကြားတော့မှ ဖြည်းဖြည်းချင်း လှည့်ကြည့်လာသော သူ့မျက်ဝန်းတွေက ရီဝေဝေ၊ တစ်ခုခုကို စိတ်ညစ်နေပြီဆိုတာ မျက်ဝန်းကဖော်ပြနေသောကြောင့် မေးစရာမလို။

"အခုတလော ရွှေလက်ာကိုကြည့်ရတာ မရွှင်မလန်းနဲ့ ဘာဖြစ်နေတာလဲ"

"မဖြစ်ပါဘူး"

"တို့သိနေတယ် ရွှေလက်ာ။ ရွှေလက်ာ တစ်ခုခုဖြစ်နေပါတယ်။ ဘာလဲ မိုးရိပ်နဲ့အဆင်မပြေဘူးလား"

ကျောလယ်အထိရှည်လျားသော ဆံနွယ်စလေးတွေ မျက်နှာကို အုပ်မိုးသွားသည်အထိ ရွှေလက်ာ ခေါင်းငုံ့သွားလေသည်။

"လရိပ် ဘာကူညီရမလဲ ရွှေလက်ာ"

ရွှေလက်ာ ခေါင်းခါပြလေသည်။ မျက်ဝန်းမှ ကြွေလွင့်သွားသော မျက်ရည်တစ်စက်သည် လေပြည်တစ်ချက် ဆောင့်တွန်းခံလိုက်ရသည့်အတွက် ယိုင်နဲ့ကာပင် လရိပ်၏ ခြေဖုံပေါ်သို့ ပြုတ်ကျသွားလေ၏။

လရိပ် စိတ်မကောင်းဖြစ်သွားရသည်။ ရွှေလက်ာ မျက်ရည်စက်တွေနဲ့ လရိပ်ခြေကို ဆေးခိုင်းတာလား သရီးရယ်။ လရိပ် ဒီလောက်အထိ အသည်းမမာနိုင်ဘူး သရီး။





"သူနဲ့မတွေ့တာ နှစ်ပတ်ရှိပြီ။ ဖုန်းဆက်တော့လည်း မကိုင်ဘူး"

ရှိုက်သံနှော၍ပြောသော ရွှေလက်ာစကားသံတွေက ဗလုံးဗထွေး။ ရက်စက်လိုက်တာ သရီးရယ်။ အခက်ကို မုန်းလို့ ချိုးချင်ချိုးလိုက်ပေါ့။ ဘာဖြစ်လို့ နုနုနယ်နယ်အတက်ကလေးကို ဖွဲ့ခြွေခဲ့ရတာလဲ။

"သူ ရွှေလက်ာ့အချစ်တွေကို အထင်သေးသွားပြီ ထင်ပါရဲ့ လရိပ်ရယ်"

လရိပ် သက်ပြင်းမောတစ်ချက်ကို ရှိုက်လိုက်သည်။ သည်အချိန်မှာ လရိပ် အခြေအနေမှန်ကို ဖွင့်ပြောမှပါ။

"ဘာမှအားမငယ်နဲ့ ရွှေလက်ာ။ လရိပ်နဲ့လိုက်ခဲ့ မိုးရိပ်နဲ့တွေ့ရမယ်"

ရွှေလက်ာ အံ့ဩဟန်လေးနှင့် မယုံသလို လရိပ်ကို ကြည့်နေသည်။ လရိပ် ကြင်နာယုယစွာ ရွှေလက်ာ့ဆံနွယ်လေးကို သိမ်းတင်၍ နားတွင်ညှပ်ပေးလိုက်ရင်း ပြုံးပြလိုက်၏။

"လရိပ် ဟန်ဆောင်ခြုံထားတဲ့ သိုးရေဟာ ရွှေလက်ာတို့ မောင်နှမရဲ့ မေတ္တာရောင်ခြည်တန်းလေးကြောင့် ကွာကျခဲ့တာ ကြာပါပြီ ရွှေလက်ာ။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ်။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



လရိုင်က ရွှေလက်ာသိထားတဲ့ မိဘမဲ့ တစ်ကောင်ကြွက်မလေး မဟုတ်ဘူး''

''ဟင် . . . ဒါဆို လရိပ်က''

''ဟုတ်တယ် ရွှေလက်ာ၊ ဒါတွေ လရိပ် ညာပြီး ဖတ်လှမ်းထွင်ခဲ့တာ။ အမှားအမှန်ဆိုတာ ကြားခံတဲ့အရာရှိရင် လွယ်လွယ်နဲ့ အဖြေမထုတ်နိုင်ကြဘူးလေ။ လရိပ် ဒီအိမ်ကိုရောက်လာခဲ့တာ အငြိုးအတေးတစ်ခုအတွက် လက်စားချေဖို့ပဲ''

လရိပ်စကားကို ခေတ္တရပ်ပြီး တံတွေးတစ်ချက် မျိုချလိုက်၏။ ရွှေလက်ာကတော့ အခုချိန်မှာ တောကစားခံနေရတဲ့ ယုန်သူငယ်လေးပါ။

မေတ္တာဝက်ပါထဲမှာ မျက်စိလည် လမ်းမှားနေခဲ့ပြီ။ လရိပ်ဆက်၍ –

''လရိပ်မောင်နဲ့ မိုးရိပ်မောင်ဟာ မိနစ်နှစ်ဆယ်သာခြားတဲ့ အမွှာမောင်နှမပါ''

''ဟင်''

ရွှေလက်ာ မျက်လုံးလေးဝိုင်းဝိုင်းလည်သွားလေသည်။ ဘာကိုမှ နားလည်နိုင်စွမ်းမရှိတော့။ ကိုယ်များ နားကြားမှားသလားဟု ကိုယ့်ကိုယ်ကိုယ်ပင် မသက်ာမိတော့။





''အဖြစ်မှန်တွေကို ရွှေလက်ာ နားလည်အောင် ရှင်းပြပါလား လရိပ်။ ရွှေလက်ာ ဘာကိုနားလည်ရမှန်း မသိတော့ဘူး''

''ဘဝမှာ တစ်ခါတစ်ခါ ကြုံရလောက်အောင် ရှုပ်ထွေးပွေလီနေတယ်လို့ ရွှေလက်ာမထင်မိဘူးလား''

''ဟင့်အင်း''

ရွှေလက်ာ ဘာမှနားမလည်။ ဘာမှမသိနားမလည်သော ကလေးတစ်ယောက်လိုပင်။ သိဖို့လည်းမကြိုးစားခဲ့ဖူး။ လောကကို ခြေချမိကတည်းက ပန်းခင်းလမ်းမှာ လျှောက်လှမ်းခဲ့သူမို့ ခက်ခဲကြမ်းတမ်းတဲ့ဘဝကို ရွှေလက်ာ နားမလည်နိုင်ခဲ့သည်မှာ အဆန်းမဟုတ်တော့။

လရိပ်တို့သာ ဘဝကပေးလာသည့် အတွေ့အကြုံတွေကြောင့် လောကရဲ့အတိမ်အနက် အလင်းအမှောင်တွေကို သိရှိနားလည်ခဲ့ရတာလေ။

''အဖြစ်မှန်တွေသိသွားတဲ့အခါ ရွှေလက်ာ လရိပ်ကိုမုန်းမယ်ဆိုရင်လည်း မုန်းပါ။ ရွှေလက်ာ ဆုံးဖြတ်ချက်လမ်းကြောင်းပေါ်မှာ လရိပ် ကျေကျေနပ်နပ်နဲ့ လျှောက်လှမ်းပါ့မယ်။ မမညာရိပ်မောင်နဲ့ ပတ်သက်ပြီး လရိပ်နဲ့မိုးရိပ်ရင်ထဲမှာ နာကျင်ကြေကွဲခြင်းတွေ ပိတ်ဆို့ခဲ့ရပြီး ဦးသခ်ါအပေါ်မှာ ရန်ငြိုးတွေဖွဲ့ခဲ့မိတယ် ရွှေလက်ာ''



www.burmeseclassic.com

www.burmeseclassic.com



လရိပ်အသံသည် ကြေကွဲဝမ်းနည်းမှုတွေကြောင့် တိမ်ဝင်သွားလေ၏။ ပြီးမှ ဆက်၍ ညရိပ်သေဆုံးခဲ့ပုံနှင့် လရိပ် လက်စားချေရန် ချဉ်းကပ်ခဲ့ပုံ၊ ဦးရဲ့ စစ်မှန်တဲ့မေတ္တာတရားတွေကို သိရတဲ့အခါ ယူကျုံးမရဖြစ်ရခြင်းနှင့် နောင်တတွေပွေ့ပိုက်၍ ဦးကို သံယောဇဉ်တွယ်ခဲ့ရခြင်း၊ မိုးရိပ်နှင့် အခြေအတင်စကားများခဲ့ရခြင်း စသည်တို့ကို ရှည်လျားစွာ ရှင်းပြနေတော့သည်။

"ဒါ ဒါဆို မိုးရိပ်က မိုးရိပ်က"

ရွှေလက်ာ စိတ်လှုပ်ရှားလွန်း၍ စကားတွေ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေတော့၏။

ရွှေလက်ာမေးမည့်မေးခွန်းတွေကို ကြိုသိနေပုံရသော လရိပ်က ခေါင်းညိတ်ပြရင်း –

"ဟုတ်တယ် ရွှေလက်ာ၊ မိုးရိပ်လည်း ရွှေလက်ာ့နှလုံးသားကို ခုတုံးလုပ်နေတာ ထင်တယ်"

"ဟင့်အင်း ရွှေလက်ာ မယုံဘူး၊ မောင်က အဲဒီလို လူစားမျိုး မဟုတ်ဘူး။ ရွှေလက်ာကို မောင် သိပ်ချစ်ပါတယ်၊ ဟန်ဆောင်ချစ်တဲ့ မျက်ဝန်းမျိုးလည်း မဟုတ်ဘူး၊ တို့သိနေတယ်"

မိုးရိပ်အပေါ်မှာ ယုံကြည်မှုတွေအပြည့်နှင့် ချစ်နေရှာသော ရွှေလက်ာကို လရိပ် သနားမိပါ၏။ လရိပ် ဆုံးဖြတ်လိုက်သည်။





သူမ အိမ်မပြန်ဖြစ်တာလည်း သုံးလနီးပါးလောက်ရှိပြီမို့ အိမ်ပြန်ပြီး မိုးရိပ်ကို ရှေ့နေမှဖြစ်တော့မည်။ ရွှေလက်ာအတွက် မိုးရိပ် ခြေသလုံးကို ဖက်ပြီး တောင်းပန်ချင် တောင်းပန်ရပါစေတော့။

"မေမေ မေမေရေ"

"ဟယ် . . . သမီး"

ဒေါ်သွဲ့သွဲ့နိုင်ကို လရိပ် ပြေးဖက်လေသည်။

"မေမေ နေကောင်းတယ်နော်"

"လူကတော့ ကောင်းပါတယ်၊ စိတ်ကတော့ နေမကောင်းဘူး ဖြစ်နေတယ် သမီးရယ်။ မေမေက သမီး ဘယ်တော့ပြန်လာမလဲလို့ မျှော်နေတာ"

လရိပ်တို့သားအမိတွေ အလွမ်းသယ်နေချိန်တွင် အိမ်တွင်းရှိ ပြင်ဆင်မွမ်းမံမှုတို့ ခန့်ညားထည်ဝါပုံကို တမေ့တမော ငေးမောနေမိသူက ရွှေလက်ာ။

ဒေါ်သွဲ့သွဲ့နိုင်တစ်ယောက် ရွှေလက်ာကို ယခုမှ မြင်သွားပုံရကာ ရွှေလက်ာ့ကို စေ့စေ့ကြည့်လျက်။

"သူလေးက ဘယ်သူလဲ သမီး၊ ချစ်စရာကောင်းလိုက်တာကွယ်"

အပြုံးချိုချိုနှင့်ဆိုလာသောကြောင့် ရွှေလက်ာ တရိုတသ



www.burmeseclassic.com

www.burmeseclassic.com



ပုံစံနှင့် ခေါင်းငုံ့၍ ပြန်လည်ပြုံးပြလိုက်သည်။

"ဒါ မေမေ့ရွေးမလောင်းပေါ့။ သရီးချစ်သူ။ နာမည်က ရွှေလက်ာတဲ့"

"ဟုတ်လား။ သားက သိပ်လျှို့တာပဲ။ မေမေ့ကိုတစ်ခါမှ မပြောပြဘူး။ ကဲ ထိုင် . . . အေးအေးဆေးဆေး စကားပြောကြရအောင်"

သုံးယောက်သားထိုင်မိကြချိန်တွင် လရိပ်မျက်လုံးကစား၍ သရီးကို ရှာဖွေနေမိသည်။ အရိပ်အယောင်ပင်မတွေ့ရ၍ လရိပ် မေမေ့ကိုပဲ ဖွင့်မေးလိုက်တော့ဖို့ ဆုံးဖြတ်ကာ –

"သရီးရှိလား မေမေ"

လရိပ်စကားကြောင့် ဒေါ်သွဲ့သွဲ့နိုင် မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေ၏။

"သားက သမီးကို ဘာမှမပြောဘူးလား"

"ဟင့်အင်း . . . သူ သမီးကို စိတ်ကောက်နေတယ်"

ဒေါ်သွဲ့သွဲ့နိုင် တွေတွေဝေဝေဖြစ်သွားရ၏။

ပြီးမှ –

"သမီးဖေဖေ ဟိုတာလောက ပြန်လာတယ်"

"ဟင် . . . သမီး မသိလိုက်ပါလား"





"သမီးဖေဖေက နေပါစေ အကြောင်းမကြားနဲ့တဲ့၊ နောက်မှ သမီးကို ခေါ်မယ်ဆိုလို့"

"ဖေဖေကလည်း နေနိုင်လိုက်တာ။ တစ်ခါတလေ ပြန်လာကာများ သမီးနဲ့တွေ့မသွားဘူး။ ဖေဖေက မေမေ့လောက် သမီးကို မချစ်ပါဘူး။ သရီးကိုပဲ ချစ်တာ"

"ဒီလိုလည်း ဟုတ်မယ် မထင်ပါဘူး သမီးရယ်။ သားက သူနဲ့ အတူနေတော့မယ်ဆိုတာနဲ့ ဝမ်းသာလုံးဆို့သွားတာ ဖြစ်မှာပေါ့"

တစ်ချိန်လုံးငြိမ်နေသော ရွှေလက်ာ ဒေါ်သွဲ့သွဲ့နိုင်၏စကားကြောင့် ကိုယ်လေးမတ်ခနဲဖြစ်သွား၏။ လရိပ်ကလည်း ရွှေလက်ာ မျက်နှာကိုတစ်ချက်ကြည့်ပြီး –

"ဒါဆို သရီးက"

"ဟုတ်တယ် သမီး၊ သားလေး သူ့အဖေနဲ့လိုက်သွားပြီ"

"ရှင်"

လရိပ်နှင့် ရွှေလက်ာ တစ်ဦးမျက်နှာတစ်ဦး အတန်ကြာအောင် ကြည့်နေမိကြသည်။ ရွှေလက်ာမျက်နှာမှာ ပြုံးတော့မည့်မိုးသို့ နယ် ညို့မှိုင်းသွားကာ လရိပ်သည်လည်း ဦးခေါင်းငိုက်စိုက်ကျသွားလေတော့သည်။ မျှော်လင့်ချက်ရောင်ခြည်တန်းလေးတွေ တောင်စွယ်မှာ ကွယ်ခဲ့ပြီပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်လိုက်တာမောင်ရယ်၊ ချစ်ပါတယ်ဆိုတဲ့ မောင့်စကားတွေဟာ ရွှေလက်ာ့ဘဝကို ခြေဖျက်ဖို့လား။ နှလုံးသားတွေ ဆတ်ဆတ်ခါအောင် နာကျင်နေရပါပြီမောင်။ စိတ်ကူးယဉ်ကမ္ဘာလေးထဲမှာ ပျော်မိတဲ့ ရွှေလက်ာ အိပ်မက်တွေကို ဘယ်အငြိုးနဲ့ ရိုက်ချိုးခဲ့တာလဲ။

မောင့်အချစ်တွေဟာ လေနှင်ရာတလွင့်လွင့် ပြေးနေတဲ့ တိမ်စိုင်တိမ်လိပ်တွေမှန်း သိခဲ့လျှင် ရွှေလက်ာ ကောင်းကင်ကို မော့မကြည့်ခဲ့ပါဘူးရှင်။ ခုတော့ အရုပ်ကလေးကို လိုချင်တပ်မက်မိလို့ ဘကြီးအောင် အညာခံလိုက်ရတဲ့ ကလေးငယ်လို ရွှေလက်ာ ငိုရတော့မည်လေ။

ကဲ ... နင် ဘာဆက်လုပ်မလဲ ရွှေလက်ာ။ သူက ရက်စက်နိုင်စွာ ထားရစ်ခဲ့ပြီဆိုတော့။

❋ ❋ ❋



## အခန်း (၂၀)

ဧည့်ခန်းထဲတွင်ထိုင်နေကြသူအားလုံး စကားတစ်ခွန်းမျှ မဆိုဘဲ တိတ်ဆိတ်ငြိမ်သက်နေကြသည်။ တသိမ့်သိမ့်ရှိုက်ငိုနေသူက ရွှေလက်ာ။ သခါကတော့ ကြွက်ကြီးလည်လိမ်ထားသလိုပုံစံမျိုး။

ဒေါ်ထားထားနွယ်ကတော့ သက်ပြင်းတွေအခါခါချလျက်။ လရိပ်မှာတော့ အပြစ်ရှိသူပမာ ခေါင်းကိုငုံ့ထားသည်။

"ကဲ ... အခု ဘယ်လိုလုပ်ကြမလဲ ရွှေလက်ာ"

တိတ်ဆိတ်မှုကိုဖောက်ထွင်း၍ စကားဆိုလိုက်သူက ဒေါ်ထားထားနွယ်။

"သမီးကို သတ်သာပစ်လိုက်ပါတော့ ဒေါ်လေးရယ်၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



သေသင့်ပါတယ် ... အဟင့် ဟင့်"

"အလိုတော် ... ကိုယ်မိုက်ခဲ့တာနဲ့များ သူများက ဆက်ပြီး ယောင်နန်းစံရဦးမှာလား မိရွှေလက်ာ။ နှလုံးသားကို အလိုလိုက်ပြီး ခုတော့ မိုက်တစ်လုံးနဲ့ပဲ အဖတ်တင်ကျန်ခဲ့ပြီ မဟုတ်လား"

ရွှေလက်ာ ကိုယ့်မိုက်ပြစ်အတွက် စောဒကမတက်ရဲ။ ခုချိန်မှာ ရွှေလက်ာ ဘာလုပ်ရမည်လဲ။ တမှိုင်မှိုင် တတွေတွေဖြစ်နေသည့် ရွှေလက်ာကို အတင်းအကြပ် ဆရာဝန်ခေါ်ပြသည်မှစ၍ ပြဿနာက ကြီးထွားလာခဲ့သည်။ စိတ်ကိုတင်း၍ မျက်ရည်ကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်၏။

"ရွှေလက်ာ ... ဒီကလေးကိုမွေးမယ် ဒေါ်လေး"

ဒေါ်ထားထားနွယ် ဘုရားတ၍ ရင်ဘတ်ကို လက်နှင့်ဖိထားလိုက်မိသည်။ လရိပ်၏ ငုံ့ထားသော ခေါင်းသည်လည်း ဆတ်ခနဲ ထောင်လာ၏။

သင်္ခါကတော့ မတုန်မလှုပ်ရှိနေဆဲ။ သူ့အတွေးထဲမှာ မိုးရိပ်မောင်ကို အပြစ်တင်ရတော့မလို၊ ခွင့်လွှတ်ရတော့မလို။ ညရိပ်မောင်အတွက် လက်စားချေခဲ့တာဆိုရင် ကျေနပ်ပါတော့ မိုးရိပ်။

အစ်ကိုတစ်ယောက်အနေနဲ့ ခံပြင်းတာမှန်ပေမယ့် ပေးဆပ်ခြင်းလို့ပဲ သဘောထားလိုက်ပါ့မယ်။





"ဦး"

"အင်"

"လရိပ် အရဲစွန့်ပြီး တစ်ခုတောင်းဆိုပါရစေ"

သူ လေးတွဲစွာ ခေါင်းညိတ်ပြလိုက်သည်။

"လရိပ် ... လရိပ်ကို ဦးလက်ထပ်ပါ"

"ဘယ်လို"

သင်္ခါ့ကိုယ်ကြီး ဆတ်ခနဲတွန့်သွားသလို ဒေါ်ထားထားနွယ်နှင့် ရွှေလက်ာသည်လည်း အံ့သြရိပ်လွှမ်းခြုံကာ လရိပ်ကို ကြည့်မိကြသည်။ ဘာအဓိပ္ပာယ်လဲရယ်ပေါ့။

"မိုးရိပ်ကျူးလွန်ခဲ့တဲ့အပြစ်တွေအတွက် လရိပ် ပြန်ပြီး ပေးဆပ်ပါရစေ။ မိုးရိပ်သွေးဟာ လရိပ်သွေးပါပဲ။ ကလေးရဲ့မိခင်ဟာ လရိပ်ပဲ ဖြစ်ပါရစေ။ ဦးနဲ့လရိပ် လက်ထပ်မှ ရွှေလက်ာအရှက်ကို ကာကွယ်နိုင်မယ်လေ"

လရိပ်ဆိုလိုသည့် အဓိပ္ပာယ်ကို အားလုံးနားလည်သွားကြ၏။

"ဒီလောက်ထိ ပေးဆပ်ဖို့လည်း မလိုပါဘူး လရိပ်ရယ်။ ရွှေလက်ာမှာ မိခင်စိတ်အပြည့်ရှိပါတယ်။ သတ္တိလည်း ရှိတယ်။ ကိုယ့်မိုက်ပြစ် ကိုယ်ပဲခံပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး ရွှေလက်ာ။ သတ္တိတွေ ဘယ်လောက်ရှိရှိ ပတ်ဝန်းကျင်ကိုတော့ ဂရုစိုက်ရမယ်။ ပတ်ဝန်းကျင်က လက်ညှိုးထိုးမေးငေါ့မှုတွေကို ရွှေလက်ာ ခံနိုင်ရည်ရှိပါ့မလား။ ပတ်ဝန်းကျင်ဆိုတာ မျက်လုံးကို အမြဲဒေါက်ထောက်ထားကြတယ်ဆိုတာ ရွှေလက်ာ သိပါတယ်"

"-------"

"ရွှေလက်ာ့ကို တို့လေးစားပါတယ်"

"လရိပ်ဆုံးဖြတ်ချက်ကို ဒေါ်လေး လက်ခံတယ်။ လူဆိုတာ ပတ်ဝန်းကျင်ရဲ့အတင်းအဖျင်းတွေထဲမှာ ကြီးထွားလာခဲ့ကြရတာ"

သခ်ီစိတ်ထဲမှာ လရိပ်ကိုချီးကျူးမိ၏။ အသက်သာငယ်သေးမယ့် ဦးနှောက်အတွေးအခေါ်က အံ့မခန်းပင်။ သို့သော် မျက်မမြင်ဒုက္ခိတတစ်ယောက်ကို သူမ လက်ထပ်ပါက သူမဘဝလေး နစ်မွန်းသွားပေဦးမည် မဟုတ်လား။

"ဦး တစ်ကိုယ်ကောင်းမဆန်ချင်ဘူး လရိပ်။ ကံ ကံ၏အကျိုးလို့ သတ်မှတ်လိုက်ပါကွယ်"

"သခ်ီ"

"ဗျာ"

"မင်း စောဒကတက်မနေနဲ့။ လရိပ်ကိုယ်တိုင်က တောင်းဆို





လာတာပဲဟာ။ ခု လရိပ်တို့အိမ်သွားပြီး လရိပ်မိဘတွေနဲ့ ဆွေးနွေးမယ်။ လရိပ်နဲ့လက်ထပ်မြီးရင်သာ မျက်လုံးကို မကုတော့ပါဘူးဆိုတဲ့ မင်းဆုံးဖြတ်ချက်ကိုပြင်။ လရိပ်ကို ငွဲညှာပြီး မင်းမျက်လုံးကို ကုကို ကုရမယ်။ ဒါပဲ"

"ဒေါ်လေး"

သခ်ီ ခေါ်သော်လည်း ဒေါ်ထားထားနွယ် လှည့်ပင်မကြည့်တော့။ သူမအခန်းရှိရာ အပေါ်ထပ်သို့ ခြေသံပြင်းပြင်းနှင့် တက်သွားလေတော့သည်။ လရိပ်သည် ရွှေလက်ာပခုံးကိုဖက်၍ နှစ်သိမ့်လိုက်သည်။

"စိတ်မကောင်းဖြစ်မနေနဲ့တော့ ရွှေလက်ာ။ တစ်နေ့ဆိုတဲ့ တစ်နေ့မှာ သူ့အတွက် တန်ပြန်ခံစားမှုဆိုတာ ရှိလာပါလိမ့်မယ်"

"မဆုံးနိုင်တဲ့ လက်စားချေခြင်းမျိုးနဲ့တော့ သူ့ကို ဒုက္ခမပေးချင်တော့ဘူး လရိပ်။ ဒီလိုပဲ နာကြည်းချက်တွေနဲ့ အပြန်အလှန် လက်စားချေနေကြရင် မဆုံးနိုင်ဘဲ သံသရာခရီးမှာ လောကကြီး အရုပ်ဆိုးသွားလိမ့်မယ်"

"ဦးရယ်"

သဘောထားပြည့်ဝစွာ ခွင့်လွှတ်နားလည်ပေးနိုင်သော သခ်ီစကားကြောင့် လရိပ် စိတ်မကောင်းစွာ ညည်းတွားမိ၏။ အာပသော



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသူနဲ့ ခွင့်လွှတ်နားလည်နိုင်သူကြားမှာ ဘယ်သူကနိုင်ပြီး ဘယ်သူက ရှုံးကြမလဲ။

လရိပ်မောင်နှင့် သခ်ီတို့ တရားရုံးတွင်လက်မှတ်ထိုး၍ အကျဉ်းချုံးလက်ထပ်ဖြစ်ခဲ့ကြသည်။ ဒေါ်ထားထားနွယ် မည်သို့ စည်းရုံးလိုက်သည်မသိ လရိပ်မေမေ လိုလိုချင်ချင်ပင် သဘောတူ လက်ခံလိုက်သည်။ သခ်ီတို့အိမ်မှာပဲလက်ထပ်ပြီး မင်္ဂလာဆွမ်းကျွေး ခဲ့သည်။ ပြီးနောက် –

"သမီး"

"ရှင်"

"မေမေတို့ကတိအတိုင်း ဘောက်ထော်ကတိုက်နဲ့ခြံကို သမီးအတွက် မေမေ လက်ဖွဲ့မယ်"

လရိပ်မျက်နှာပေါ်တွင် အပြုံးချိုချိုလေးနှင့် ဒေါ်ထားထားနွယ် က စိန်တစ်ဆင်ဆာလက်ဖွဲ့ခဲ့သည်ဆိုမှတော့ ဒီလောက်တော့ မေမေ က အသေးအမွှားလေးပါ။

"ကျွန်တော် တစ်ခုပြောပါရစေ အန်တီ"

"ပြောပါ မောင်သခ်ီ"

"အန်တီလက်ဖွဲ့တဲ့ တိုက်နဲ့ခြံကို ကျွန်တော် မယူပါရစေနဲ့"

ဒေါ်သွဲ့သွဲ့နိုင် မျက်လုံးလေး ဝိုင်းသွားလေ၏။





"ဘာဖြစ်လို့လဲကွယ်"

သခ်ီ ရယ်ကျဲကျဲလုပ်ကာ –

"ဪ . . . ကျွန်တော်တို့က ဒေါ်လေးနဲ့ ဦးမကွဲလိုက်မပျက် နေကြမယ့်သူတွေဆိုတော့ ဒါတွေမလိုပါဘူး။ ကျွန်တော်တို့ရဲ့ မျိုးဆက် သစ်ဖြစ်လာမယ့် အန်တီ့မြေးဦးလေးအတွက် အခုကတည်းက လက် ဆောင်ပေးမလို့"

အားလုံး သဘောကျစွာ ရယ်မောကြလေသည်။ လရိပ်က မျက်ပြူးကလေးပြူးကာ သခ်ီကို ဆွဲလိမ်လိုက်၏။

"အား"

"ဘာဖြစ်တာလဲ သား"

ဒေါ်သွဲ့သွဲ့နိုင် လရိပ် သခ်ီကို ဆွဲလိမ်တာမြင်သည်မို့ ဒေါ်ထား ထားနွယ်၏အမေးကို သခ်ီ့အရင် ဖြေလိုက်ခြင်းပင်။

"လိမ် လိမ်ဆွဲတာ"

အားလုံး ရယ်ကြမောကြ ရှိနေကြသည့်အချိန်တွင် ခေါင်း ငိုက်သည်ဟုဆိုကာ အခန်းအောင်း၍ ငိုနေရသူကတော့၊ အပြစ်အနာ အဆာကင်းတဲ့ ပန်းတစ်ပွင့်ရဲ့အလှကို မမြင်ရက်လို့ တမင်ရက်စက်စွာ ချိုးယူသွားခဲ့တာလားမိုးရိပ်မောင်။

ဝေးကွာခြင်းရဲ့အခြားတစ်နေရာမှာ ရှင် ကျေနပ်နိုင်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘဝထဲမှာ အချစ်ဆိုတာကို တိမ်ညိုလို ပြုံသွားတဲ့အရာလို့ သတ်မှတ်လိုက်ပါပြီ။ ရှင့်ကိုမုန်းနိုင်အောင် ကျွန်မ ကြိုးစားမယ်။

ဒါပေမဲ့ တစ်သက်တာ အမှတ်ရနေမှာတော့ ကျိန်းသေနေတယ် ထင်ပါရဲ့။ ချစ်လို့ သတိရလွမ်းဆွတ်နေတာမျိုးတော့ ဟုတ်မယ် မထင်ဘူး။ မဟော်သမာကို သတိရနေတဲ့ ကေဝဋ္ဋပုဏ္ဏားလိုပေါ့ရှင်။

လရိပ်နှင့်သခါတို့လက်ထပ်ပြီး သိပ်မကြာ ဒေါ်လေးမှလွဲ၍ သခါတို့ ဇနီးမောင်နှံနှင့် ရွှေလက်ာ တောင်ကြီးရှိ အသိတစ်ယောက် အကူအညီဖြင့် ဇာတ်မြှုပ်နေခဲ့ကြသည်။ သခါ မျက်လုံးကိုလည်း အဆင့်မြင့် မျက်စိအထူးကုပါရဂူကြီးတွေနဲ့ ခွဲစိတ်ကုသခဲ့ပြီးပြီမို့ ချစ်ဇနီးနှင့် ညီမကို တစ်လှည့်ပြန်၍ စောင့်ရှောက်ယုယခွင့်ရခဲ့သည်။

တစ်နေ့ လရိပ်သည် ဇာတ်ညွှန်မလည်သေးသော မညှရိုးနှင့်ခင်ပွန်းသည် သခါတို့၏အချစ်ဇာတ်လမ်းကို သိလို၍ အရဲစွန့်၍ မေးဖြစ်ခဲ့၏။

"ဦး"

"ဟင်"

"မေးစရာရှိလို့"

"မေးလေ"

"လရိပ်ကို ဦး ချစ်ရဲ့လားဟင်"





"ချစ်လို့ လက်ထပ်ခဲ့တာပေါ့ လရိပ်ရယ်"

"ဒါဆို ဦးနဲ့မမ်ဇာတ်လမ်းကို ပြောပြပါလား"

"လရိပ်ကို ချစ်တာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင်,မဆိုင်ဆိုင် သိချင်လို့ပါ"

သခါ သက်ပြင်းတစ်ချက်ချလိုက်ရင်း လက်ရှိချစ်ဇနီး စိတ်မကောက်စေရန် အတိတ်ကဖြစ်ရပ်တွေကို ပြောပြတော့သည်။ သခါစိတ်တို့သည် အတိတ်ကချစ်ခဲ့ရသည့် ချစ်ဇနီးဆီသို့ အလည်တစ်ခေါက် ပြန်ရောက်သွားလေတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ချစ်လို့ ချစ်တယ်ပြောတာ စိတ်ဆိုးစရာလား ညရိပ်ရဲ့။ နင့်ကို ငါ တကယ်ချစ်တာပါ။ နင်ကသာ လက်ခံမယ်ဆိုရင် မယားမှတ်မှတ် သားမှတ်မှတ်နဲ့ ပေါင်းမှာပါဟ"

"ကျော်လေး . . . နင့်ကိုငါ အပြတ်ပြောပြီးသားလေ။ မချစ်နိုင်ဘူး မနှောင့်ယှက်ပါနဲ့လို့"

"ချစ်တာ နှောင့်ယှက်တာမှမဟုတ်ဘဲ ညရိပ်ရဲ့။ နင် ငါ့အချစ်ကို မယုံဘူးလား။ မယုံရင် အခု ငါနဲ့လိုက်ခဲ့ လာ"

"ကျော်လေး"

ကိုယ်က နောက်ကနေလိုက်လာသူမို့ သခ်ီ အားလုံးကြား





အားလုံးမြင်နေရတာ အမြင်မတော်။ ကောင်မလေးက လက်မခံတာကို ကောင်လေးက အတင်းလက်ဆွဲခေါ်နေတာလေ။

"လာပါ . . . လိုက်ခဲ့ပါ ညရိပ်ရဲ့"

"နင် ငါ့လက်ကို လွှတ်နော်"

"ချစ်တယ်လို့ပြော"

"ဟဲ"

"ဖြန်း"

"ဟာ"

ကောင်မလေးလက်သံပြောင်ပုံကို ကြည့်ပြီး သခ်ီ ခြေလှမ်းတွေ ရပ်တန့်သွား၏။ ပြဿနာကတော့ စပြီထင်ပါရဲ့။

"နင် နင် ငါ့ပါးကို ရိုက်တယ်"

"ရိုက်တယ် ဘာဖြစ်လဲ"

"ရိုက်ပြီးရင် လိုက်ခဲ့"

"ကျော်လေး . . . နင်နော် လွှတ်"

ဆွဲတဲ့လူက ဆွဲ၊ ရုန်းတဲ့လူက ရုန်း။ သခ်ီ ဘယ်လိုမှကို အမြင်မတော်တော့ပေ။

ထို့ကြောင့် —

"ဟေ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကောင်မလေးက မကြည့်ဖြူတာကို ဘာလို့ အတင်းဆွဲနေတာလဲ။ သူ့ အလိုမတူရင် မင်း ဘာဖြစ်သွားနိုင်လဲ သိလား"

ကောင်မလေးက သူ့အနားကိုပြေးကပ်ပြီး ကောင်လေးက ကြည့်တာပေစောင်းစောင်းနှင့်ပါ။

"တောက်"

ကိုယ်က မဆီမဆိုင် ဝင်ပါလို့ ခင်ဗျားနဲ့ဘာဆိုင်လဲ ဘာညာ မပြောပေမယ့် တက်ခေါက်ပြီး လှည့်ထွက်သွားပုံက မကျေမနပ်နှင့်။ ကိုယ်ကလည်း နေရာတကာ ဟီးရိုးဝင်လုပ်ချင်သူတော့ မဟုတ်ပေ။ တကယ်ကို အမြင်မတော်လို့ ဝင်ပြောလိုက်မိတာ။

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်။ အစ်ကိုသာ ဝင်မပြောရင် အဲဒီကောင် ရမ်းကားတော့မှာ"

"နေပါဦး မင်းက နေဝင်မိုးချုပ် မိန်းကလေးတစ်ယောက်တည်း ဘာလို့ အပြင်ထွက်နေတာလဲ"

"ပရိယာယ်ဝမ်းစာ မချမ်းသာလို့ပေါ့ အစ်ကို။ ညရိပ်က ခုမှ ဈေးရောင်းက ပြန်လာတာပါ။ ညရိပ်တို့မှာ မိဘတွေမရှိကြတော့ မောင်လေးနဲ့ညီမလေးကို ညရိပ်ပဲ ရှာကျွေးနေရတာ"

သခါ တွေခနဲဖြစ်သွား၏။





ကောင်မလေးဘဝကို သနားသွားတာလေ။ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဘဝက ဒီလောက်တောင် ဆိုးသတဲ့လား။ သူ့ သက်ပြင်းချလိုက်ပြီး –

"ဒီအချိန် မိန်းကလေးတစ်ယောက်တည်း လမ်းပေါ်မှာ ရှိနေတာ အရမ်းအန္တရာယ်များတယ်။ ကိုယ် မင်းကို အိမ်အထိရောက်အောင် လိုက်ပို့ရမလား"

"အားနာစရာ အစ်ကိုရယ်"

"အားနာရင် ခါးပါတတ်တယ်တဲ့"

ကောင်မလေးက ချစ်စဖွယ်ပြုံးရင်း –

"အစ်ကိုလိုက်ပို့မယ်ဆိုရင်တော့ ညရိပ် ထပ်ပြီး ကျေးဇူးတင်ရဦးမယ်"

"ဘာလဲ . . . မင်းက ကျေးဇူးတင်ရမှာစိုးလို့လား"

"မဟုတ်ပါဘူး"

"ဒါနဲ့ မင်းနာမည်ကညရိပ်လား"

"အပြည့်အစုံက ညရိပ်မောင်ပါ အစ်ကို"

"ဪ"

"အစ်ကို ညရိပ်ကို အိမ်အထိလိုက်ပို့မယ်ဆိုရင် အားနာစရာတော့ဖြစ်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာဖြစ်လို့လဲ"

"ဟိုလေ ညရိပ်တို့အိမ်က ဟိုကကျိုး ဒီကပဲ့နဲ့မို့ပါ"

"ဩော် ... ဘာဆိုင်သို့လဲ ညရိပ်ရဲ့။ လူကိုခင်တာ အဲဒါတွေနဲ့မှ မဆိုင်ဘဲ"

"အစ်ကိုက ညရိပ်ကို ခင်သွားတာလား"

သူ ခေါင်းပဲညိတ်ပြမိ၏။ သနားခြင်းက အချစ်ကို တည်ဆောက်တဲ့အခြေခံအုတ်မြစ် ဖြစ်လားတော့မသိ။ ကောင်မလေးကို ကူညီဖေးမချင်စိတ်တွေက တဖွားဖွားပေါ်လာပြီး ခင်မင်မှုကို အစပြုလို့ ကောင်မလေးဈေးရောင်းတဲ့နေရာမှာ သူလည်းပါနေတတ်တာ ခဏခဏ ဖြစ်လာတော့ -

"အစ်ကိုရယ် အစ်ကို့ပုံစံနဲ့ ညရိပ်နောက်ကိုလိုက်နေတာ လုံးဝမလိုက်ဖက်ဘူး သိလား။ မသာနဲ့ နားရွှောင်းလိုပဲ။ နောက်မလိုက်နဲ့တော့နော်"

"ဘာဆိုင်လို့လဲ ညရိပ်ရဲ့"

"အစ်ကို့ကို အားနာလို့ပါ"

"ဒါဆို နောက်နေ့ကျ ညရိပ်နောက်ကိုလိုက်လို့ လိုက်ဖက်မယ့်အဝတ်အစားပဲ ဝတ်ခဲ့မယ်လေ"

ဒီလိုနဲ့ သံယောဇဉ်ဆိုတဲ့ သံယောဇဉ်က တစ်စတစ်စ ပို





ခိုင်မြဲလာခဲ့ပြီး သေချာတာတစ်ခုက သူ၏ ညရိပ်ကို ချစ်တယ်ဆိုတာပါပဲ။

ကိုယ့်ဘဝနဲ့ ဘယ်လိုမှ စပ်လို့ဟပ်လို့ မရနိုင်မှန်းသိပေမယ့် ညရိပ်နဲ့ ပတ်သက်ပြီး ဘာမဆို ရင်ဆိုင်ဖို့ခွန်အားတွေ ဖြစ်လာခဲ့တာ အချစ်ကြောင့်ပါ။ ကိုယ့်အသိုင်းအဝိုင်းက ညရိပ်ကို လက်မခံနိုင်ဘူးဆိုတာလည်း သိသည်။

ဒါပေမဲ့ -

ကိုယ်ပဲ ညရိပ်ဘဝထဲကို တိုးဝင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နှင့်

"ညရိပ်"

"ရှင်"

"ညရိပ်ကို အစ်ကို ပြောစရာရှိတယ်"

"ဟုတ် ပြောလေ"

"အစ်ကို ညရိပ်ကို့ချစ်တယ် လက်ထပ်ချင်တယ်"

"ရှင်"

"ညရိပ်ကရောဟင်"

ပထမတော့ ညရိပ် သူ့ကို မယုံသလိုကြောင်ကြည့်နေပြီး နောက်တော့ ခေါင်းလေးငုံ့သွားလေသည်။ မတူညီတာတွေအတွက် စဉ်းစားနေမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ညရိပ်"

"ရှင်"

"အစ်ကို့ကို တစ်ခုခုပြန်ပြောဦးလေ"

"မဖြစ်နိုင်ပါဘူး အစ်ကိုရယ်"

"ဘာလို့မဖြစ်နိုင်ရမှာလဲ။ ညရိပ် အစ်ကို့ကိုချစ်တယ် မချစ်ဘူးဆိုတာပဲ ဖြေပါ။ အရာအားလုံး ဖြစ်နိုင်စေရမယ်"

"ညရိပ်"

ကိုယ့်ကိုမော့ကြည့်လိုက်တဲ့ မျက်နှာလေးက ညှိုးငယ်ငယ်။ မျက်လုံးလေးတွေကတော့ ကိုယ့်ကိုချစ်တယ်လို့ အဖြေပေးနေသည်ပါပဲ။

"ဖြေလေ ညရိပ်ရဲ့"

"ညရိပ် အစ်ကို့ကို ချစ်ပါတယ်။ ဒါပေမဲ့"

"ချစ်တယ်ဆို ပြီးပြီ။ ဒါပေမဲ့တွေ မဆက်နဲ့။ အစ်ကိုတို့ လက်ထပ်ကြမယ်နော်"

ချစ်ကြပြီဆိုတော့ မိုးမမြင် လေမမြင်။ ညရိပ်ကိုချစ်တဲ့စိတ်တစ်ခုနဲ့ တူနှစ်ကိုယ်တဲ့အိုဖျက်မှာ ထမင်းရည်ပဲ အတူသောက်ရ သောက်ရဆိုတဲ့ဆုံးဖြတ်ချက်နဲ့ တစ်ယောက်ကိုတစ်ယောက် စိတ်မချခြင်းတွေ ရှေ့တန်းတင်ပြီး နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြတာ။





ပြီးမှ လူကြီးစုံရာနဲ့ လာတောင်းမယ်ပေါ့။ ရည်ရွယ်ချက်ကဒီလို။ အဲဒီနေ့ကသာ ညရိပ် သူနေတဲ့အိမ်ကိုလိုက်လာပြီး အတူတူရှိခဲ့ကြပေမယ့် နောက်နေ့ဆိုရင်ပဲ ဟန်မပျက် နေရာမှန် ပုံမှန် အနေအထားမျိုးနဲ့ နေခဲ့ကြတာ။

ကံဆိုးချင်လာတော့ –

ဒေါ်လေး အသည်းအသန်ဖြစ်နေလို့ ပြန်လာခဲ့ပါတဲ့။ ညီမလေး ဖုန်းဆက်ပြောလို့ မပြန်မဖြစ်ပြန်ရတဲ့နေ့မှာ –

"အစ်ကို"

"ညရိပ်"

"အစ်ကို မြန်မြန်ပြန်လာခဲ့ပါနော်။ ညရိပ် အစ်ကို့ကို မျှော်နေမယ်"

"ပြန်လာမှာပေါ့ ညရိပ်ရဲ့။ ညရိပ်က အစ်ကို့မိန်းမပဲဟာ။ မိန်းမရှိနေတဲ့နေရာကို ယောကျ်ား အမြန်ဆုံး ပြန်လာခဲ့မှာပေါ့"

"အစ်ကိုနော် ဘာမိန်းမလဲ"

"မဟုတ်လို့လား"

"မသိဘူး"

ငုံ့သွားတဲ့ခေါင်းလေးကို ပြန်မော့စေပြီး သဓိ ဟိုကြည့်ဒီကြည့် ကြည့်၍ လူအလစ်မှာ ဖျတ်ခနဲ ငုံနမ်းလိုက်၏။ ချစ်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com

မခွဲချင်ဘူးပေါ့လေ။ ခဏတာခွဲခွာရမှာလေးကိုပင် သခ်ီ့ရင်ထဲမှာ တစ်သက်လုံး ခွဲသွားရတော့မလို ခံစားရ၏။

ဒါပေမဲ့ –

ညရိပ်ကိုပြောပြရင် မိန်းကလေးဆိုတော့ ကိုယ့်ထက် ပိုဆိုးမှာပေါ့။ ဒါကြောင့် မပြောဘဲ မျိုသိပ်ထားရတာ ရင်ဘတ်တွေတောင် အောင့်လို့ပါပဲ။

"ညရိပ်"

"အစ်ကို"

"အစ်ကို သွားတော့မယ်နော်"

"ဟုတ်"

ခေါင်းညိတ်ပြီး ငုံ့သွားတဲ့ ခေါင်းလေးက ပြန်မော့မလာတော့ပေ။ မျက်ရည်တွေကျနေမယ်ဆိုတာ သိသိနဲ့ကိုပဲ ကျောခိုင်းထားရစ်ခဲ့ရတာ။ တစ်နေ့ ကိုယ်ပြန်လာမှာပဲလေ။

❋ ❋ ❋



## အခန်း (၂၂)

"ဘာ"

ဒေါ်ထားထားနွယ်၏အသံသည် မိုးချုန်းသံကဲ့သို့ ကျယ်လောင်သွားလေ၏။ သခ်ီကိုကြည့်သော မျက်လုံးတို့ကပင် ရူးရဲလွန်းလှ၏။ သခ်ီကတော့ အပြစ်လုပ်ခဲ့သူမို့ ဒေါ်လေးအကြည့်ကို ရင်မဆိုင်ရဲစွာ မျက်နှာလွှဲထားမိသည်။

"ငါ လုံးဝသဘောမတူနိုင်ဘူး သခ်ီ။ မင်းက ချောက်တောင်မှ တကယ့်နက်တဲ့ချောက်ထဲကို ခုန်ဆင်းခဲ့တာပဲ"

"ချစ်တာအပြစ်မှမဟုတ်ဘဲ ဒေါ်လေးရဲ့။ ကျွန်တော် ညရိပ်ကို ချစ်တယ်"


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေး၏အမိန့်အာဏာကို ဖီဆန်ကာ ခံမပြောဖူးခဲ့တဲ့ သခ်ီ အချစ်နှင့်ပတ်သက်လာတော့ သတ္တိတွေရှိလာခဲ့သည်။

“သတ္တိတွေ တယ်ကောင်းလာပါလား။ သခ်ီ အရာရာကို မင်း စိတ်တိုင်းကျ လိုက်လျှောခဲ့သမျှ ဒီတစ်ခါတော့ ငါ မလိုက်လျှော နိုင်တော့ဘူး”

“ကိုကိုရယ် . . . ကိုကို နယ်ကိုပြန်မသွားပါနဲ့တော့နော်”

ရွှေလက်ာကလည်း သူ့ကိုတားမြစ်နေပြန်ပါပြီ။

“ပြန်မသွားလို့မဖြစ်ဘူး ညီမလေး။ ကိုကို နမချင်းစာနာ တတ်ရမယ်။ ကိုကို ယောက်ျားပါ။ ဖြူစင်ရိုးသားတဲ့ သူ့ဘဝလေးကို မဖျက်ဆီးချင်ဘူး။ သူ့ကို ကိုကိုချစ်ခဲ့တာ ဘယ်အရာနဲ့မှ နှိုင်းဆလို့ မရဘူးလေ။ ညီမလေး တစ်နေ့ ကိုကို့ကို နားလည်လာမှာပါ”

“ဟင့်အင်း မချစ်ရဘူး။ ကိုကို ညီမလေးကလွဲရင် ဘယ်သူ့ ကိုမှ မချစ်ရဘူး ကိုကို။ ကိုကို ညီမလေးကိုပဲချစ်ရမယ်”

ရွှေလက်ာ ခါးခါးသီးသီးငြင်း၍ ငိုလေသည်။

“ညီမလေးရယ် . . . ညီမလေးကိုလည်း ကိုကိုချစ်နေတာပဲ လေ”

“ညီမလေး ကိုကို့အချစ်ကို သူများနဲ့ခွဲဝေပြီး မယူနိုင်ဘူး ကိုကို။ ညီမလေး တစ်ယောက်တည်းပဲ ပိုင်ဆိုင်ချင်တယ်”





“ခက်လိုက်တာ ညီမလေးရယ်”

သခ်ီ ဖြေရှင်းရခက်နေသည်။ ညီမလေးကိုလည်း အပြစ် ဆိုရက်။ ကလေးဆိုတော့လည်း ကလေးသဘာဝအတိုင်း ဘယ်သူ့ ကိုမှ စာနာငဲ့ညှာရကောင်းမှန်း မသိသေး။

“ခက်မနေနဲ့ သခ်ီ၊ တူနှစ်ကိုယ် တဲအိုပျက်မှာ ထမင်းရည် အတူပဲသောက်ရသောက်ရဆိုတဲ့ ခေတ်က ကုန်သွားပြီကွ။ ကိုယ့်မျိုးရိုး ဂုဏ်သိက္ခာကို ထောက်ပြီး မင်း ခြေလှမ်းတွေကို နောက်ဆုတ်လိုက် ပါ”

“ဒေါ်လေး . . . မိန်းမယားချင်း ကိုယ်ချင်းစာပေးပါဗျာ၊ အပြစ် အနာအဆာကင်းတဲ့ ပန်းတစ်ပွင့်ကို ချိုးယူပြီးမှ လွှင့်ပစ်မယ်ဆိုရင် ကျွန်တော် ခွေးဖြစ်သွားလိမ့်မယ်”

“မင်း သူ့ဆီပြန်သွားပြီးမှ တကယ့်ခွေးဖြစ်မှာသိရဲ့လား။ ခုချိန် မှာတော့ မင်းက ကျားပဲ၊ မင်းက ယောက်ျားလေးပဲ လှေကားသုံးထစ် လွှန်ရင် လူပျိုပေါ့။ အထက်တန်းလွှာတွေထဲမှာ ကြိုက်ရာကို မင်းရွေး လိုက်စမ်းပါ”

သခ်ီ စိတ်ရှုပ်ထွေးစွာ ခေါင်းကိုခါယမ်းပစ်လိုက်မိ၏။

“အဆင့်အတန်းဆိုတာ လူတွေက ခွဲခြားထားတာပါ ဒေါ်လေးရာ။ ဆက်ရက်ပဲဖြစ်ဖြစ် ချိုးပဲဖြစ်ဖြစ် ငှက်ဟာ ငှက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ သင်္ချာတစ်ပုဒ်လို တွက်လို့လည်းမရဘူး။ ငွေကြေး ပမာဏနဲ့ တိုင်းဖြတ်ပြီး ဝယ်လို့လည်းမရဘူး''

''တော်စမ်း သမီး။ မွဲချင်တဲ့ခွေး ပြာပုံတိုးဆိုတာ ဒါမျိုးပဲ ငါ အပြတ်ပြောလိုက်မယ် မင်း အဲဒီကိုပြန်သွားမယ်ဆိုရင် အမွေပြင် ကြော်ငြာကို တစ်ပါတည်းယူသွား။ အဲဒါ ငါ့ရဲ့လက်ဖွဲ့ပဲ''

ဒေါ်လေးက စိန်ခေါ်လာပြီမို့ သမီး ပြတ်သားမှာဖြစ်တော့ မည်။ အပြစ်မဲ့တဲ့ချစ်သူကို သူ မစွန့်လွှတ်နိုင်။ ဂုဏ်ဓနဆိုတာ တစ လွန်ဘဝအထိ ယူသွားလို့ရတဲ့အရာမှ မဟုတ်။

ကံကောင်းရင် တစ်ချက်၊ ကံမကောင်းရင် တစ်ဘဝလုံး ဝေးချင်ဝေးပါစေ သည့်အရာတွေကို သူ မမက်မောပါ။

''ကောင်းပြီ ဒေါ်လေး။ ဆင်းရဲသားတွေကျတဲ့ မျက်ရည်စက် ဟာ ကမ္ဘာကြီးတောင် ချက်ဝင်သွားနိုင်တယ်ဆိုတာ တစ်နေ့ ဒေါ်လေး သိလာပါလိမ့်မယ်။ ခုတော့ ကျွန်တော့်ကို သွားခွင့်ပြုပါ''

သမီး ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်သည်နှင့် ရွှေလက်ဘ သခါကို ဖက်၍ ငိုလေသည်။

''ကိုကို မသွားရဘူး။ ကိုကို မသွားပါနဲ့။ ညီမလေးကို မထား ခဲ့ပါနဲ့ ကိုကိုရယ် . . . အီး ဟီး ဟီး''

''ညီမလေးရယ်''





သခါ သူ့အပေါ်တွင် သံယောဇဉ်ကြီးလွန်းရှာသော ညီမငယ် ကို မေ့ကာ မျက်ရည်တို့က ရစ်သိုင်းဖွဲ့လာလျက်။

''ကိုကို့ကို ခွင့်လွှတ်ပါ ညီမလေးရယ်။ ကိုကိုမသွားလို့ မဖြစ် သို့ပါကွာ။ ကံမကုန်ရင်တော့ ညီမလေးနဲ့ကိုကို ပြန်ဆုံကြတာပေါ့''

''ဟင့်အင်း . . . ကိုကိုမသွားရဘူး။ မသွားရဘူး''

သခါ ရင်နင့်စွာနှင့် နောက်ဆုံး ညီမငယ်၏ဆံနွယ်စလေးကို နမ်းရှိုက်မိပါသည်။ ခွင့်လွှတ်တော့ ညီမငယ်။ ဥစ္စာဓနပေါကြွယ်ဝနေတဲ့ အေးမြသောအရိပ်မှာ ညီမလေးက ကျန်ရစ်ခဲ့ရမယ့်သူပါ။

နေပူမှာ ရေငတ်ပြီး စောင့်နေရှာမယ့် အညာတြမလေးကို ကိုကို ရက်ရက်စက်စက် စွန့်မပစ်နိုင်ခဲ့လို့ပါကွာ။

''ကိုကို''

သခါ လှည့်မကြည့်တော့။ ကျောခိုင်း၍ ပြေးထွက်ခဲ့ပြီး မိမိကိုယ်ပိုင်ကားကလေးကို မောင်းထွက်ခဲ့တော့၏။ ကားမောင်းလာ သော သခါလက်တို့သည် တုန်ယင်နေသည်။

မျက်ရည်စက်တွေက အဆက်မပြတ် ကျနေသည်မို့ လမ်းတို့ သည် ဝိုးတဝါး။ စိတ်တို့ကလည်း ကစဉ့်ကလျား။ သူ့စိတ်တို့သည် သူ့ကိုယ်၌မကာဝ်။

ထွက်ပြေးလွတ်မြောက်လာတဲ့ အာရုံထဲမှာ ညရိပ်ပုံလွှာတွေက



www.burmeseclassic.com

www.burmeseclassic.com



သော့ကစားနေသည်။

"ဟာ"

သခ်ီ လွင့်နေသောစိတ်တို့ကို သတိထား၍ ပြန်လည်စုစည်းမိချိန်တွင် ရှေ့မှ မောင်းနှင်လာသော စုဇူကီးအနီရောင်ကားကလေးသည် လမ်းကြောင်းမမှန်ဘဲ ယိမ်းထိုးနေ၏။

သခ်ီ သတိထား၍ ရှောင်တိမ်းဖို့ကြိုးစားသော်လည်း တစ်ဖက်ကားမှာ သခ်ီကားဆီသို့ တည့်တည့်ကြီးကိုပဲ ဦးတည်လာလေတော့ –

"ဒုက္ခပဲ ... ဟာ တိုက်ပြီ"

"ဒုန်း"

"အား"

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် သခ်ီ မည်မျှ လောကကြီးနှင့် အဆက်ပြတ်နေခဲ့ရသည်မသိ။ သူ့ အိပ်မက်ကမ္ဘာထဲမှာ ညရိပ်နှင့် အတူ လျှောက်လည်နေခဲ့တာ လှိုဏ်မြောင်ချောက်ကမ်းပါးတွေကိုလည်း ကျော်ဖြတ်ခဲ့ရသည်။

စိမ်းလဲ့စိုပြည်နေသည့် အရောင်အသွေးစုံလင်စွာ ပွင့်ဖူးနေကြသော ပန်းဥယျာဉ်ထဲကိုလည်း ရောက်ခဲ့၏။ ခန္ဓာကိုယ် ထွားကျိုင်းသန်မာ၍ အသားမည်းမည်း အရုပ်ဆိုးဆိုးလူကြီးကိုလည်း တွေ့ခဲ့ရ





ပြန်ပြီး ထိုလူကြီးက သခ်ီကို အတင်းပြန်လွှတ်၍ ညရိပ်ကိုဆွဲခေါ်ထားလေလျှင် ညရိပ်သည် ထိုလူကြီး၏လက်အတွင်းမှ ရုန်းကန်၍ သူ့ကို ကယ်ဖို့ ငို၍ သခ်ီကိုတောင်းပန်နေ၏။

သခ်ီလည်း ညရိပ်ကို မထားခဲ့နိုင်ပါ။ သခ်ီ လူကြီးလက်အတွင်းဝယ် ချုပ်နှောင်ထားသော ညရိပ်ကို အတင်းဆွဲခေါ်နေမိပြီး သူဆွဲ ကိုယ်ဆွဲ ဆွဲနေသည့်အချိန်တွင် ညရိပ်က ရုန်းကန်၍ လွတ်မြောက်ထွက်ပြေးသွားလေသည်။

လူကြီးက ညရိပ်နောက်သို့ ပြေးလိုက်လေသဖြင့် သခ်ီ အသံကုန်ဟစ်၍ အော်မိလေတော့ –

"ညရိပ် ... ညရိပ်"

"ဟော ... သတိရလာပြီထင်တယ်"

"သား ... သားလေး"

"ကိုကို"

နားထဲမှာ ဒေါ်လေးအသံ၊ ညီမလေးအသံနှင့် သူတစ်ခါမျှ မကြားဖူးသော အသံတွေကို ကြားနေရသည်။ သခ်ီ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေ၏။

မျက်ခွံတွေကလည်း လေးလံနေသည်။ အာခေါင်တွေ ခြောက်၍ ရေအရမ်းဆာနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရေ ရေသောက်ချင်တယ် ရေပေးပါ"

"ရေသောက်ချင်လို့တဲ့။ သမီး ရေခပ်ပေးပါဦး"

"ဟုတ်ကဲ့ ဒေါ်လေး"

သူ့ပါးစပ်ထဲသို့ ရေစက်လေးတွေ တစ်စက်ချင်းကျလာလေတော့ သခင် မျက်လုံးကို အားယူ၍ဖွင့်ကြည့်မိသည်။ လုံး၀ ဖွင့်မရတော့ လက်နှင့် မျက်နှာကို စမ်းကြည့်တော့ ပတ်တီးတွေထင်ရ၏။

"သား မကိုင်နဲ့လေ၊ ပတ်တီးပြေသွားမယ်"

"ဒေါ်လေး ... ကျွန်တော် ကျွန်တော်"

သခင် စကားတွေက ရှေ့သို့မဆက်နိုင်။ သူဖြစ်ပျက်ခဲ့ပုံကို ချက်ချင်း မှတ်မိသွားပြီး –

"ဟုတ်တယ် သား၊ သား ဆေးရုံရောက်နေတာ"

သခင် ရင်ထဲမှာနင့်ခနဲဖြစ်သွားရ၏။ သူ ဘယ်အချိန်လောက်ကြာအောင် သတိလစ်မေ့မြောနေခဲ့သလဲဟု မမေးတော့။ မေးဖို့ ခွန်အားလည်းမရှိတော့ပါ။ ညရိပ် ခုချိန်ဆို သူ့ကိုမျှော်နေရော့မည်။

မျက်နှာပေါ်က ပတ်တီးတွေဖြေတဲ့နေ့ကပင် သခင့်ဘ၀ သည် ကစ၍ မှိုင်းမှောင်တော့သည်။ ပတ်တီးဖြေပြီး မျက်လုံးကို ဖွင့်ကြည့်တော့ ဘာကိုမှ မမြင်ရတော့။

"ဒေါ်လေး ... ကျွန်တော် ကျွန်တော် ဘာကိုမှ မမြင်ရတော့





ဘူး။ ကျွန်တော့်မျက်လုံးတွေ မမြင်ရတော့ဘူး ဒေါ်လေးရဲ့"

သခင် မျက်နှာကို လက်ဝါးနှင့်အုပ်၍ ငိုမိလေတော့ –

"သား ... သားလေး၊ ဒေါက်တာ ကျွန်မတူလေးကို ကယ်ပါဦးရှင်။ သူ့မျက်လုံးတွေ မမြင်ရတော့ဘူးတဲ့"

ဆရာဝန်ကြီးထံမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရ၏။

"စိတ်မကောင်းပါဘူး ဒေါ်ထားထားနွယ်။ မျက်လုံးထဲကို အားမှန်စတွေ ကွဲပြီး ထိခိုက်မိတာဆိုတော့"

"ကျွန်မတူလေးမျက်လုံးကို ကုလို့မရတော့ဘူးလား ဒေါက်တာရယ်။ သားလေးကို ကယ်ပါ"

ဆရာဝန်ကြီး၏စကားမဆုံးမီပင် ဒေါ်လေး ယူကျုံးမရစွာငို၍ ထိုသို့ဆိုခြင်းပါ။

"ကျွန်တော်တို့ထက် တတ်ကျွမ်းတဲ့ မျက်စိအထူးကုပါရဂူကြီးတွေနဲ့ ပြကြည့်ကြတာပေါ့ ဒေါ်ထားထားနွယ်"

"ကျွန်မတူလေးတော့ ကိုယ်ကျိုးနည်းပြီထင်ပါရဲ့"

ဒေါ်လေးတစ်ယောက် တရှုံ့ရှုံ့ငိုလေတော့ ရွှေလက်ာက လည်း –

"ကိုကို ညီမလေးတို့ကြောင့်ဖြစ်ရတာ"

ညီမလေးကလည်း သူ့ကိုဖက်၍ ငိုလေသည်။ သည်နေ့မှ



www.burmeseclassic.com

www.burmeseclassic.com



စ၍ သခ်ီါဘဝက ဖောက်ထိုးမိုးမျှော် ဖြစ်ခဲ့ရ၏။

မျက်မမြင်ဒုက္ခိတဖြစ်သွားရရှာသော သူ့ကိုကြည့်၍ ဒေါ်ထားထားနွယ် တစ်နေ့မှ စိတ်မချမ်းသာခဲ့။ သူမကြောင့်ဖြစ်ရသည်ဟု ယူဆကာ တူ၏အလိုဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးဖို့ ဆိုလာသည့်တွင် သခ်ီါ တောင်းဆိုမှုက ညရိပ်တို့မိသားစုကို ခေါ်ပေးဖို့ပင်။

ဒေါ်ထားထားနွယ်ကလည်း မငြင်းဆန်ခဲ့။ ညရိပ်ရှိရာ နယ်သို့ ခရီးနှင်လာတော့၏။ သုံးရက်ကြာတော့ ရန်ကုန်ကိုပြန်ရောက်လာပြီး သခ်ီါ လွမ်းဆွတ်တမ်းတနေသော ညရိပ်ကတော့ ပါမလာခဲ့။

"ဒေါ်လေး ညရိပ် ဘာဖြစ်လို့ လိုက်မလာတာလဲဟင်၊ ဒေါ်လေး သေချာရှင်းပြပြီး မခေါ်ခဲ့ဘူးလား"

ဒေါ်ထားထားနွယ်၏ ဂုဏ်မေနအရှိန်အဝါကြောင့် ညရိပ် မလိုက်လာရဲတာဘဲဖြစ်မည်ဟု တွေးထင်ကာ အမောတကောနိုင်စွာ မေးမိပေမယ့် ဒေါ်လေးထံမှ ဘာတုံ့ပြန်သံမှ မကြားရ။ ညီမလေး ရွှေလက်ာ၏ ရှိုက်သံသဲ့သဲ့သည်သာ နားထဲသို့ တိုးဝင်လာလေ၏။

"ဒေါ်လေး ကျွန်တော့်ကိုတစ်ခုခုပြန်ပြောဦးလေ။ ညရိပ်က ကျွန်တော့်ကို ဒုက္ခိတဖြစ်သွားလို့ ဥပေက္ခာပြုသွားပြီလား။ ပြောပါ ဒေါ်လေးရဲ့"

သခ်ီါ မချိတင်ကဲလေသံနှင့် တုန်ယင်စွာဆိုလေလျှင် -





"သား သားရယ်"

ဒေါ်ထားထားနွယ် သူ့ကိုဖက်၍ ငိုကြွေးလေတော့ -

"ဒေါ်လေး"

"သား ဒေါ်လေးစကားကို နားထောင်၊ စိတ်ကိုတည်ငြိမ်အောင်ထားနော်"

ဒေါ်လေးစကားတို့သည် သခ်ီါရင်ကိုပူလောင်စေ၏။ စိုးရိမ်စိတ်တို့နှင့် ရင်တွေ တလှပ်လှပ်ခုန်လာပြီး -

"ညရိပ် ... ညရိပ် ဘာဖြစ်လို့လဲ ဒေါ်လေး။ ပြောပါ ကျွန်တော့်ကို မြန်မြန်ပြောပါ။ ကျွန်တော် ရင်တွေပူလောင်လွန်းလို့ပါ ဒေါ်လေးရယ်"

"သူ ... သူ ... ဆုံးသွားပြီ သား"

"ဗျာ"

သခ်ီါ မယုံသလို ခေါင်းတခါခါ။ ဆင်းရဲနွမ်းပါးတဲ့ညရိပ်ကို သူတို့အသိုင်းအဝိုင်းထဲသို့ ခေါ်မလာချင်၍ လိမ်တာပဲဖြစ်မည်ဟု ယူဆသည်။

သူ့ကို မျက်ကန်းတစ်ယောက်ဆိုပြီး လှည့်ပတ်ထားတာပဲဖြစ်မည်ဟု သူ မယုံနိုင်စွာ ခေါင်းကိုသွက်သွက်ခါလျက် -

"မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး၊ ဒေါ်လေး ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ညာနေတာ။ ညရိပ်က ဘာဖြစ်လို့သေရမှာလဲ။ သူ ကျွန်တော့်ကို စောင့်နေတော့မှာ။ ကျွန်တော် ညရိပ်ဆီ သွားပါရစေ။ ညရိပ်ကို ကျွန်တော်ကိုယ်တိုင် သွားခေါ်မယ်"

"သား"

"ကိုကို"

သခ်ီ ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်တွင် လဲမည်စိုး၍ ဒေါ်ထားထားနွယ်နှင့် ရွှေလက်ာတို့ သူ့ကိုယ်ကြီးကို ဖက်ထားလေ၏။

"ဖယ်ကြ၊ ကျွန်တော့်ကိုမတားနဲ့။ ကျွန်တော့်ကို ဒေါ်လေး ညာတာ"

သခ်ီ အရူးတစ်ယောက်ပမာ အော်ဟစ်၍ ရုန်းကန်နေသည်။

"သား ... ဒေါ်လေး သားကို မညာချင်ပါဘူးကွယ်။ ညရိပ် တကယ်သေသွားတာပါ"

"မယုံဘူး"

"ယုံပါ သားရယ်။ ညရိပ် ကိုယ်ဝန်ရှိပြီး သန္ဓေသားက သားအိမ်အပြင်ရောက်သွားတာ ဆေးရုံရောက်တော့ အချိန်အရမ်း နောက်ကျလို့ ဆုံးသွားရတာတဲ့"

ဒေါ်ထားထားနွယ် အစအဆုံးရှင်းပြလေတော့ သခ်ီ ယုံသွားပုံ





ရသည်။ မတ်တတ်ရပ်နေသော သူ့ခြေထောက်တွေ ချက်ချင်းပင် ထုံကျင်လာပြီး ခန္ဓာကိုယ်ကြီးက ခုတင်ပေါ်သို့ ပြုတ်ကျသွားလေတော့၏။

"သား"

သခ်ီ အသက်ရှူများပင် ရပ်သွားလုမတတ် ခံစားလိုက်ရသည်နှင့်အမျှ သက်မဲ့သည့်ကျောက်ရုပ်ပမာ မလှုပ်မယှက်။ ဒေါ်ထားထားနွယ်နှင့်ရွှေလက်ာ သူ့ပခုံးကို ဆွဲလှုပ်ယမ်းလျက်။

"ကိုကို ကိုကို ဘာဖြစ်သွားတာလဲ။ ဒေါ်လေး လုပ်ပါဦး"

"သား ငိုလိုက်လေ၊ စိတ်ကိုတင်းမထားနဲ့ ငိုချလိုက် ငိုလိုက်"

သည့်တော့မှ သခ်ီသည် အိခနဲ ရှိုက်သံပေးကာ ငိုလေတော့သည်။ ခုတင်ရယ်၊ ဘာရယ်မသိ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ ကြုံရာကို အားရပါးရ ထိုးချလိုက်ပြီး –

"ညရိပ်"

ဟုအော်ဟစ်၍ ခေါ်သံသည် ပဲ့တင်ထပ်၍ ကမ္ဘာအစွန်းတစ်ဘက်ဆီကပင် ကြားရလိမ့်မည်ဟုထင်ရ၏။ ထိုနေ့မှစ၍ သခ်ီဘဝသည် အပျော်တွေကုန်ဆုံး၍ အမှောင်ဖုံးခဲ့ရလေ၏။ အသက်ရှင်လျက်နှင့် ဘဝသေခဲ့ရသည်။ ညရိပ်မရှိတော့သည့် သူ့ဘဝသည် ကန္တာရ သဲရွက်ခြောက်ပမာ နွမ်းလျကြေမွခဲ့ရသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားထားနွယ် မျက်စိကိုခွဲစိတ်ကုသဖို့ အကြိမ်ကြိမ် တိုက်တွန်းသော်လည်း သခ်ီ လက်မခံခဲ့။ ချစ်သူမရှိတော့သည့်ဘဝသည် အညာနွေလို ပူပြင်းလှ၏။

ချစ်သူမျက်နှာကို မြင်ခွင့်မရတော့သည့် အတူတူ မည်သည့်အရာကိုမှ ကြည်ဖြူစွာ မြင်ကွင်းထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ခွင့် မရှိစေရဟု ဆုံးဖြတ်လျက် ခေါင်းမာစွာ မျက်စိခွဲစိတ်ကုသရေး စီမံကိန်းကို အကြိမ်ပေါင်းများစွာ ငြင်းပယ်ခဲ့သည်ပဲလေ။

❊ ❊ ❊



## အခန်း (၂၃)

သခ်ီအသံသည် ဝမ်းနည်းကြေကွဲခြင်းတို့ လွှမ်းမိုးနေသည်မို့ လည်ချောင်းဝ၌ တိမ်ဝင်သွားလေ၏။ အင့်ခနဲ ထွက်လာသော ရှိုက်သံတစ်ချက်ကြောင့် သခ်ီ လရိပ်ကို ငုံ့မိုးကြည့်လေသည်တွင် –

“ဟင် ... လရိပ် ငိုနေတယ်”

လရိပ်သည် သခ်ီကို မျက်ရည်တွေကြားမှ မော့ကြည့်ကာ–

“ဦးနဲ့မမကို သနားလို့ပါ”

သခ်ီ သက်ပြင်းတစ်ချက်ချပြီးမှ အားယူ၍ ပြုံးကာဖြင့် –

“ပြီးခဲ့တာတွေ ပြီးခဲ့ပြီပဲ လရိပ်ရယ်။ ညရိပ်က ပြန်လာနိုင်တော့တာမှ မဟုတ်တာ။ သေသူက အနိစ္စ၊ ရှင်သူကဒုက္ခထဲ ကျန်



www.burmeseclassic.com

www.burmeseclassic.com



မုချ သေကြရမယ့်သူတွေထဲမှာ ဦးတို့လည်းပါတာပဲလေ။ တစ်ဦးနဲ့ တစ်ဦး လမ်းခွဲခြင်းမှတ်တိုင် မရောက်ကြခင် ကြင်နာယုယစွာ နေ… ရအောင်နော်။ မငိုနဲ့တော့''

သနီ ကြင်နာမြတ်နိုးစွာနဲ့ လရိပ်မျက်ဝန်းမှ မျက်ရည်တွေ… သုတ်ပေးလေ၏။ လရိပ် ခေါင်းထဲသို့ အတွေးတစ်ခုက ဖျတ်ခနဲ ဝင်လာပြီး သနီရင်ထဲကအချစ်ကို သွေးတိုးစမ်းကြည့်ချင်သည်မို့—

''ဦး''

''ဟင်''

''မမနဲ့လရိပ် ဘယ်သူ့ကို ပိုချစ်သလဲဟင်''

သနီ ခပ်တွေတွေလေးဖြစ်သွား၏။ သေသူကို လိုက်ပြီး သဝန်တိုနေတယ်ဟု လရိပ်ကိုထင်မလား။ လရိပ်မှာ သည်လိုသဘော… မျိုး လုံးဝမရှိပါ။ လရိပ်သိချင်တာက သူ မမကို တကယ် ချစ်မချစ်နဲ့ သူပြောတာတွေ ဟုတ်မဟုတ် ယုံသင့် မယုံသင့် ချင့်ချိန်ကြည့်လိုခြင်း ပါလေ။

''လရိပ် စိတ်မဆိုးရဘူးနော်''

''အင်း''

''လရိပ်ကြားဖူးမှာပါ။ အချစ်ဦးကို မြေဦးရသည်အထိ မမေ့ ကြဘူးတဲ့။ ယေဘုယျပေါင်းတော့ အနှစ်တစ်သောင်းဆိုတာလေ။ အချစ်…





ဆိုတဲ့ အချစ်တွေထဲမှာ သနားချစ်က အခိုင်မြဲဆုံးနဲ့ အဖြတ်တောက်ရ အခက်ဆုံးပဲ လရိပ်။ နက်လည်း နက်နဲတယ်။ ဦး ညရိပ်ကိုချစ်ခဲ့တာ သနားချစ်နဲ့ ချစ်ခဲ့တာ။

သူ့အပေါ် ချစ်တဲ့အချစ်မျိုးနဲ့ နောက်ထပ် ဘယ်သူ့ကိုမှ ဦး ချစ်နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ လရိပ် စိတ်မကောင်းမဖြစ်ပါနဲ့။ ဦး လရိပ်ကို ညရိပ်ရဲ့ကိုယ်ပွားလေးလို့ သတ်မှတ်ထားပါတယ်''

''လေးစားပါတယ် ဦး။ သစ္စာတရားကို စောင့်ထိန်းတတ်တဲ့ ဦးကို လက်ထပ်ခဲ့တာ လရိပ် အရမ်းကံကောင်းပါတယ်။ ဦးအပေါ်မှာ အမြင်မကြည်ခဲ့တဲ့ မိုးရိပ်ရင်ထဲက အမုန်းဆူးတွေကိုလည်း လရိပ် ကြိုးစားပြီး နုတ်ပေးပါ့မယ်''

သနီ မိမိအပေါ်တွင် အလိုက်သိနားလည်တတ်လွန်းသော လရိပ်ကို ကရုဏာသက်စွာ မြတ်နိုးသွားရ၏။ မိမိဒုက္ခိတဘဝတုန်း ကလည်း သူ့ခမျာ မငြိုမငြင် မညည်းမညူဘဲ ပြုစုယုယခဲ့သူလေးပင်။

သည်ဇနီးကို သေတပန် သက်တဆုံး သစ္စာရှိရှိ ပေါင်းသင်း သွားပါမည်ဟု သူ သစ္စာတည်၍ ကျိန်ဆိုပါသည်။

''ဟော ရွှေလက်ာ … လမ်းလျှောက်ထွက်မလို့လား။ လာ လာ … လရိပ်ကိုတွဲ''

အခန်းထဲမှထွက်လာသော ရွှေလက်ာကိုမြင်တော့လည်း သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ ထ၍ အပြေးသွားကြိုရသည်။ ရွှေလက်ာ နှစ်လိုဖွယ်ပြုံးပြ

"ရပါတယ် လရိပ်ရယ်၊ ရွှေလက်ာ့ဘာသာ လျှောက်ပါ့မယ်"

"မဟုတ်တာ၊ ရွှေလက်ာ မပေါ့မပါးကြီးနဲ့ လမ်းလျှောက်မယ်

ဆိုလည်း လရိပ်ကို ခေါ်ရောပေါ့။ မတော် ခလုတ်တိုက်လဲနေမှ"

"လရိပ် ပင်ပန်းမှာစိုးလို့ပါ။ ရွှေလက်ာ့ကို ပြုစုရ အိမ်အလုပ်

တွေလည်း လုပ်ရနဲ့ ရွှေလက်ာ လရိပ်ကိုသနားလာပြီ"

ညီမလေးနှင့်လရိပ် တစ်ဦးကိုတစ်ဦး အပြန်အလှန် စိုးရိမ်

လေးတွေနှင့် သင့်မြတ်နေတာမြင်ရတော့ သခါ ပီတိဖြစ်ပါသည်။

ဒါမှ အစစ်အမှန် ပျော်ရွှင်ဖွယ်ရာပင် ဖြစ်ပေလိမ့်မည်။

အတိတ်က ထိုးခဲ့သည့်အရိပ်ဆိုးတွေကို ပစ္စုပ္ပန်မှာ 'ဖြတ်သန်းခွင့်မပြု'

ဟု ဆိုင်းဘုတ်ချိတ်ထားချင်လိုက်တာ။

"တူလေးလား တူမလေးလေး လူ့လောကထဲကို ရောက်

လာခါနီးပြီနော်"

"ဟုတ်တယ် ဦးရဲ့၊ ရက်ပိုင်းလောက်ပဲ လိုတော့တယ်။

လရိပ်တော့ ဒီကလေး လူ့လောကထဲကို ရောက်လာမယ့်အချိန်ကို

တွေးပြီး ပျော်နေတာ"

ရွှေလက်ာ မျက်နှာကွက်ခနဲပျက်သွား၏။ တကယ်ဆို ရွှေ

လက်ာက ဝမ်းနဲ့လွယ်ထားရတဲ့မိခင်ပဲ ပိုပြီးတော့ပျော်သင့်တာပေါ့





ဒါပေမဲ့ မပျော်နိုင်ပါဘူး။ လူ့လောကထဲကို သူရောက်လာတာနဲ့ အဖေ

မရှိတဲ့သားအဖြစ် မျက်နှာငယ်ရမည့် သည်ကလေးကို သူမ ဘယ်လို

မေတ္တာခွန်အားမျိုးတွေနဲ့ ချစ်ပြရမလဲ။

ချစ်ရမယ့် သားသမီးအပေါ်ကို မိခင်တိုင်းထားတဲ့ မေတ္တာ

ချိုးထက် သူမနှလုံးခုန်သံတွေ ရပ်သွားသည်အထိ အသွေးအသား

တွေကို ပုံချပေးပြီး ချစ်ရမည်။ မသာချင်လို့ ထွက်ပြေးပုန်းကွယ်သွားတဲ့

သမင်းကို မျက်ရည်တစမ်းစမ်းနဲ့ မျှော်လင့်တမ်းတနေမယ့်အစား

ပိုးစုန်းကြူးလေးရဲ့ အလင်းရောင်နဲ့ ရွှေလက်ာ လမ်းလျှောက်တတ်

အောင် ကြိုးစားရမှာပေါ့။

'မိုးရိပ်မောင်' နှင်နှင်းခြွေ လွှင့်ပစ်ခဲ့တဲ့ ပန်းတစ်ပွင့်ဟာ

မြေပြင်မှာ အမြစ်တွယ်ပြီး ဘဝသမားအဖြစ်နဲ့ တစ်ဖန်ပြန်လည်ရှင်

သန်တယ်ဆိုတာ နှင်သိတယ်ဆိုရင် ရယ်နေဦးမှာလား။ ငါ နှင့်ကို

ချစ်ခဲ့မိတာ သိုက်ဆရာကို လှေပေါ်တင်လာခဲ့မိသူလိုပါပဲ။ ပြင်လို့မရ

နိုင်တဲ့ အမှားတစ်ခုဟာ ကမ္ဘာမြေကြီးရဲ့ထုထည်ထက် ကြီးမားချင်

ကြီးမားနေလိမ့်မယ်။

ငါ နှင့်ကိုယုံစားမိလို့ မှားခဲ့တဲ့အမှားဟာ ငါ့ရင်သွေးရဲ့ ခြေ

ဖဝါးအောက်မှာ ပြားပြားမှောက်စေရမယ်။ နှင်က တာဝန်မဲ့တဲ့ ဖခင်

တစ်ယောက်ဖြစ်ပေမယ့် ငါကတော့ ရင်သွေးအပေါ်မှာ သိပ်ချစ်သိပ်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျေတဲ့ မိခင်ကောင်းတစ်ယောက်အနေနဲ့ သူလေးရဲ့အနာဂတ် အတွက် ရွှေအိုရောင်လမ်းသစ် ခင်းပေးဖို့ ခွန်အားရှိနေပြီမို့ရိုပ်။ ငို ရင်သွေးလေးရဲ့ဖခင်ဟာ မိုးရိပ်မောင်ဆိုတဲ့ နင် ဘယ်တော့မှ မဖြစ်စေ ရဘူး။

"ရွှေလက်ာ"

လွင့်မျောနေသော စိတ်တို့သည် လေဟာပြင်ထဲက မြူမှုန် လေးတွေလို ဆုပ်ကိုင်၍ မမိနိုင်။ ပတ်ဝန်းကျင်ကိုမဆိုထားနှင့် သူမ ကိုယ်သူမပင် မေ့လျော့နေသည့်ဟန်။ စိတ်တို့သည် အစိုးမရ။

"ရွှေလက်ာ"

"အင် ဟင်"

ဒုတိယအကြိမ် ပခုံးကိုကိုင်လှုပ်၍ ခေါ်မှပင် စိတ်နှင့်ကိုယ် ပြန်လည်၍ အစေးကပ်ခဲ့၏။ သတိဝင်လာတော့ သူမ အံ့ဩရသည်။ စိတ်တွေ မည်မျှကြာအောင် ကစဥ့်ကလျား ပြေးလွှားနေသည်မသိအဲ သူမကိုယ်သူမ ခြံထဲရောက်နေတာကိုပင် မသိလိုက်သည့်အဖြစ်ရယ်။

"ခြံထဲကိုရောက်လို့ လမ်းလျှောက်တာတောင် ဟိုဘက် သည်ဘက် နှစ်ခေါက်ရှိပြီ ရွှေလက်ာ။ ရွှေလက်ာ ဘာတွေတွေးနေ တယ်ဆိုတာ လရိပ် သိပါတယ်။ ပြီးခဲ့တာတွေကို မေ့ပစ်ဖို့တော့ လရိပ် မပြောချင်ပါဘူး။ လူ့ဘဝမှာ မမှားသောရှေ့နေ မသေသော





ဆေးဆရာဆိုတာ မရှိပါဘူးကွယ်။ ယောကျ်ားတစ်ယောက်ကို သိပ်ချစ် သိပ်ယုံစားမိလို့ ဘဝကိုပုံအပ်ပြီးမှ စွန့်ပစ်ခံရတဲ့ မိန်းမသားတစ်ယောက် ရဲ့ရင်ထဲမှာ ဘယ်လိုနာကျင်ကြေကွဲခံစားနေရမလဲ လရိပ် ကိုယ်ချင်းစာ မိပါတယ်။ ဒါပေမဲ့ ရွှေလက်ာရယ် . . . ဗိုက်ထဲကရင်သွေးလေးကို ငဲ့ညှာပြီး အတတ်နိုင်ဆုံး သူ့ကို ကြိုးစားပြီးမေ့ထားလိုက်ပါ။ စိတ် ထောင်းရင် ကိုယ်ကြေတာပေါ့ကွယ်"

ရှိုက်သံသဲ့သဲ့က သစ်ရွက်လှုပ်သံတွေကြားမှာ ပုန်းလျှိုးကွယ် လျှိုး ထွက်လာသည်။ မျက်ဝန်းတွင် ခိုကပ်နေသော မျက်ရည်စက်ကို ခေါင်းမော့၍ ခါထုတ်ကာ မောင်းထုတ်ပစ်လိုက်၏။

"သူ့ကို ရွှေလက်ာ အရမ်းနာတယ်"

"သူ့ကိုပြန်ပစ်ဖို့ ရွှေလက်ာ့မှာ ကျည်တစ်တောင့်ရထားပြီးပြီ လေ"

"ဟင့်အင်း . . . ရွှေလက်ာ သူ့ကို လက်စားမချေဘူး။ ဘာ ကြောင့်လဲသိလား။ သူ့ကိုလက်စားချေလိုက်ရင် အမုန်းတွေပျယ်သွား မှာစိုးလို့ ဘယ်တော့မှ ပြေလို့မရတဲ့ အမုန်းကြီးတွေနဲ့ သူ့ကို ရွှေလက်ာ ချုပ်ပတ်ထားချင်တာ"

လရိပ် ဘယ်လိုနားချရမှန်းပင်မသိတော့။ ရွှေလက်ာ မုန်း မယ်ဆိုလည်း မုန်းထိုက်ပါသည်။ နာကြည်းမယ်ဆိုလည်း နာကြည်း



www.burmeseclassic.com

www.burmeseclassic.com



သင့်ပါတယ်လေ။ မိုးရိပ်၏ ရက်စက်မှုတွေက အစွန်းရောက်လွန်းလှ၏။ ရွှေလက်ာမှာ ကိုယ်ဝန်ရှိလိုက်မှန်းသိချိန်မှာ မိုးရိပ်ကို ဖုန်းဆက်၍ အကြောင်းကြားတော့ မိုးရိပ် ဟားတိုက်ရယ်မောခဲ့သည် မဟုတ်လား။

"ငါလိုချင်တာ အဲ့ဒါပဲလေ။ ဒီလိုဖြစ်အောင်ကိုပဲ ငါ တမင် ဖန်တီးခဲ့တာ။ ငါ့အစ်မရဲ့ခံစားမှုမျိုးကို တမင်ခံစားကြည့်ခိုင်းတာ။ ခု ငါ ကျေနပ်သွားပြီ"

ကြားလိုက်ရသောစကားတို့သည် ရွှေလက်ာ့ဦးခေါင်းကို ရောမတင်းပုတ်ကြီးနှင့် ထုလိုက်သည့်နှယ်။ ကိုယ့်နားကိုယ်ပင် မယုံနိုင်သည့် စကားတွေ ပြောနေတာ ရွှေလက်ာ့ချစ်သူ မိုးရိပ်မောင်မှ ဟုတ်ပါလေစဟုပင် သံသယဝင်မိ၏။

နှုတ်ခမ်းလေးတွေ၊ ဖုန်းကိုင်ထားသော လက်ကလေးတွေပင် တဆတ်ဆတ်တုန်နေအောင် စိတ်လှုပ်ရှားနေခဲ့မိတာ စိတ်ကိုတင်းလျက် ရွှေလက်ာ တောင်းပန်စကားဆိုသေးခဲ့သည်။

"မောင်ရယ် ... ဒီစကားတွေကိုပြောနေတာ မောင်မှဟုတ်ရဲ့လားဟင်"

"မင်းအာရုံတွေ မပျက်ပြားဘူးဆိုရင် မှတ်မိမှာပါ။ ငါ မိုးရိပ်မောင် အစစ်ပဲ"

"ဒါဆိုရင်လည်း မောင်ရယ် ရွှေလက်ာ့ကို မောင်အလိုမရှိ





တော့ဘူးဆိုရင်တောင် မောင့်ရင်သွေးလေးကို ငဲ့ညှာသင့်တာပေါ့"

"ကွတ် ... မင်းတော်တော်တုံးတဲ့ မိန်းမပါလား ရွှေလက်ာ။ ဒီလောက် ခေတ်မီပြီး ဆေးဝါးတွေပေါနေတဲ့ခေတ်မှာ ငါ့ကို ခဲယယ တောင်းပန်နေမယ့်အစား ရှင်းပစ်လိုက်ပါလား"

ရွှေလက်ာ မျက်စိကိုစုံမှိတ်ပစ်လိုက်မိတော့သည်။ ပြောရက်လေခြင်း ဆိုရက်လေခြင်းဟု ယူကျုံးမရဖြစ်ခဲ့ရ၏။ မျှော်လင့်ထားသလို ဖြစ်မလာခဲ့တော့ တစ်ကိုယ်လုံးမှာ ရှိသမျှခွန်အားတွေသည် ရုတ်ချည်းပင် ဆုတ်ယုတ်သွားရသလိုပါပဲ။

လရိပ် အခြေအနေအားလုံးကို နားလည်စွာ ဒေါသတကြီး ရွှေလက်ာ လက်ထဲမှဖုန်းကို ဆတ်ခနဲဆွဲယူလိုက်ပြီး –

"မိုးရိပ် ... နင့်မှာ လူ့စိတ်မှရှိသေးရဲ့လားဟင်။ မိန်းမသား တစ်ယောက်ကို အနိုင်ယူပြီး ဒီလောက်အောက်တန်းမကျသင့်ဘူး"

"နင်နဲ့ငါ မောင်နှမပါ တူရယ်။ ဘာဖြစ်လို့ နင် သူ့ဘက်က နာနေရတာလဲ"

"ငါ့မောင်မိုးရိပ်က နင့်လိုမယုတ်မာဘူး"

"တောက်"

လရိပ် စကားမဆုံးမီပင် တစ်ဖက်မှ တောက်ခေါက်သံ ပြင်းပြင်းတစ်ချက်နှင့်အတူ ဖုန်းချသွားလေသည်။ ကဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်တောင် ခံပြင်းနာကျင်စရာကောင်းလိုက်ပါသလဲ။ အရှုံကို ရင်မှာပိုက်ပြီး တသိမ့်သိမ့် ရှိုက်ငိုနေတဲ့ ရွှေလက်ာကို ကြည့်ပြီး လရိပ် သနားလိုက်တာ။

ဒါ့ကြောင့်လည်း လရိပ်ဘဝနဲ့ရင်းပြီး ပေးဆပ်ဖို့ ဆုံးဖြတ်ခဲ့တာပေါ့။

ခုဆိုလျှင် ရွှေလက်ာပင် မွေးဖွားချိန်တောင် နီးလာခဲ့ပြီ။

"အား ကျွတ် ကျွတ်"

"ဟင် . . . ရွှေလက်ာ ဘာဖြစ်လို့လဲ"

"ဗိုက် ဗိုက်နာလာလို့"

"ဟယ် . . . ဒါဆို လာ အိမ်ပေါ်ပြန်တက်ကြရအောင်"

"အင်း"

လရိပ် ရွှေလက်ာကို ခေါ်ပြီး အိမ်ထဲသို့ ကမန်းကတန်း ဝင်လာခဲ့ပြီ။

❋ ❋ ❋



## အခန်း (၂၄)

မိခင်တစ်ယောက်၏ အတုမရှိသော ချစ်ခြင်းမေတ္တာတရားနှင့် ပင်ပန်းဆင်းရဲခြင်းဒုက္ခကို ရဲရဲရင်ဆိုင်ကာ ရွှေလက်ာ သားလေးကို မွေးဖွားခဲ့ရပြီ။ သားလေးက ပိတ်ဖြူဖွေးဖွေးလေးကြားမှာ အပြစ်ကင်းစွာ အိပ်စက်နေလိုက်တာ။

သားဟူသော အသိစိတ်က ခက်ထန်ကြမ်းတမ်းသော နှလုံးသား ပိုင်ရှင်ဖြစ်စေကာမူ မိခင်ဆိုသော အသိစိတ်က အလိုလို နူးညံ့ပျော့ပျောင်းလာတတ်ကြသည်လေ။

ရင်သွေးဟူက ချစ်မဝ၍ ကြီးမားသော မေတ္တာတရားတို့နှင့် သားသမီးတို့အပေါ် ထုထည်ကြီးမားစွာ စေတနာ၊ ကရုဏာ၊ မုဒိတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ပွားများနိုင်ခဲ့လို့လည်း အနီရောင် သွေးစက်တို့သည် မိခင်၏ ချစ်ခြင်းမေတ္တာကန်ထဲ၌ အဖြူရောင်အဖြစ် ပြောင်းလဲကာ သားသမီးအတွက် နို့စက်ရယ်လို့ ဖြစ်လာခဲ့တာပဲ မဟုတ်လား။

မိမိ၏သွေးစက်၊ မိမိ၏အသက်ခန္ဓာတစ်ခုလုံးသည် သားသမီးအတွက်ဟု မိဘတိုင်း ကြွေးကြော်တတ်ခဲ့ကြသည်ပဲ။

"သားလေးက ချစ်စရာကောင်းလိုက်တာ။ ဗိုက်တုံးလုံးလေးကျနေတာပဲ။ ဘယ်လိုနာမည်ပေးရင် ကောင်းမလဲဟင်၊ လရိပ် စဉ်းစားပေးပါဦး"

"အဟင်း . . . လရိပ် နာမည်တော့ မရွေးတတ်ဘူး။ ဦးကို ရွှေးခိုင်းလေ"

"ပိုဆိုးသေး"

ရွှေလက်ာ နှုတ်ခမ်းလေးတစ်ချက်မဲ့သွားတော့ သခါကရယ်လေ၏။

"ကိုကိုနာမည်ရွေးပေးရင်တော့ သားလေးကြီးလာရင် အပြစ်တင်သံကြားရမှာ"

"ဘာဖြစ်လို့လဲ ကိုကို"

"ဖိုးထောင်၊ ဖိုးချွန်၊ ဖိုးထော်ကလော့၊ သံချောင်း ဒီလောက်ပဲ ပေးတတ်လို့လေ"





"အဲဒီ ကိုကိုဟာလေ သားလေးကို မဟုတ်ကဟုတ်က"

"လရိပ် စဉ်းစားမိပြီ"

သခါနှင့် ရွှေလက်ာအကြည့်က လရိပ်ဆီသို့ ပြိုင်တူကျရောက်သွားလေပြီ။

"ဘာလဲဟင်"

ရွှေလက်ာမျက်လုံးတွေက မိခင်စိတ်နှင့် အရောင်တွေ တလက်လက်တောက်ပနေ၏။ လရိပ်က သားလေးကိုငုံ့ကြည့်ကာ–

"သားလေးကို တို့အားလုံးဝိုင်းချစ်ကြတာဆိုတော့ တို့အားလုံးရဲ့နာမည်ပါအောင် ရွှေမိုးသခါလို့မှည့်ရင် မကောင်းဘူးလား"

"ဟာ . . . ကောင်းတာပေါ့၊ သိပ်ကောင်းတဲ့နာမည်ပဲ"

သခါက အားရဝမ်းသာထောက်ခံသော်လည်း ရွှေလက်ာမျက်နှာက လငပုပ်ဖမ်းလိုက်သည့်နှယ်။

"ဟင့်အင်း . . . သားလေးကို ဒီနာမည်မပေးရဘူး"

ခါးခါးသီးသီး ငြင်းဆန်နေသော ရွှေလက်ာကို အံ့သြစွာ ကြည့်မိကြ၏။

"ဒီလောက်လှတဲ့နာမည်ကို ညီမလေးက ဘာဖြစ်လို့ မကြိုက်ရတာလဲ"

ရွှေလက်ာ အားနာဟန်ဖြင့် လရိပ်ကို မော့ကြည့်ရင်း ဆိုသည်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ –

"လရိပ်ကိုတော့ အားနာပါတယ်။ မိုးဆိုရင် ရွှေလက်ာ မိုးခြိမ်းသံတောင် မကြားချင်ဘူး ကိုကို"

လရိပ်က မည်သို့ခံစားရမည်မသိ၊ သခါကတော့ သက်ပြင်းတစ်ချက် နှိုးရှိုက်မိသည်။ မျောက်သားစားရင် မျောက်မျက်နှာကြည့်ရမည်ဆိုသလို အစစအရာရာ အနစ်နာခံခဲ့ရှာတဲ့ လရိပ်ဆန္ဒကိုလည်း ဖြည့်ပေးချင်သည်လေ။

တကယ်တော့ သခါဖြစ်စေချင်သည်က မိုးရိပ်ကို ဘယ်လောက်ပဲမုန်းမုန်း လရိပ်မျက်နှာကိုတော့ ထောက်ထားသင့်သည်မဟုတ်လား။

"ညီမလေးရယ် . . . လရိပ်ရဲ့စေတနာနဲ့မေတ္တာကို ခံစားပြီးတစ်ချက်လောက် ငဲ့စောင်းကြည့်သင့်ပါတယ်"

"ရွှေလက်ာ စိတ်ချမ်းသာသလို သားလေးကိုနာမည်ပေးပါစေ ဦးရယ်။ ရွှေလက်ာက သားလေးရဲ့မိခင်လေ"

အားငယ်ညှိုးလျော့သောလေသံဖြင့် လရိပ်ဆိုပြန်တော့ ရွှေလက်ာ ရင်ထဲတွင် စိတ်မကောင်းဖြစ်ရပြန်၏။ သားလေး၏ပါးပြင်နုနုလေးကို ဖွဖွနမ်းပြီး လှည့်ထွက်သွားဟန် ခြေလှမ်းပြင်လိုက်သော လရိပ်။





"လရိပ်"

တိုးလျသောလေသံနှင့် ရွှေလက်ာခေါ်လိုက်တော့ လရိပ်ခြေလှမ်းတို့သည် မလှမ်းဖြစ်တော့ပါပဲ ရွှေလက်ာကို ခပ်ဆွေးဆွေးငေး ကြည့်နေရှာသည်။ ရွှေလက်ာ ပြုံးပြလိုက်ရင်းပင် –

"မခေါ်ချင်လို့သာရချင်ရမယ် မတော်ချင်လို့မှမရခဲ့ဘဲ လရိပ်ရယ်။ သားလေးကို ရွှေလက်ာပိုင်သလို လရိပ်လည်း ဆိုင်တာပဲလေ။ လရိပ်ဆန္ဒကို ရွှေလက်ာ မငြင်းပယ်တော့ပါဘူး"

သည်တော့မှပင် လရိပ်မျက်နှာသည် တိမ်ကင်းစင်သည့် လပြည့်ဝန်းပမာ ဝင်းလက်တောက်ပသွားလေ၏။

"ဝမ်းသာလိုက်တာ ရွှေလက်ာရယ်"

လရိပ် ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်ရပါသည်။

"ကဲဗျာ . . . ဝမ်းသာလုံးတွေဆို့မနေကြပါနဲ့။ ငါ့သားကို ငါလည်း ချီပါရစေဦး"

ပြောပြောဆိုဆိုပင် သခါက သားလေးကို ကောက်ချီ၍နမ်းရှိုက်လိုက်သည်။

"ဖြည်းဖြည်းလုပ်ပါ ကိုကိုရဲ့။ ကလေးက နုနုလေးရှိသေးတာ၊ ကိုယ်တွေ ဘာတွေ နာနေပါ့မယ်"

"အေးပါဟာ . . . သိပါတယ် တကတဲ အဖြစ်သည်းနေလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ။ သားရေ အား ဖေကြီးသားက လူချောကွ . . . ဟား ဟား"

ကိုကို့နှုတ်ဖျားမှ 'ဖေကြီး' ဟူသောစကားကြောင့် ရွှေလက်ာ ငိုင်သွားရ၏။ ဩော် . . . သားလေးရဲ့မိခင်ဟာ ရွှေလက်ာဆိုတာ မိ မိသားစုမှအပ မည်သူမျှမသိကြ။ ပတ်ဝန်းကျင်က သိလာကြမည်ဆို ဦးသခ်ါနဲ့ဒေါ်လရိပ်မောင်သာ ဖြစ်လာပေတော့မည်။

ရွှေလက်ာရဲ့အရှက်နဲ့သိက္ခာကို ဒေါ်လေးက ဖုံးဖိထားခဲ့ သည်။ ထို့ကြောင့် သည်ကိုယ်ဝန်ကိုမမွေးစေလို။ ရွှေလက်ာကလည်း မပြင်သေးသည့်ရင်သွေးအပေါ်၌ မိခင်ဆိုသော အနုဿမေတ္တာတို့သည် ကောင်းကင်ထက်မြင့်၍ သမုဒ္ဒရာထက် နက်ရှိုင်းစွာပင် အပြစ်မဲ့သည့် သန္ဓေသားကို ရက်ရက်စက်စက် မဖျက်ဆီးရက်။

ဒါကြောင့်လည်း –

သူမ၏ရင်သွေးလည်း လူ့လောကတွင် ခြေချခွင့်ရဖို့အတွက် ဒေါ်လေးကို ကတိတွေပေးခဲ့ရသည်လေ။ ထိုကတိတွေက ကလေးကိုမွေးဖွားပြီး ငါးလသားအရွယ်ရောက်သည်နှင့် ကိုကို့ လင်မယားကို မွေးစားဖို့ပေးရမည်။ ကလေးသည် သခ်ါနှင့်လရိပ်တို့၏ ရင်သွေးဟု အများသိစေမည်တဲ့။

သည်လောက်ပြင်းထန်သည့်အဓိန့်ကို နာခံပြီးမှ သားလေးကို မွေးဖွားခဲ့ခြင်းပင်။ ဖြစ်နိုင်လျှင် အချိန်တွေကို ဆွဲဆန့်ထားလိုက်ချင်





ပါရဲ့။ သားလေးငါးလပြည့်ရင် ရွှေလက်ာ ရင်ကွဲပက်လက်ဖြစ်ရချေဦး မည်လေ။

မိုးရိပ် နင့်ကို ငါ မုန်းတယ်။

နင့်အပေါ်မှာ အရင်က အသည်းနင့်အောင် ချစ်ခဲ့သလောက် ခုတော့ အသည်းပေါက်အောင်ကိုမုန်းတယ်။ ကိုယ့်ရင်နဲ့လွယ်မွေးခဲ့ရ တဲ့ သားကိုတောင် ပိုင်ပိုင်နိုင်နိုင် ခေါ်ခွင့်မရတဲ့ ငါ့ဘဝ။ အဲဒါ နင့် ကြောင့်ပေါ့မိုးရိပ်။ နင်သာ ငါ့ကို ရက်ရက်စက်စက် စွန့်ပစ်မထားခဲ့ရင် ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝလေးကို ငါ ပိုင်ဆိုင်ရမှာ။ ခုတော့

"ညီမလေး . . . ကြည့်စမ်းပါဦးကွ။ သားလေးက ဘယ်သူနဲ့ တူလဲလို့"

"ဦးသားပဲဟာ ဦးနဲ့တူမှာပေါ့"

ကြားဖြတ်ဝင်လိုက်သူက လရိပ်ပင်။ ယခုထဲက နှုတ်ကျိုး အောင် ခရီးဦးကြိုဆိုနေသည့် စကားများပင်၊ ရွှေလက်ာ ရင်နာလိုက် ပါဘိ။

"ဟုတ်လား၊ ဖေကြီးကိုတူရင်တော့ သားက ချောမှာကွ၊ နော် လရိပ်"

လရိပ်ဘက်သို့လှည့်၍ သခ်ါဆိုလေတော့ လရိပ် သွားတက် ကလေးတွေပေါ်အောင် ရယ်လေသည်။ မချိုလို့သွားဖြဲရယ်တာလို့



www.burmeseclassic.com

www.burmeseclassic.com



မအောက်မေ့နိုင်သလို မချိတင်ကဲ အားတင်း၍ ပြုံးရသူက ရွှေလင်္ကာ။

ဘဝ ဘဝမှာ ရွှေလင်္ကာဆိုတဲ့သူမသည် သံယောဇဉ်နှောင်ကြိုးမဖွဲ့တတ်သောသူ၊ မချစ်တတ် မလွမ်းတတ်သောသူ၊ အရာတိုင်းကို စွန့်လွှတ်နိုင်သောသူ ဖြစ်ရပါစေသား။ သည်လို လူမဆန်သော ချစ်သူမျိုးနှင့်လည်း ဘယ်သောအခါမှ ပြန်လည်ဆုံတွေ့ခွင့် မကြုံပါရစေနဲ့တော့။

ရာသီရဲ့စက်ဝန်းထဲမှာ သွားလာလှုပ်ရှားကြရင်းမှ ညအမှောင်က လရောင်ကိုမျှော်၊ နေမင်းက ရောင်ခြည်တွေဖြန့်ခင်းပေးရင်း ရက်တို့သည် ပုတီးလုံးကလေးတွေကို စိတ်နေသည့်ပမာ တစ်ရက်ပြီး တစ်ရက် ကုန်လွန်သွားခဲ့သည်မှာ သားလေး ရွှေမိုးသခါပင် ငါးလကျော်၍ ခြောက်လအရွယ်ရောက်ခဲ့ပြီမို့ ရွှေလင်္ကာတို့ လပေါင်းများစွာ စွန့်ခွာခဲ့ရသော ရန်ကုန်မြေသို့ ပြန်လည်၍ ခြေချခဲ့ပြီ၊ ဆင်ဝင်အောက်သို့ ကားကလေးထိုးရပ်လိုက်သည်နှင့် ဒေါ်လေးက အသံစာစာနှင့် ဆီးကြိုနှုတ်ဆက်လေ၏။

''ဟယ် ... ပြန်လာကုန်ပြီ၊ သွဲ့ရေ သားတွေသမီးတွေ ပြန်ရောက်လာပြီ''

အိမ်အတွင်းဘက်သို့ လှည့်၍အော်လေတော့ အိမ်ထဲမှ ဒေါ်သွဲ့သွဲ့နိုင် ပြေးထွက်လာသည်၊ သခါက သားလေးကိုချီ၍ ကားပေါ်မှ





ရှေ့ဦးစွာဆင်းလိုက်သည်နှင့် –

''ဒီနေ့ သားတွေ သမီးတွေပြန်ရောက်မယ်ဆိုလို့ အိမ်ကို ပစ်ထားခဲ့ပြီး ဒီမှာလာစောင့်နေတာ''

''မေမေ ပိန်သွားသလိုပဲနော်''

''ပိန်မှာပေါ့၊ မေမေ့အနားမှာ သားရော သမီးရော မရှိတော့ လွမ်းဖျားလွမ်းနာကျနေတာလေ''

လရိပ်တို့သားအမိ အလွမ်းသယ်နေကြသည်၊ ဒေါ်လေးကတော့ သခါလက်ထဲမှ သားလေးကို ပွေ့ချီကာ နမ်းရှုပ်နေသည်မှာ တရှုံ့ရှုံ့။

''ငါ့မြေးက တစ်တုံးတစ်ခဲကြီးတော်။ ဘွားကိုကြည့်ပါဦး မြေးရဲ့၊ ကြည့်စမ်းပါဦး ဝတုတ်နေတာပဲ''

''ဒေါ်လေးကို တူတာလေ''

ဒေါ်သွဲ့သွဲ့နိုင်က တစ်ဖန် သားကိုလက်ကမ်း၍ ခေါ်ပြန်သည်၊ လက်များနေသည်ကို ရွှေမိုးသခါလေးက သဘောကျနေသည်လားမသိ၊ ခိုးခိုးခစ်ခစ်နှင့် ရယ်မောနေသည်၊ အားလုံး၏ စကားသံတွေကြားမှာ မတိုးသာဘဲ နှုတ်ဆိတ်၍ ခေါင်းငုံ့နေရသူက ရွှေလင်္ကာ။

''သူ့အဘိုးနဲ့ သူ့လေးလေးသိရင်တော့ ဝမ်းသာမှာ''

''အင်''



www.burmeseclassic.com

www.burmeseclassic.com



ရွှေလက်ာ တုန်လှုပ်သွား၏။ ဒေါ်သွဲ့သွဲ့နိုင်က ဘာမှမသိဟု ဘဲ ပြောနေသော်လည်း အချက်သိသူများက မျက်နှာအမူအရာများ မပျက်ယွင်းအောင် မနည်းထိန်းနေကြရ၏။

"မေမေကလည်း သူတို့ မြန်မာပြည်ပြန်လာတဲ့အခါ ရုပ်တရက် အံ့ဩသွားရအောင် အကြောင်းမကြားဘဲ ထားလိုက်။ လျှို့ဝှက်ချက်ကလေးပေါ့ မေမေရယ်"

"ကဲ ... သမီးသဘောပါတော်။ အဟင်း မေမေ့သမီးကို မမြင်ရတာကြာလို့လားမသိဘူး ပိုပြီးလှလာတယ်"

"တစ်သားမွေး တစ်သွေးလှလေ အန်တီရဲ့"

"စကားပြောကောင်းနေကြတာ မတ်တတ်ကြီးတွေကွယ် အထဲရောက်မှ အလွမ်းသယ်ကြ လာ"

ဒေါ်ထားထားနွယ် ပြောမှပင် အားလုံးရယ်မော၍ အိမ်ထဲသို့ ဝင်ခဲ့ကြသည်။ တကယ်တမ်း သည်လို ပျော်ရွှင်ချမ်းမြေ့သည့် မိသားစု ဘဝလေးကို ပိုင်ဆိုင်သင့်သည်က ရွှေလက်ာ။ ယခုတော့ မခေါ်သာဘဲ ဘဝမှ တော်ရာကနေပဲပြုံးနေခဲ့ရသည်လေ။

❋❋❋



## အခန်း (၂၅)

"အဟက် ဟက် ခစ် ခစ်"

ဖြူဖွေးဝတုတ်နေသော ကလေးငယ်တစ်ဦးသည် ခိုးခိုးခစ်ခစ် နှင့်ရယ်မောကာ မိမိဆီသို့လေးဘက်တွားး၍ လာနေသည်။ အလွန် ချစ်စရာကောင်းသော ကလေးငယ်ကို သူ ကောက်ယူပွေ့ချီကာ နမ်း ရှိုက်လိုက်၏။

ကလေးနှင့်သက်ဆိုင်မည့်သူကို ရှာဖွေကြည့်တော့ အနီး တစ်ဝိုက်တွင် လူတစ်ဦးတစ်ယောက်မျှ မတွေ့ရ။ ကလေးငယ်က သူ့မျက်နှာကို မော့ကြည့်ကာ ရယ်နေပြန်သဖြင့် သူပါသဘောကျစွာ လိုက်ရယ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား သား"

ဖေဖေ့ခေါ်သံသဲ့သဲ့ကို နားထဲတွင်ကြားနေရပြီး ဘယ်ကမှန်း မသိ။

"သား . . . ဟကောင်ကြီး ထပါကွ"

မိမိကိုယ်လုံးကို ခပ်ကြမ်းကြမ်း လှုပ်ခါခြင်းခံလိုက်ရမှ မျက်လုံးကို ဖွင့်ကြည့်မိတော့ –

"ဟာ ဖေဖေ"

သူ အိပ်ရာထဲမှ လူးလဲထလိုက်၏။

"နာရီကိုလည်းကြည့်ဦး ရှစ်နာရီထိုးနေပြီ"

"အဟဲ"

ဖေဖေ့ကို မျက်နှာချိုသွေးကာ ရယ်ပြရင်း မျက်လုံးကို လက်နှင့်ပွတ်သပ်နေမိ၏။

"နေပါဦး သားရဲ့။ ခုနက ဘာတွေသဘောကျပြီး ရယ်နေတာလဲ။ မဟုတ်မှလွဲရော ငါ့သားအိပ်မက်ထဲမှာ လေဒီလေးနဲ့ တွေ့နေပြီ ထင်တယ်"

"အာ . . . ဖေဖေကလည်း ကြိုကြီးစည်ရာ"

"ဒါဆို ဘာလဲပြော။ ဖေဖေ့ကို မညာနဲ့နော်"

မိုးရိပ် ဟက်ခနဲ တစ်ချက်ရယ်ကာ အိပ်မက်အကြောင်းကို





အစအဆုံး ဖေဖေ့အား ပြောပြလိုက်သည်။ ဖေဖေက သူ့အိပ်မက်အကြောင်း နားထောင်ပြီး သူ့ပခုံးလေးကိုဖက်ကာ ပြုံးပြုံးကြီးလုပ်၍–

"သား မြန်မာပြည်မှာ အရှုပ်အရှင်းတော့ မရှိပါဘူးနော်"

"အာ . . . မေမေကလည်း ဖေဖေ့သားက သန့်သမှ ရေချိုးစရာကို မလိုတာ ဖေဖေရ"

ပါးစပ်ကသာ ပြောရသည့် မိုးရိပ် စိတ်ကတော့သိပ်မလုံချင်။ ဖျတ်ခနဲဆို ရွှေလက်ာ့မျက်နှာကို မြင်ယောင်မိ၏။ ဘယ်လိုပင်မေ့နိုင်ဖို့ ကြိုးစားခဲ့ပေမယ့် တစ်ခါတစ်ခါ သတိရမိသည်။ သူ့ကိုယုံကြည်အားကိုးစွာ တစ်ဘဝလုံး ပုံအပ်၍ ချစ်ခဲ့သည့် ကောင်မလေး။

ခွင့်လွှတ်တော့ ရွှေလက်ာ။ မိုးရိပ်ဘဝမှာ အချစ်ဆိုတာ တစ်ခါကြုံဖူး တစ်သက်လုံးမမေ့သွားမတတ်ပင်။ အချစ်ကို ရှာဖွေတွေ့ရှိခဲ့ပေမယ့် ဘဝကပေးလာတဲ့ နာကျင်ကြေကွဲမှုတွေကြောင့် စွန့်လွှတ်ခဲ့ရသည်လေ။

တကယ်တော့ မိုးရိပ် ရွှေလက်ာကို အသည်းနင့်အောင် ချစ်ခဲ့ရပါသည်။ ဘဝလက်တွဲဖော်အဖြစ် တစ်သက်လုံး မြတ်နိုးစွာ ချစ်ရမည့်ချစ်သူအဖြစ် ရွေးချယ်ပြီးမှ သူသိပ်ချစ်မြတ်နိုးခဲ့ရသည့် ချစ်သူက သူ့အမုန်းဆုံးရန်သူတစ်ယောက်၏ သွေးသားအရင်းအချာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့ သူ ဘာလုပ်ရမှာလဲ။ ရလာတဲ့အခွင့်အရေးကို လက်လွှတ်မခံနိုင်။

ပင်ကိုက နူးညံ့ဖြူစင်သော မိုးရိပ်စိတ်ထားသည် လက်စားချေရန်ဆိုသော ဆောင်ပုဒ်၏တွန်းအားပေးမှုကြောင့် မူလစိတ်ထားကို အတ္တတွေ ဖုံးလွှမ်း၍ ကျားရဲတစ်ကောင်လို စိတ်ရိုင်းတွေဝင်လာခဲ့တော့၏။

သခါရဲ့ညီမ ဖြစ်ရတာကိုက မင်းသိပ်ကံဆိုးတယ် ရွှေလက်ာ။

"သား"

"ဗျာ"

"သန့်ပါတယ်သာဆိုတယ် မျက်နှာက ဘာဖြစ်သွားတာလဲ"

"ဩော် ... ဟို မြန်မာပြည်အကြောင်းပြောတော့ မေမေ့ကို သတိရသွားလို့ပါ"

မိုးရိပ် ညာလိုက်ရသည်။ အမှန်ကို ဖေဖေသိလို့မဖြစ်။

"မေမေလည်း သတိရတာပါပဲကွာ။ အင်း ဒီတစ်ခါ မြန်မာပြည်ပြန်ရင်တော့ ဒီကိုပြန်မလာတော့ဘူး။ ဖေဖေလည်း အသက်ကြီးလာပြီ။ ကိုယ့်မွေးရပ်မြေ ဇာတိမှာပဲ ခေါင်းချချင်တယ်။ မြန်မာပြည်မှာ ပြန်ပြီး အခြေချတော့မယ်လို့ ဖေဖေ စိတ်ကူးထားတယ်"

"သိပ်ကောင်းတဲ့စိတ်ကူးပါ ဖေဖေ။ ဒါမှလည်း သားတို့





မိသားစုတွေ တစ်စုတစ်ဝေးတည်း ပျော်ပျော်ရွှင်ရွှင် နေရမှာပေါ့"

"ကဲ သား... ထ မျက်နှာသစ်၊ ဖေဖေ breakfast စားပြင်ပြီး သားကိုစောင့်နေမယ် ဟုတ်ပြီလား"

"အိုကေ"

အပြာရောင်မိုးကောင်းကင်မှတစ်ဆင့် ပြတင်းပေါက်ဆီသို့ ဖြာဆင်းလျက် တစ်လောကလုံးကို အလှဆင်ပေးနေသော နံနက်ခင်း၏နေခြည်နုနုကလေးသည် လူအများ၏နှလုံးသားကို နွေးထွေးစွာ ပွေ့ဖက်ထားလေသည်။

နွေးထွေးသည့်နေခြည်အောက်မှာ ပြတင်းဘောင်ကို မေးထောက်၍ အတွေးတွေက ကတောက်ကဆနှင့် နွေဆယ်နွေမက ရင်ပူနေရသူက ရွှေလက်ာ။ သားငယ်က နို့ခွဲစမို့ နို့ရည်တွေက တင်းတောင့်နေလေပြီ။

ထို့ကြောင့် ရွှေလက်ာ အပြင်သို့ထွက်ခွင့်မရသေး။

"ဝါး ဝါး ဝါး"

ရွှေလက်ာကိုယ်လေး ဆတ်ခနဲမတ်သွားသည်။ သားငယ်၏ တဝါးဝါးငိုသံသည် ကမ္ဘာပျက်သည့်အလား ရင်မှာစူးရှခံစားလိုက်ရ၏။ ရွှေလက်ာ ရည်ရည်ဝေးဝေး စဉ်းစားမနေတော့၊ သားငယ်ရှိရာ အခန်းသို့ အပြေးလာခဲ့မိပြီးနောက် –



www.burmeseclassic.com

www.burmeseclassic.com



"သား"

ပခက်ထဲတွင် သားငယ်က လူးလွန့်၍ ငိုနေရှာသည်။ နို့ဆာ၍ပဲ ဖြစ်မည်ပေါ့။ မိခင်တည်းဟူသော အနန္တမေတ္တာစေတ်တွေကို အရှက်နှင့် ဂုဏ်သိက္ခာက တားဆီးနိုင်စွမ်းမရှိ။ သားကို လျင်မြန်စွာ ပွေ့ချီ၍ နို့ချိုတိုက်ကျွေးလိုက်တော့ သားငယ်၏ငိုသံသည် ရုတ်ခြည်းပင် တိတ်ဆိတ်သွားလေ၏။

"ဟင်"

"ရွှေလက်ာ"

ကလေးငိုသံကြောင့် အပြေးအလွှားရောက်ရှိလာသော ဒေါ်ထားထားနွယ်နှင့် လရိပ် မြင်လိုက်ရသောမြင်ကွင်းကြောင့် အံ့ဩတုန်လှုပ်သွားကြသည်။

"ညည်း ညည်း ဘယ်လိုလုပ်လိုက်တာလဲ မိရွှေလက်ာ၊ ပေးစမ်း ကလေး"

"အို ... မပေးဘူး"

ဒေါ်ထားထားနွယ် ရွှေလက်ာရင်ခွင်ထဲမှ ကလေးကို ပွေ့ယူလိုက်စဉ် ရွှေလက်ာကလည်း လွှတ်မပေးပါ။ သားလေးကို ပိုမို၍ တင်းကျပ်စွာ ဖက်ထားလေ၏။

"ရွှေလက်ာ တစ်သက်လုံး မိခင်တစ်ယောက်လို စောင့်





ရှောက်လာတဲ့ငါ့ကို အရှက်ခွဲပြီး ကျေးဇူးဆပ်မလို့လား"

"ရွှေလက်ာ တောင်းပန်ပါတယ် ဒေါ်လေးရယ်၊ အရှက်တွေဂုဏ်သိက္ခာတွေ ရွှေလက်ာ ငဲ့မနေနိုင်ဘူး။ ရွှေလက်ာက သားလေးရဲ့ မိခင်အရင်းပါ။ ကလေးငိုသံကြားတိုင်း သမီးရင်တွေ ပူလောင်လွန်းလို့ပါ။ ပတ်ဝန်းကျင်က မေးငေါ့လို့ ဂုဏ်သိက္ခာတွေ တစ်ပြားသားမှ အဖတ်ဆယ်မရချင်လည်းနေပါစေတော့၊ သားလေးကိုတော့ ဥပေက္ခာပြုမထားပါရစေနဲ့ ဒေါ်လေးရယ်"

"ရွှေလက်ာရယ်"

ရွှေလက်ာ ရှိုက်ကြီးတငင် ငိုကြွေးနေသည်ကိုပင် ရွှေမိုးသခါလေးက မော့ကြည့်နေသည်။ မိခင်တစ်ယောက်၏သောကတွေကို စာနာနားလည်စွာ လရိပ် ညည်းတွားမိ၏။ သည်မြင်ကွင်းကို မိုးရိပ် မြင်စေချင်လိုက်တာ။ သောကတွေ တစ်ထွေးတစ်မနဲ့ ဘေးကလူပါ မေးမမှုဝေခံစားလို့မရနိုင်တဲ့ ရွှေလက်ာဘဝကို တစ်ချက်လောက်တော့ ငဲ့စောင်းကြည့်စေချင်သည်။

"မျိုးရိုးဂုဏ်သိက္ခာကိုမှမထောက် အစွန်းရောက်အောင် ညည်းမိုက်ခဲ့ပြီးပြီ ရွှေလက်ာ၊ ဒီတစ်ခါ ငါ့အမိန့် ငါ့အာဏာကို လွန်ဆန်ဖို့မကြိုးစားနဲ့၊ တို့အမျိုးထဲမှာ လင်ကောင်မပေါ်ဘဲ ကလေးမွေးတာ နင်တစ်ယောက်ပဲ ရှိသေးတယ်။ သည်အဖြစ်မျိုးကြုံလာရအောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကမှ တွန်းအားပေးခဲ့တာ မဟုတ်ဘူးကွ။ ညည်းကိုယ်တိုင် ဖန်တီးခဲ့တာပဲ။ မိန်းမတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ညည်းထိန်းသိမ်းရမယ် ရွှေလက်ာ''

ဒေါ်ထားထားနွယ်၏မျက်နှာမှာ တင်းမာခက်ထန်နေ၏။ အပျိုကြီးပီပီ ကိုယ်ချင်းစာတရားခေါင်းပါးသည်ဟု ဆိုရမလား။ ဒါမှ မဟုတ် ရွှေလက်ာအပေါ်မှာ မေတ္တာကြီးမားသူဟု ပြောရမလား ဝေခွဲ၍ မရနိုင်ပါ။

''ရွှေလက်ာကိုသနားပါဦး ဒေါ်လေးရယ်၊ ရွှေလက်ာလေ''

''တော်စမ်း ... ငါ ဘာမှမကြားချင်ဘူး။ ဒီအိမ်မှာ ငါက အုပ်ထိန်းသူ။ ဘာမှစောဒကမတက်နဲ့''

လရိပ်မှာလည်း ကြားဝင်ဖို့စကားပင် ရှာမရ။ ရွှေလက်ာကို လည်း သနားသည်။ ဒေါ်လေးကိုလည်း စောဒကမတက်ရဲ။ ကြားထဲ မှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိတော့။

''လရိပ်''

''ရှင် ဒေါ်လေး''

''ကလေးကို ခေါ်ခဲ့၊ ရွှေမိုးသင်္ခါရဲ့မိခင်ဟာ လရိပ်ပဲဖြစ်ရ မယ်။ ဒီနေ့ကစပြီး ကလေးကို အစစအရာရာ ဂရုစိုက်ပါ။ မိခင်ကောင်း ပီသပါစေ လရိပ်''





လရိပ် သားလေးကိုခေါ်တော့ ကလေးက ငိုရှာသည်။ ရွှေ လက်ာ စိတ်လျှော့ကာ တသိမ့်သိမ့်ငိုနေတာကို မြင်ရတော့ စိတ် ကောင်းပေ။

''ဝါး ဝါး ဝါး''

ကလေး လရိပ်လက်ပေါ်မှ ကော့ချနေသည်။

''တိတ်ပါ သားရယ်၊ တိတ်ပါ ... အို အေ အို''

လရိပ် ကလေးကို ချော့မြူနေစဉ် ဒေါ်ထားထားနွယ်ထံမှ ခပ်မာမာအသံကို ထပ်မံကြားလိုက်ရပြန်၏။

''အနေနီးရင် ညည်း ဒီကလေးအပေါ် ပိုပြီးသံယောဇဉ်တွေ တွယ်လာလိမ့်မယ်။ အဲဒီတော့ ငါ့အမိန့်ကိုနာခံရမယ် ရွှေလက်ာ။ ကိုယ်မှားခဲ့တဲ့အမှားအတွက် ထိုက်သင့်သလောက်တော့ ညည်း အပြစ် ဒဏ်ခံရမယ်။ ညည်းအဝတ်အစားတွေနဲ့ လိုအပ်တဲ့ပစ္စည်းတွေအားလုံး ထုပ်ပိုးထား။ မနက်ဖြန် ခရီးထွက်ရမယ်''

''ရှင်''

''ရှင်မနေနဲ့ ... ပြည်ကိုသွားရမယ်။ အကြောင်းကြီးငယ် ရှိတဲ့ ညည်း ရန်ကုန်ကို လာခွင့်မရှိဘူး''

ပြင်းထန်လိုက်သည့် ရာဇသံ။ ရင်ဝကို လှံနှင့်ထိုးလိုက်သည့်နှယ် စူးနင့်စွာ ခံစားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ် ရှင်ပေးခဲ့တဲ့ ရက်စက်ခြင်းတွေက ကျွန်မဘဝ တစ်လျှောက်လုံး ခေါင်းနှစ်လုံးအပိုရှိရင်တောင် ထောင်မကြည့်ရဲတဲ့ဘဝကို ပိုင်ဆိုင်ဆုပ်ကိုင်ထားရပြီလေ။

ရှင်နဲ့သက်ဆုံးတိုင် ပြန်လည်ဆုံတွေ့ခွင့်မရပါစေနဲ့လို့ ကျွန်မဆုတောင်းတယ်။ နောင်ဘဝဆိုတာ ရှိခဲ့ရင်တောင် ရှင်နဲ့ကျွန်မ ကမ္ဘာကမ္ဘာ အဝေးဆုံးမှာ မဆုံဆည်းခြင်းနဲ့ ကင်းကွာပါစေသား။

❋ ❋ ❋



## အခန်း (၂၆)

သောကတွေနဲ့ ဖြတ်သန်းခဲ့ရတာ ကာလတွေတောင် သုံးနှစ်ကျော်ခဲ့ပါပြီ။ မိုးလင်းကမိုးချုပ် စိတ်ကို နှစ်မြှုပ်ထားသည်မှာ ကျောင်းသားတွေ ကျောင်းကိစ္စတွေနှင့် သူမ နေသားကျလှခဲ့ပါပြီလေ။

ညဘက်ဆိုလျှင်တော့ အိပ်ရာအဝင် သားမျက်နှာကို မြင်၍ သတိရလွမ်းဆွတ်စွာ မျက်ရည်ကျတတ်ခဲ့သည်။ ရွှေလက်ာ သူမ ဝါသနာပါသည့် ကျောင်းဆရာမအလုပ်ကိုသာလုပ်ရင်း ပြည်မှာ မနေတော့ဘဲ သူမတာဝန်ကျတဲ့ ကျောင်းရှိရာ ရွာလေးမှာပဲ နေဖြစ်တော့၏။

"ခေါင် ခေါင် ခေါင် ခေါင်"

ကျောင်းဆင်း သံချောင်းခေါက်သံကြားရသည်နှင့် သင်ထောက်က



www.burmeseclassic.com

www.burmeseclassic.com



သင်္ချာပုဒ်စာကို ကပျာကသီ ရှင်းပြ တွက်ပြလိုက်ရ၏။ ပြီးတော့ ကျောင်းသားများ ကျောင်းဆင်းသွားကြလေသည်နှင့် ဆွဲခြင်းကို လက်မှာချိတ်၍ ကျောင်းခန်းမှထွက်လာခဲ့သည်တွင် –

"ဆရာမ"

ခေါ်သံကြောင့် လှည့်ကြည့်တော့ ကျောင်းသားတစ်ဦးက သူမရှေ့တွင် လက်ပိုက်ကာ တရိုတသေ ရပ်နေ၏။

"မောင်နိုင်လင်းအောင် ဘာကိစ္စရှိလို့လဲ"

"ကျောင်းအုပ်ဆရာမကြီးက ပြောခိုင်းလိုက်လို့ပါ"

"ဘာတဲ့လဲ ကလေး"

ကျောင်းအုပ်ဆရာမကြီးမှဆိုသဖြင့် စိတ်လှုပ်ရှားသွားရ၏။

"ရန်ကုန်က ဆရာမဆီ ဖုန်းဆက်တယ်တဲ့။ အဲဒါ ညနေလေးနာရီခွဲ ရန်ကုန်ကို ဖုန်းပြန်ခေါ်ပေးပါတဲ့ ဆရာမ"

"အေး အေး ကျေးဇူးပဲနော် မောင်နိုင်လင်းအောင်"

သူမ ကျောင်းသားလေးကို နှုတ်ဆက်၍ ခပ်သွက်သွက်ပင် လမ်းလျှောက်ထွက်ခဲ့တော့၏။ ကျောင်းနဲ့သူမနေတဲ့အိမ်က မဝေးဘူးလေ။ သူမဖုန်းက ကိုင်ချင်စိတ်မရှိတာနှင့် စက်ပိတ်ပြီး အိမ်မှာထားခဲ့တာ။ အိမ်ကိုရောက်တာနှင့် ရန်ကုန်အိမ်ကဖုန်းကို ခေါ်လိုက်သည်။

"ဟဲလို"





တစ်ဖက်မှအသံရှင်ကြောင့် ရွှေလက်ာ ထရုန်ချင်စိတ်တောင် ပေါက်သွား၏။

"သား သားလေး ရွှေမိုးသခါလား"

"ဟုတ်ပါတယ် ... မေလက်ာလား"

"ဟုတ်တယ် ... ဟုတ်တယ်၊ သားက ဖုန်းတွေဘာတွေ ဆက်တတ်နေပြီပဲ"

"ဖေကြီးနဲ့မေကြီး သင်ပေးထားတာ"

မပီကလာ ပီကလာနှင့် တစ်လုံးချင်းစကားပြောနေသော သားအသံကြောင့် ရွှေလက်ာ ပီတိဖြစ်စွာ ပြုံးမိ၏။

"သား နေကောင်းတယ်နော်"

"ကောင်းပါတယ်၊ မေလက်ာ သားတို့ဆီကို ဘယ်တော့ပြန်လာမှာလဲ။ မေလက်ာကို သားသတိရနေတာ"

ရွှေလက်ာ ရင်နင့်သွားရ၏။ သား၏စကားသည် သူမ၏ အသည်းများကို ဆွဲယူဖျစ်ညှစ်လိုက်သည့်နှယ်။

"ပြန်လာမှာပေါ့ သားရယ်။ မေလက်ာလည်း သားကို သိပ် သတိရပါတယ်"

ရွှေလက်ာအသံသည် ဆို့နစ်ကြေကွဲစွာ တိမ်ဝင်သွားလေ၏။ မျက်ရည်တို့သည် သားကိုလွမ်းဆွတ်မိသည်နှင့်အမျှ မျက်ဝန်းအိုင်



www.burmeseclassic.com

www.burmeseclassic.com



ရစ်သိုင်းဖွဲ့လာ၏။

"မေလက်ာ"

"ဟင်"

"ဘာဖြစ်သွားတာလဲ"

"ဘာ . . . ဘာမှမဖြစ်ပါဘူး သားရယ်။ ဒါနဲ့ သားရဲ့ဖေကြီးနဲ့ မေကြီးရှိလား"

"ရှိတယ်လေ၊ သားအနားမှာ အားလုံးရှိတယ်"

"ဟင်"

ရွှေလက်ာ အံ့သြသွားရသည်။ သားအနားမှာ အားလုံးရှိနေတယ်တဲ့။

သားနဲ့ အရင်ဆုံးတွေ့ရအောင် ဖန်တီးပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်မိ၏။

"ရွှေလက်ာ"

ဒါ လရိပ်အသံ။

"လရိပ်"

"စာမေးပွဲပြီးလို့ ကျောင်းတွေပိတ်ရင် ရန်ကုန်ပြန်လာခဲ့တော့နော်"

"အင်း . . . နှစ်ပတ်လောက်တော့လိုသေးတယ်"





"ဒီနှစ်ခွေမှာတော့ တို့မိသားစုတွေ ပျော်ပျော်ရွှင်ရွှင်နေရအောင်"

"ဒေါ်လေးသဘောကရော"

"အဲဒီအတွက်တော့မပူနဲ့။ ဒေါ်လေးကို လရိပ် စည်းရုံးထားပြီးသား"

"ကျေးဇူးပဲလရိပ်"

"ဦးကိုလည်း ကျေးဇူးတင်ရမယ်လေ"

"ဟုတ်လား"

နောက်သို့လှည့်၍ စကားပြောနေဟန်တူသည်။ နောက်မှ 'ပြောလိုက် ပြောလိုက်' ဟူသော ကိုကို့အသံသဲ့သဲ့ကို ရွှေလက်ာ ကြားနေရသည်။

"ကိုကို ဘာတွေပြောခိုင်းနေတာလဲ လရိပ်"

"အဟင်း ဟိုလေ ဟိုဟာ"

"ဘယ်ဟာလဲ ရှင်းရှင်းပြောကွာ"

လရိပ် ရယ်နေသည်။ ဒါကိုပင် သခ်ီ စိတ်မရှည်စွာ ထလာပြီး လရိပ်လက်ထဲမှ ဖုန်းလေးကိုလုယူကာ -

"လရိပ်မှာ ကိုယ်ဝန်ရှိနေပြီ ညီမလေးရေ၊ သားလေးအတွက် အဖော်ရအောင်လေ . . . ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . တကယ်"

"အင်း . . . ဒါ ညာစရာလား"

"ဝမ်းသာလိုက်တာ ကိုကိုရာ၊ ညီမလေး အမြန်ဆုံးပြန်လာခဲ့မယ် သိလား"

"ပြန်လာခဲ့ . . . ပြန်လာခဲ့၊ ကလေးထိန်းရအောင်လေ"

"စိတ်ချ ဒါပဲနော်"

"အိုကေ"

ဖုန်းချပြီး စိတ်ထဲမှာ ရွှင်လန်းတက်ကြွသွား၏။ မိသားစုနှင့် ဝေးကွာနေခဲ့ရသည်မှာ ကြာခဲ့ပြီ၊ ယခု မိသားစုနှင့် ပြန်လည်ဆုံတွေ့ရမည့်အဖြစ်ကိုတွေးရင်း စိတ်ကူးနှင့်ပျော်နေမိသည်လေ။ ခြော် ရကြည်ဝေးသော ပန်းကလေး ကန်ရေပြင်ထဲသို့ ပြန်ရောက်တော့မည်လေ။ တစ်ဖက်မိုးရိပ်ဆိုတဲ့ကောင်မှာလည်း –

"အား"

လေယာဉ်ပေါ်မှ ဆင်းလာသည်နှင့် မြန်မာပြည်၏ အငွေ့အသက်တွေက နွေးထွေးစွာ မိုးရိပ်ကို ပွေ့ဖက်၍ ကြိုဆိုနေသည်။ ခပ်ပြေပြေလေး ဝှေ့လာသောလေကို တစ်ဝကြီး ရှူရှိုက်ပစ်လိုက်၏။ လေးနှစ်ကျော် ငါးနှစ်လောက် ခွဲခွာနေရသော မြန်မာပြည်ကို လွမ်း ဆွတ်တမ်းတစွာပင် အပြင်ရှုခင်းတွေကို ဝေ့ဝဲကာ ကြည့်ပစ်လိုက်သည်။





"သား . . . ဟိုမှာ မင်းမေမေ"

ဖေဖေ လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်တော့ အပြုံးတွေ ဗရပွနှင့် ဆီးကြိုနေသော မေမေ့မျက်နှာကို မြင်လိုက်ရ၍ မိုးရိပ် နှလုံးစိတ်ဝမ်း အေးချမ်းသွားရ၏။

"မေမေ"

"သား"

သားအမိတွေ တစ်ဦးကိုတစ်ဦး ပြေးဖက်လိုက်ကြသည်။ မိုးရိပ် မိခင်ပါးပြင်ကို ရွှတ်ခနဲနမ်းလိုက်တော့ –

"ကြည့်စမ်းပါဦး သားက နိုင်ငံခြားသွားနေကာမှ ပိုချောလာသလိုပဲ"

"အနေဝေးနေလို့ ဖြစ်ပါလိမ့်မယ်"

"အလွမ်းသယ်နေလိုက်ကြတာ၊ ကျုပ်ကိုရော သတိရသေးရဲ့လား ဒေါ်သွဲ့သွဲ့နိုင်"

ဖေဖေ့စကားကြောင့် မေမေက တစ်ခုခုကို သတိရသွားဟန်နှင့် ဘေးသို့ ငုံ့ကြည့်ကာ –

"မြေး ဒါ မြေးဘိုးဘိုးနဲ့ လေးလေးလေ"

ဟုဆို၍ ကလေးကိုပွေ့ချီလိုက်မှပင် မိုးရိပ်ရော ဖေဖေပါ ကလေးဆီသို့ အကြည့်ရောက်သွားလေ၏။ ကလေးက ဖြူဖြူချောချော



www.burmeseclassic.com

www.burmeseclassic.com



ကလေး၏ မျက်ဝန်းလေးတွေက တောက်ပစွာနှင့်ပင် မိုးရိပ်ကို ကြည့်နေသည်။ ကလေးသိပ်မချစ်တတ်သော မိုးရိပ် ဘာကြောင့်မှန်းမသိ သည့်ကလေးကို မြင်မြင်ချင်းပင် ချစ်မိသွား၏။

"ကလေးလေးက ချစ်စရာလေးပဲ။ လာပါဦးကွ လေးလေး ဆီကို"

ကလေးကလည်း မိုးရိပ်လက်ကမ်းလိုက်သည်နှင့် တန်းခနဲ လိုက်ပါလာသည်။

"သူလေးက ဘယ်သူလဲ သွဲ့"

"ကိုမိုးကလည်း ဒါ ရှင့်မြေးပေါ့။ လရိပ်သားလေ။ သား ဘွားဘွားသင်ထားသလို ဘိုးဘိုးကိုနှုတ်ဆက်လိုက်ဖှလေ"

"မင်္ဂလာပါ ဘိုးဘိုး။ နေကောင်းရဲ့လား"

"ကောင်းပါ့ဗျာ . . . ကောင်းပါ့"

ကလေးက မပီကလာ ပီကလာနှင့် နှုတ်ဆက်တော့ မိုးရိပ် ရော ဦးမြင့်စိုးပါ သဘောကျသွားလေသည်။ ဦးမြင့်စိုးက မြေးကို ချစ်စနိုးနှင့် ပါးလေးကို ဖျစ်ညှစ်ကာ –

"သူ့အမေတူလို့ထင်တယ် မြေလေးက စကားတတ်လိုက် တာ။ အင်း . . . ငါ့ကိုချွဲမယ့်သူတစ်ယောက် တိုးလာပြီဟေ့"

"စကားတတ်တာတော့ မပြောနဲ့ကိုမိုးရေ။ ကြက်တူရွေးက





အရှုံးပေးရမယ် သိလား"

မိုးရိပ် ကလေး၏ပါးပြင်နုနုကလေးကို နမ်းရှိုက်ရင်း –

"ဟုတ်လား သား"

"သားက ကြက်တူရွေးဆိုရင် ဘိုးဘိုးရော ဘွားဘွားရော လေးလေးရော အားလုံး ကြက်တူရွေးတွေပေါ့"

"ဟား ဟား ဟား . . . ကောင်းတယ် ကောင်းတယ်။ သွဲ့ မင်းပြောလိုက်တာနဲ့ တို့တွေပါ ကြက်တူရွေးတွေ ဖြစ်ကုန်ပြီကွ"

မိုးရိပ် ရင်ထဲတွင် နွေးထွေးသွား၏။ မြန်မာပြည်ကို ပြန်လည် ခြေချခဲ့၍ ပျော်သည်ကတစ်ကြောင်း သားလေး၏ ခရီးဦးကြိုဆိုမှုက ချစ်စဖွယ်။ သူ့ရင်ကို လှုပ်ခတ်စေခဲ့သည်က တစ်ကြောင်း။ ဘာကြောင့် မှန်းမသိ သည့်ကလေးကို မြင်လိုက်ကတည်းက ချစ်ခင်ယုယစွာ ထွေးပွေ့ထားချင်စိတ်တွေ တဖွားဖွားပေါ်လာခဲ့သည်။

သခ်ါနှင့်လရိပ် ကို မျက်နှာချင်းမဆိုင်ချင်လောက်အောင် နာကြည်းမိသော်လည်း သူတို့သားလေးကိုတော့ မိုးရိပ် အရမ်းချစ်သွား ခဲ့သည်။

"သားနာမည် ဘယ်လိုခေါ်လဲ"

"ရွှေမိုးသခ်ါပါ လေးလေး"

"ရွှေမိုးသခ်ါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"လှလိုက်တဲ့နာမည်လေးကွာ၊ သား လေးလေးကို ချစ်လား"

"ချစ်တာပေါ့ သားလေးလေးပဲဟာ"

"ကဲ သား . . . ပြန်ကြရအောင်ကွာ"

"ဟုတ်ကဲ့ ဖေဖေ"

မိုးရိပ်တို့မိသားစုသည် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ကျောခိုင်း၍ ထွက်သွားခဲ့တော့သည်။ မိုးရိပ်က သားလေးရွှေမိုးသခါကို ချီလို့ရယ်ပေါ့။

မိုးရိပ် နိုင်ငံခြားက ပြန်ရောက်ကတည်းက ရွှေမိုးသခါလေးသည် အိမ်သို့ ပြန်သည်မရှိ။ မိုးရိပ်နှင့်နေရသည်ကိုပင် အပျော်ကြီး ပျော်နေရှာသည်။ ရွှေမိုးသခါလေး၏ လိုအပ်သမျှကို ပူဆာသမျှကို မိုးရိပ်ကလည်း မညည်းမညူ လုပ်ပေးလေတော့။

"လေးလေး"

"ဟင် . . . ဘာလဲသား"

"သား အရုပ်တွေနဲ့ ကစားရတာ ပျင်းလာပြီ"

"ဒါဆို သားက ဘယ်လိုကစားချင်လို့လဲ"

"လေးလေး ဆင်ကြီးလုပ်၊ သားသား ဆင်စီးချင်တယ်"





"ဟာကွာ . . . သားကတော့ ညစ်တော့မယ်"

မိုးရိပ် ဖတ်လက်စဂျာနယ်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။

"မြေး ကိုယ့်လေးလေးကို ဒီလိုမခိုင်းရဘူးလေ"

ဒေါ်သွဲ့သွဲ့နိုင်က ဟန့်တားလိုက်သော်လည်း မိုးရိပ်ကိုယ်တိုင်က ဆိုဖာပေါ်မှထရပ်ကာ –

"ရပါတယ် မေမေ၊ သားလေး စိတ်ညစ်နေပါဦးမယ်။ သားလေးက ကျွန်တော့်ရဲ့ တစ်ခုတည်းသော သံယောဇဉ်ကြိုးလေးပါ။ သူ ပျော်နေတာမြင်ရရင် သားရင်ထဲမှာလည်း ချမ်းမြေ့နေတာပါပဲ"

"ဒါဆိုလည်း သဘော သဘော"

ရွှေမိုးသခါလေးက လက်ခုပ်တီး၍ ရယ်လေသည်။ မိုးရိပ်က လေးဘက်ထောက်ပေးတော့ မိုးရိပ်ကျောကုန်းပေါ်သို့တက်ကာ –

"ဟေး . . . လေးလေးဆင်ကြီး စီးလို့ရပြီကွ"

"နိုင်ငံခြားပြန်ဆင်ကြီးလေ"

မိုးရိပ်နှင့် ရွှေမိုးသခါတို့ ကစားရင်း ပျော်နေကြသည်။ ဒေါ်သွဲ့သွဲ့နိုင်ပါ ထိုမြင်ကွင်းကိုကြည့်ပြီး ပီတိဝေနေ၏။

ထိုစဉ် –

"ဟေ့ သား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဖေကြီးနဲ့မေကြီးလာတယ်"

ရွှေမိုးသခါသည် မိုးရိပ်ကျောကုန်းပေါ်မှဆင်း၍ သူ့အရှေ့နှင့် အမေဆီသို့ ပြေးသွားလေ၏။ သခါက သားလေးကို ပွေ့ချီလိုက်သည် တွင် –

"ဖေကြီးနဲ့မေကြီး သားဆီလာတာလား"

"ဒါပေါ့ သားရဲ့။ သား အိမ်မပြန်တာတစ်ပတ်ပြည့်တော့မယ် ဖေကြီးက သားကို သတိရလို့ပေါ့"

"သားလည်း သတိရပါတယ်"

"ဒါနဲ့များ သားရယ် အိမ်ကို တစ်ခေါက်ပြန်လာဖော်မရဘူး"

မိုးရိပ် မမြင်ချင် မတွေ့ချင်သူတွေကို မြင်တွေ့လိုက်ရသည်မို့ ပျော်ရွှင်လန်းဆန်းနေသော စိတ်တို့သည် ရုတ်ချည်း ညှိုးကျခွေယိုင် သွားလေ၏။ ရှောင်ထွက်ဖို့ ကြိုးစားလိုက်သော် –

"ဒါက ဘယ်ကိုလဲသား"

မေမေ့အသံကြောင့် ခြေလှမ်းတို့ တုံ့ဆိုင်းသွားလေ၏။

"သား အနားယူတော့မယ် မေမေ"

မည်သူ့ကိုမှ လှည့်မကြည့်ပါပဲ ဆိုလိုက်တာမို့ –

"နေပါဦး သားရယ်၊ မိသားစုတွေ ကြုံတုန်း ဆုံတုန်း စကား လေး ဘာလေး ပြောပါဦးလား"





"မေမေ ရှိနေတာပဲ၊ သူတို့နဲ့ပတ်သက်ပြီး သားမှာ ပြောစရာ မရှိဘူး မေမေ၊ သားဘဝမှာ ပြောစရာစကားမရှိအောင် ဆွံ့အနေခဲ့ တာ ကြာပါပြီ။ မိုးရိပ်မောင်ဟာ ...ကောင်ကြွက်ပါ"

"သရိုး"

တူး၏ခေါ်သံကိုကြားသော်လည်း မိုးရိပ် လှည့်မကြည့်တော့ ပါ။ ခြေသံပြင်းပြင်းနှင့် အပေါ်ထပ်သို့ တက်ခဲ့တော့သည်။ မိမိ အခန်း ထဲရောက်သည်နှင့် မွေ့ရာပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်တော့ ၏။

"သရိုး"

အမှတ်မထင် လှည့်ကြည့်လိုက်တော့ တူး။ မိုးရိပ် ခုမှပင် သတိထားမိတော့သည်။ တူး ဝတ်ထားသည်က ဗိုက်ဖုံးအင်္ကျီ အဖြူ ရောင်လေးပင်။ မိုးရိပ် ပြုံးချင်ချင်ဖြစ်သွားသော်လည်း မပြုံးမိအောင် ကြိုးစား၍ ခပ်တည်တည်ပင် ပြန်လှည့်သွားလေ၏။ တူးက သူ့ဘေး တွင် မတ်တတ်ရပ်ကာ –

"သရိုး"

ဒုတိယအကြိမ် ထပ်မံခေါ်လိုက်ပြန်သည်။ မိုးရိပ် စိတ်နာနာ နှင့် မောင်းထုတ်ပစ်လိုက်ချင်သော်လည်း နှစ်လွှာတစ်ရွက် ဖွယ်တော် ရှက်လို နှစ်ယောက်ပေါင်းမှ တစ်ဘဝဟုဆိုသော အချစ်ဆုံးအမှာ



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမသံယောဇဉ်ကြောင့် သည့်လောက် ခါးသီးစွာမရက်စက်နိုင်ပြန်။

"ဘယ်လိုဖြစ်နေတာလဲ"

"အဟိ"

"မိတူး"

"ဘာရယ်တာလဲ၊ ငါ့ကိုလာပြီး အနှောင့်အယှက်မပေးနဲ့"

တူးက မိုးရိပ်ဘေးတွင်ဝင်ထိုင်ရင်း –

"နှင် ငါ့ကို စိတ်ဆိုးနေတုန်းပဲလား။ စိတ်ပြေတော့သမီးရယ်။ နှင်မခေါ်တော့ ငါမနေတတ်ဘူးဟ။ နှင်နဲ့ငါ ပြေးကြည့်မှ ဒီမောင်နှမနှစ်ယောက်ပဲ သံယောဇဉ်တွယ်စရာရှိတာ"

"တော်စမ်းပါ၊ အဲဒီသံယောဇဉ်ဆိုတဲ့စကားနဲ့ ငါ့ကို အနိုင်မယူနဲ့။ နှင့်ယောက်ျားကို ငါ ဘယ်တော့မှ အခွဲမကြေဘူး"

"နှင့်ဘက်က ဒီလောက်တင်းနေမှတော့ ငါက ဆောင့်ဆွဲရုံပဲ ရှိတော့တယ်။ သမီး နှင့်အတွေးအခေါ်တွေ အရမ်း ဒိတ်အောက်နေပြီ"

"ဘာ"

မိုးရိပ် အိပ်ရာပေါ်မှ ဆတ်ခနဲ ထထိုင်၍ လရိပ်မျက်နှာကို ရူးရူးရဲရဲ ကြည့်ပစ်လိုက်၏။ လရိပ်ကလည်း ထိုနည်းတူပင် တန်ပြန်ကြည့်တာ ရူးရဲစွာ။





"နှင် ဘာစကားပြောတာလဲ တူး"

'ငါ မြန်မာလိုပြောတာပါ။ ငါ ဦးကို ဘာကြောင့်လက်ထပ်ခဲ့ရတယ်ဆိုတာ နှင်သိလို့လား။ သိအောင်ကြိုးစားပေါ့။ အေး ... နှင်သိလာခဲ့ရင် အဲဒီနေ့ဟာ နှင့်နှလုံးသားကို လောင်မြိုက်တဲ့နေ့ပဲ။ သားလေးရွှေမိုးသခါဟာ နှင့်အတွက် တန်ပြန်ကလဲ့စားချေမယ့် စေတန်နတ်ဆိုးလေး ဖြစ်ချင်ဖြစ်မှာပေါ့။ နောင်တဆိုတာ နောင်အတိတ်ကို တမ်းတယူရတဲ့ စိတ္တဇနောမ်တစ်ခုပါ။ နှင် နောင်တမရမိအောင် ကြိုးစားပေါ့"

လရိပ် နောက်ဆုံး မိုးရိပ်မျက်နှာကို စေ့စေ့ကြည့်ကာ လှည့်ထွက်သွားလေတော့၏။

"တူး တူး"

နှင် နောင်တရတဲ့နေ့ဆိုတာ ရှိလာအောင် ငါ ကြိုးစားမယ် သမီး။ နှင့်ရင်ထဲက အမုန်းတရားတွေကို ချေဖျက်နိုင်မယ့်သူဟာ သားလေးရွှေမိုးသခါဆိုတာ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"သားကို အခုပဲ ပြန်ခေါ်ပေးပါ ကိုကို"

ရွှေလက်ာ၏အသံက ညွှန်းတစ်ခုလုံးကို စာစာတက်အောင် ဖုံးလွှမ်းသွားလေ၏။

"ညီမလေး"

"ဘာမှမပြောနဲ့တော့ကိုကို။ ညီမလေးက သားကို ဝမ်းနဲ့လွယ်မွေးခဲ့ရတဲ့မိခင်ပါ။ သားနဲ့သူနဲ့ ဘာမှပတ်သက်စရာအကြောင်း မရှိဘူး။ အစကတည်းက တာဝန်မဲ့ခဲ့တဲ့သူကို ဘာဖြစ်လို့ သွေးတိုးစမ်းနေရတာလဲ"

"ရွှေလက်ာ မှားနေပြီ။ သားလေးကို ဒီလိုပို့ထားတာ သားနဲ့





အဖေ သွေးစကားပြောပြီး နီးစပ်စေချင်လို့ မဟုတ်ဘူး"

"ဒါဆို ဘာ့သဘောလဲ"

စွန့်ခွာပြေးခဲ့သူကို ပြန်လည်၍ လက်ယက်ခေါ်ဖို့ မလို။ ဒွေးလက်ာ့ဘဝမှာ အချစ်တွေ ဆိတ်သုဉ်းသွားခဲ့သည်မှာ ကြာခဲ့ပါပြီ။ ကလေးတစ်ယောက်တောင် ဖခင်မရှိဘဲ မွေးဖွားခဲ့ပြီးပြီပဲ။

"ရွှေလက်ာ ခံစားခဲ့ရသမျှ သားလေးက လက်စားချေနိုင်မှာ ပါ ရွှေလက်ာ"

"လက်စားချေချင်လို့ ရွှေလက်ာ့ရင်ထဲက ဒဏ်ရာတွေ ကျက်သွားလိမ့်မယ်လို့ ထင်နေသလား လရိပ်"

"အနည်းဆုံးတော့ ဝေဒနာပေါ့သွားမှာပေါ့"

"ထင်လို့လား"

"အမြင်ကို ပြောတာပါ"

သခါတစ်ယောက် ဇနီးနှင့်ညီမကြားမှာ ဆွံ့အနေသူပမာ နှုတ်ဆိတ်နေတော့သည်။ အငြိုးတွေ ကလဲ့စားတွေကို သခါ ကြောက်လှပါပြီ။ မထင်မှတ်တဲ့ ကံကြမ္မာ၏ လှည့်စားမှုကြောင့် အမုန်းသံသရာတွေ ရှည်ခဲ့ရပြီးပြီလေ။

"ဒဏ်ရာကျက်ရင်တောင် အမာရွတ်ကတော့ ကျန်နေဦးမှာပဲ လရိပ်။ မဆုံးနိုင်တဲ့ အမုန်းသံသရာကြီးထဲမှာ ရွှေလက်ာ လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ပန်းမကောက်ချင်တော့ဘူး။ အားလုံးကို ပြည်ဖုံးကားချပြီး ဘဝကို တစ်ကနေပြန်စချင်တယ်။ အဲဒီတော့ သူတို့နဲ့လရိပ် ကင်းနိုင်သလောက် ကင်းအောင်နေပါ''

လရိပ် ပြုံးမိပါသည်။ စကား စကား ပြောပါများကော စကားထဲက ဇာတိပြသတဲ့။ အမုန်းကို ပြည်ဖုံးကားချမည်ဆိုမှတော့ ခွင့်လွှတ်ခြင်းနိမိတ်ကို ဆောင်ရမည်ပေါ့။

ယခု ရွှေလက်ာက သူမကိုပါ ကင်းကင်းရှင်းရှင်းနေခိုင်းမှတော့ ရွှေလက်ာရင်ထဲကအမုန်းတွေ ဘယ်လို အရောင်လွင့်တော့မှာလဲ။

''လူတစ်ယောက်နဲ့တစ်ယောက် သွေးသားတော်စပ်လာပြီဆိုရင် မခေါ်ချင်လို့ရပေမယ့် မတော်ချင်လို့ မရဘူး ညီမလေး။ ကိုကို ညီမလေးနဲ့ပတ်သက်ပြီး ဘာမှ မပြောချင်ဘူး။ ဒါပေမဲ့ ညီမလေးရယ် သားလေးကို ကိုကိုနဲ့လရိပ် ဘယ်လောက်ပဲချစ်ချစ် မိဘရင်းတွေရဲ့ မေတ္တာကိုတော့ မီမှာမဟုတ်ပါဘူး။ အမုန်တရားဆိုတာ ဘယ်လောက်ပဲ ဖုံးကွယ်ထားထား ဖုံးကွယ်ထားတဲ့ကြားကနေ တိုးထွက်လာကြတာပဲလေ''

''ကိုကို''

ရွှေလက်ာ အံ့သြ၍မဆုံးတော့။ ညီမတစ်ယောက်၏ ဘဝ





တစ်ခုလုံးကို လုံးထွေးချေပစ်ခဲ့သူကို ဘာကြောင့် မုဒိတာတရားတွေ ပွားများနေရသလဲရယ်ပေါ့။

''ကိုကို့ကို ညီမလေး အရမ်းအံ့သြတယ်၊ လက်ဖျားခါလောက်ပါတယ် ကိုကိုရယ်''

''ကိုကို့ကို မခနဲ့ပါနဲ့ ညီမလေးရယ်''

''အေးလေ . . . ကမ္ဘာကြီးတောင် ဝင်ရိုးစွန်း ၂၃½ တိမ်းစောင်းခဲ့သေးတာပဲ။ ကိုကို့စိတ်တွေ တိမ်းစောင်းသွားတာ အဆန်းမဟုတ်ပါဘူး။ ဒါပေမဲ့ ညီမလေးက ပေဖြစ်ခဲ့ရတာလေ ကိုကိုရဲ့''

''ခုချိန်မှာ ရွှေလက်ာက တူဖြစ်နေပြီလေ၊ သရီးက ရွှေလက်ာထုရင် ခံရမယ့်ပေ ဖြစ်နေပါပြီ။ လရိပ် ပြောချင်တာက တစ်ဦးကိုတစ်ဦး အာဃာတတွေ ပွားနေမယ့်အစား ရင်ကြားစေ့အောင် ဆွေးနွေးပြီး မိသားစုတွေ ပြန်လည်ဆုံဆည်းစေချင်တာပါ''

ရွှေလက်ာ နှုတ်ခမ်းလေးမဲ့တဲ့တဲ့ ဖြစ်သွားရ၏။ တကယ်တော့ နှုတ်ကသာ အမုန်းကို ပြည်ဖုံးကားချသည်ဟုဆိုသော်လည်း နှလုံးသားက အမုန်းတရားတွေကို ရေစက်မချနိုင်သေးပါ။

လရိပ် စိတ်မောစွာပင် သက်ပြင်းတစ်ချက် ရှိုက်ထုတ်မိ၏။ သားလေးရဲ့ဘဝကို မိရင်း ဖရင်းနဲ့သာ ပျော်ရွှင်ချမ်းမြေ့စေလိုသောကြောင့် လရိပ် အစွမ်းကုန်ကြိုးစားနားချနေခြင်းပါ။ ယခု မိဖုရ်ပိနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေလက်ာတို့၏ချစ်ခြင်းမေတ္တာတွေက ပြန်လည်ငြိတွယ်ဖို့ရာ သမုဒ္ဒရာကို တံတားဆောက်ရတာထက် ခက်ခဲနေပေသည်။

"ပန်းဆိုတာ နေခြည်ဖြန်းမှ လန်းသလို လေပြည်နမ်းမှ ပိုပြီးမွှေးကြူတာပါ ရွှေလက်ာ။ ရွှေလက်ာ မေတ္တာရောင်ခြည် ဖြန်းပေးရုံနဲ့ သားလေးဘဝဟာ မွှေးကြူမလာနိုင်ဘူးလေ"

"လောကဓံကို ကြံ့ကြံ့ခံပြီး ခုချိန်ကျမှတော့ သားဘဝမှာ အဖေဆိုတာ မလိုအပ်တော့ဘူး"

"လိုအပ်တာပေါ့ သမီးရယ်။ မြေးလေး လူလားမြောက်တာနဲ့ အဖေဆိုတာ သူ့ဘဝအတွက် အန္တရာယ်ဟူသမျှကို ခုတ်ထွင်ရှင်းလင်းပေးမယ့် ဓားတစ်ချောင်းပါပဲ"

အခန်းထဲမှ ထွက်လာရင်း ဆိုလာသူက ဒေါ်ထားထားနွယ်ပင်။ ရွှေလက်ာ့ဘေးရှိ ဆိုဖာပေါ်တွင် ဝင်ထိုင်ရင်း ရွှေလက်ာကို စေ့စေ့ကြည့်ကာ စကားဆက်၏။

"ဘာမှ မသိနားမလည်သေးတဲ့အချိန်မှာတော့ အဖေဆိုတာ သူ့ဘဝလေးထဲမှာ မပြတ်သားသေးတဲ့ ဝလုံးလေးပေါ့။ လူလောကအကြောင်းကို သိနားလည်လာတဲ့နေ့မှာ အဖေဆိုတာ မြေးလေး အတွက် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကြီးပါကွယ်။ ဖခင်မေတ္တာကို သူ ခများ တောင်တရှာမှာပေါ့"





"ကိုကိုက သားလေးရဲ့အဖေအမည်ခံထားတာပဲ။ သားလေးကို ဖခင်မေတ္တာတွေ ပေးနိုင်မှာပါ"

ဒေါ်ထားထားနွယ် ခေါင်းကိုသာ တွင်တွင်ခါယမ်းမိတော့သည်။

"ခက်တယ် ရွှေလက်ာ။ လူ့စိတ်ဆိုတာ ရေလှိုင်းပေါ်က ဗေဒါတွေလိုပဲ။ တစ်နေရာတည်းမှာ တစ်သမတ်တည်းမရှိဘူး။ ကမ်းကို ကပ်ချင်လည်း ကပ်နေမယ်၊ ရေစုန်မှာမျောနေချင်လည်း မျောနေမှာကွဲ့။ ပြီးတော့ သွေးမျိုးသားချင်းရဲ့ မေတ္တာရိပ်ဆိုတာ သစ်ရိပ်ဝါးရိပ်လိုပဲ ခေတ္တဝင်နားတုန်းသာ အေးချမ်းအောင် အရိပ်မိုးပေးနိုင်ပေမယ့် ကိုယ့်အရိပ်အာဝါသအောက်ကထွက်သွားရင် လျစ်လျူရှုသွားရတာလေ။ မိဘရဲ့မေတ္တာရိပ်ကတော့ ထီးတစ်ချောင်းလိုပါပဲကွယ်။ နေပူမိုးရွာ မခွဲမခွာ လိုက်မိုးပေးနိုင်တာက မိဘရဲ့မေတ္တာထီးလေး တစ်ချောင်းပါ"

ဒေါ်ထားထားနွယ်၏ မိဘမေတ္တာ ဒေသနာတရားတော်ကြောင့် ရွှေလက်ာ ငိုင်တွေသွား၏။ ရွှေလက်ာသည်လည်း ပုထုဇဉ် လူသားတစ်ယောက်ပေမို့ ခြောက်လျှင်ကြောက်တတ်သလို မြှောက်လျှင်လည်း မြောက်ပေလိမ့်မည်။ ယခုလို နားချတာမျိုးကို စိတ်အလို လိုက်၍ ပျော့ချင်ပေမယ့် မာနတရားက လက်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးပြောတာမှန်တယ် ညီမလေး။ ကိုကို သားလေးကို မချစ်လို့ပြောတာ မဟုတ်ဘူးနော်။ သားကို ကိုကိုအရမ်းချစ်ပါတယ်။ ဒါပေမဲ့ သားလေးကို ကိုကိုချစ်တဲ့အချစ်ဟာ မိုးရိပ်နဲ့နှိုင်းယှဉ်လိုက်မယ် ဆိုရင် ကိုကို့မေတ္တာတွေက ခါကာတိုရာစီတောင်ထွတ်ပေါ်က လိမ့်ဆင်း သွားတဲ့ ကျောက်ခဲလေးတစ်လုံးပဲ ဖြစ်မှာပါ။ တူဆိုတဲ့အသိနဲ့တောင် မိုးရိပ် သားလေးကို ဒီလောက်သံယောဇဉ်ကြီးမားနေတာ သားလေး ဟာ သူ့ရင်သွေးဆိုတာသိသွားခဲ့ရင် ရှေ့ဆုံးက အသက်ပေးပြီး သား အပေါ် ကျရောက်လာမယ့် အန္တရာယ်ဟူသမျှကို ကာကွယ်ပေးမှာက မိုးရိပ်ပဲ ဖြစ်မှာပါ"

ရွှေလက်ာ စကားတစ်ခွန်းမျှ မဆိုတော့။ ထိုးဖောက်ဝင် ရောက်၍ တိုက်ခိုက်နိုင်စွမ်းမရှိတော့သည့် စကားလုံးတွေကို ရင်ထဲမှာ ပဲ သိမ်းထားလိုက်တော့မည်။ အမျှားနဲ့တစ်ယောက် ဖြစ်နေပြီမို့ ဒီဇာတ် လမ်းမှာ ရွှေလက်ာ ဘီလူးခေါင်းဆောင်းရတော့မည်ပေါ့။

"ဟေး ကိုးပြီကွ"

"မကိုးသေးပါဘူးကွာ။ ဒီမှာ လေးလေးဖမ်းမိပြီ"

အိမ်ရှေ့မြက်ခင်းပေါ်တွင် မိုးရိပ်နှင့် ရွှေမိုးသခါလေးတို့ ဘောလုံးကန်နေကြသည်။ ရွှေမိုးသခါလေးက အော်ဟစ်၍ ကန်လိုက် သော ဘောလုံးကို မိုးရိပ် ဖမ်းယူ၍ မြှောက်ပြလိုက်လေလျှင် –





"ဒီတစ်ခါ ကိုးအောင်ကန်မယ်။ လေးလေး ဒီဘက်ကို ကန် လိုက်"

"ကန်ပြီနော်၊ မိအောင်ဖမ်းထား"

"စိတ်ချ"

မိုးရိပ် ပြန်ကန်လိုက်သော ဘောလုံးသည် ရွှေမိုးသခါ၏ လက်ဘေးမှ ပတ်ထွက်ကာ မြက်ခင်းစပ်သို့ ရောက်သွားလေလျှင် ရွှေမိုးသခါ ပြေး၍ကောက်ယူလိုက်စဉ် ခြံထဲသို့ ပါဂျဲရိုးကားတစ်စီး ဝင်ရောက်လာပြီး ရွှေမိုးသခါဘေးတွင် ထိုးဆိုက်လာ၏။

ကားတံခါးကို ဒရိုင်ဘာက ဖွင့်ပေးလိုက်သည်နှင့် ခပ်ကြွကြွ လေးဆင်းလာသူမှာ–

"သား"

"ဟင် မေလက်ာ"

မိုးရိပ် နှုတ်ခမ်းအစုံမှာ ပွင့်ဟသွားလေ၏။ နှစ်တွေကြာအောင် မေ့ပျောက်နိုင်ဖို့ ကြိုးစားခဲ့ရသည့်မျက်နှာ ယခင်က ခေတ်နှင့်အညီ ဝတ်စားဆင်ယင်တတ်သော မျက်နှာအလှသည် သူ့ရင်ကို တစ်ချိန်က လှုပ်ရှားစေခဲ့၏။

ယခု မြန်မာဆန်ဆန် ယောဝမ်းဆက်အညိုရောင်လေး ဝတ် ဆင်ထားကာ ဆံထုံးပုံပုံကလေးနှင့် ကျက်သရေရှိလှသော အလှသည်



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ်၏အိပ်ပျော်နေသောနှလုံးသားကို လှုပ်နှိုးဖို့ ကြိုးစားနေရော့သလား။ သူ ဘာလာလုပ်တာပါလိမ့်။

"မေလက်ာ သားကိုလာခေါ်တာလား"

"ဒါပေါ့သားရဲ့။ မေလက်ာက သားကိုလွမ်းနေတာ"

"ဒါဆို ခဏနေဦးနော်။ သား လေးလေးကို နှုတ်ဆက်လိုက်ဦးမယ်"

"မလိုပါဘူး သားရယ်။ သူမြင်နေတာပဲဟာ၊ လာပါ သားရယ်"

ရွှေလက်ာ သားကိုချော့မော့ကာ မွေ့ချီ၍ ကားပေါ်သို့ တက်လာခဲ့သည်။ မည်သူ့ကိုမှ လှည့်မကြည့်။ လှည့်ကြည့်ဖို့လည်းမလိုတော့ဘူးလေ။ အတိတ်ဆိုတာ ပစ္စုပ္ပန်၏ခြေရာပဲမို့ လည်ပြန်မကြည့်လိုတော့။

"မောင်းတော့ ဦးမော်"

ဒရိုင်ဘာ ဦးအောင်မော်က ကားစက်နှိုးလိုက်သည်နှင့် ရွှေမိုးသခါလေးသည် ကားပြတင်းပေါက်မှ မိုးရိပ်ကို လက်ပြနှုတ်ဆက်ကာ

"လေးလေး သားပြန်လာခဲ့မယ်နော်။ မနက်ဖြန် သားပြန်လာခဲ့မယ်"

မိုးရိပ် ပြန်လည်၍ နှုတ်ဆက်နိုင်စွမ်းမရှိ။ ကျောက်ရုပ်ပမာ





မလှုပ်မယှက်ရပ်နေခဲ့။ ရွှေမိုးသခါလေးလက်ထဲမှ ကျကျန်ခဲ့သောဘောလုံးလေးကို ငေးစိုက်ကြည့်ကာ ရင်ထဲမှာဟာတာတာကြီး ဖြစ်သွားရ၏။

ဘာကြောင့်လဲ ကလေးရယ်။ မင်းမရှိရင် ငါ့ဘဝမှာ ဘာလိုနေမှန်းမသိ မပြည့်စုံတော့ဘူးကွ။ ငါ ဘာဖြစ်လို့ မင်းကို သံယောဇဉ်တွေ တွယ်နေမိပါလိမ့်။ ငါက ငှက်ကလေးရဲ့ ခေတ္တနားခိုရာ သစ်ကိုင်းတစ်ကိုင်းပါ။

အချိန်တန်ရင် အိမ်ပြန်မယ်ဆိုတာသိပေမယ့် အိမ်ပြန်မယ့်နေ့ကို မရောက်ချင်ဘူး။ သားရယ် လေးလေး ဘယ်လိုလုပ်ရမလဲကွာ။ ဖြစ်နိုင်ရင် သားနဲ့မခွဲချင်ဘူး။

လောကားတစ်ထစ်လို ဆောင့်နင်းပြီး လေးလေးကို မထားခဲ့ပါနဲ့။ ငါ အရှုံးပေးရတော့မှာလား။ လရိပ် နင်ပြောခဲ့တဲ့စကားတွေက ငါ့နှလုံးသားအတွက် နိမိတ်ဖတ်ခဲ့တာလားဟာ။ တစ်ရက်ထက်တစ်ရက် သားအပေါ်ထားခဲ့တဲ့ ငါ့ရဲ့မေတ္တာသံကွန်ချာက ပိုပိုပြီးခိုင်မြဲလာခဲ့ပြီ။

နှုတ်ဆက်ခွင့်လေးတောင်မပေးတော့တဲ့အခြေမှာ နောင်တွေ့ဖို့ဆိုတာ လွယ်ကူပါ့မလား။ သံယောဇဉ်ဆိုတဲ့ရွှေပေလွှာပြီးရယ် ငါ့ကို သနားသောအားဖြင့် သားလေးကိုပြောပေးပါ။ သားလေးသာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မလာခဲ့ရင် ဟောဒီလောကကြီးမှာ မိုးရိပ်မောင် ပျောက်ဆုံးသွားမလား မပြောတတ်ဘူး။ သားလေးကို ပြန်ပို့ပေးကြပါ။ အို ငါ ဘာတွေ လျှောက်တွေးနေပါလိမ့်။

ငါက သားလေးရဲ့အဖေမှမဟုတ်တာ။ လေးလေးပဲတော်တာလေ။ ငါတောင် သားလေးကို ဒီလောက်ချစ်နေရင်း ကိုယ်သခါနဲ့လရိပ်က မိဘတွေပဲ၊ သားလေးကို ငါ့ထက်ပိုပြီး ချစ်မှာပေါ့။ သားရယ် မင်းလေးဟာ လေးလေးရဲ့သားအရင်းသာ ဖြစ်လိုက်ပါတော့လား။

❊ ❊ ❊



## အခန်း (၂၈)

ထမင်းဝိုင်းလေးသည် ခါတိုင်းလို စကားတွေဖောင်ဖွဲ့၍ စိုပြည်မနေတော့။ ရွှေမိုးသခါလေးရောက်လာခဲ့စဉ်က ထမင်းဝိုင်းသည် ဆည်းလည်းလေးတစ်လုံး လှုပ်နေသံကို ကြားရသလိုနှင့် ချိုမြိန်လှ၏။

သားလေးက သူ့အဘိုးအဘွားတွေကို ဟင်းတွေဦးချ။ မိုးရိပ်နှင့် မေမေက သားလေးကို ထမင်းခွံ့ကျွေးတော့ ဖေဖေက အကဲပိုသည်ဟု စနှင့် ပျော်ရွှင်ခဲ့ရသည့် ရက်ကလေးတွေပါ။ ခုတော့ ထမင်းဝိုင်းက ခြောက်သွေ့နေ၏။

"သား ဟင်းတွေထည့်စားလေကွာ။ မင်းပဲ ကြက်သည်းကြက်မြစ် ကြိုက်တယ်ဆို၊ ရော့ စား"



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ကြက်သည်းကြက်မြစ်ကို သီးသန့်ဝယ်၍ ချက်သည့်မို့ မေမေက မိုးရိပ်ပန်းကန်ထဲသို့ ဟင်းတွေ ဆယ်ထည့်ပေး၏။ မိမိပန်းကန်ထဲသို့ ရောက်လာသောဟင်းတွေကိုကြည့်၍ ရွှေမိုးသခ်ါလေးကို ပြေးသတိရမိပြန်သည်။

"လေးလေး"

"ဟင်"

"သားကို ဘယ်လောက်ချစ်"

"အသက်လောက်ချစ်"

"ဒါဆို လေးလေးပန်းကန်ထဲက အသည်း သားကိုပေး"

"ဟာ ... ဘာဆိုင်လို့လဲကွ"

ရွှေမိုးသခ်ါလေး၏ တွတ်တီးတွတ်တာစကားကြောင့် အားလုံးရယ်မိကြသည်။

"မြေးလေးကလည်းကွယ် ဟင်းပန်းကန်ထဲမှာ အသည်းတွေ အများကြီးပဲဟာ၊ မြေးကြိုက်တာခပ်စား။ လေးလေးပန်းကန်ထဲက အသည်းက မြေးရဲ့လေးလေးစားပြီးသားကြီး မရှိဘူးလား"

"ရှိပါဘူး သားက လေးလေးကိုချစ်လို့ လေးလေးဟင်းကို တောင်းတာ၊ ဘွားဘွားဟင်းဆို မတောင်းဘူး"

"ကြည့်စမ်း ... ဘွားဘွားကိုမချစ်ဘူးဆိုတဲ့သဘောပေါ့"





"ကဲပါ သားရယ် ... မြေး စိတ်ချမ်းသာအောင် ပေးလိုက်ပါကွာ"

"ဘိုးဘိုးက အလိုက်သိတောင်"

"ချွေးကောင်လေး"

မိုးရိပ် ချစ်စနိုးနှင့်ဆိုကာ သူ့ပန်းကန်ထဲမှအသည်းကို ထည့်ပေးလိုက်တော့ ရွှေမိုးသခ်ါလေး ပျော်သွားပုံရသည်။ ပါးချိုင့်ကလေးခွက်ဝင်သွားအောင် ရယ်ပြီး ဒါကြောင့် လေးလေးကို အရမ်းချစ်တာဟု ဆိုခဲ့သည်။

"သား"

"အင် ဟင်"

"ငိုင်လှချည်လား။ ထမင်းပန်းကန်ကြည့်ပြီး ဘာတွေတွေးနေတာလဲ"

"အဟင်း ... ဘာရယ်လို့ မဟုတ်ပါဘူးမေမေ။ သားရွှေမိုးသခ်ါလေးကို သတိရလို့ပါ"

"ဒါများ သားရယ် ... ငိုင်စရာလား။ စားစား ထမင်းစားပြီးမှ ဖုန်းဆက်ကြည့်လိုက်ပါလား"

ဖုန်းဆက်ကြည့်လိုက်ပါလား ဟူသော မေမေ့စကားကြောင့် မိုးရိပ် မျက်ခုံးနှစ်ဖက်မြင့်တက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်တာဟူသော သဘောပါ။

"သွဲ့ကလည်းကွာ မင်းမြေးက ဖုန်းကိုင်တတ်မှာကျနေတာပဲ"

"ကျုပ်မြေးကို အထင်မသေးပါနဲ့ ကိုမိုးရယ်။ လူသာငယ်တယ် မှတ်ဉာဏ်က ရောမပဲ။ ဖုန်းဆက်တာမှ ဂျင်ဂျင်လည်း။ လူကြီးလုပ်သမျှ အကုန်မှတ်ထားတာ။ ကျုပ်တောင် မြေးနဲ့ မကြာခဏဖုန်းပြောဖြစ်တယ်။ သူကသာ အရင်စပြီးမဆက်တတ်သေးတာ"

"တကယ်လား မေမေ"

"တကယ်ပေါ့ သားရဲ့"

"ဟား"

မိုးရိပ် မှိုရသည့်မျက်နှာနှင့် စားလက်စထမင်းပန်းကန်ကိုထားခဲ့ကာ လက်ဆေး လက်သုပ်နှင့် သူ့ဟန်းဖုန်းလေးထားသည့်ညှိခန်းထဲသို့ အပြေးသော့ခဲ့တော့သည်။

"မေကြီး . . . မေကြီး ဖေကြီးရေ အီးဟီး"

သားလေး၏ငိုသံကြောင့် လမ်းလျှောက်နေသောသခါနှင့်လရိပ် အိမ်ဘက်သို့ ထိတ်ထိတ်ပျာပျာ လှည့်ကြည့်လိုက်ကြသည်။ အိမ်ရှေ့ရှိ အလုပန်းအိုးထဲမှာစိုက်ထားသော အလုပိန်းရွက်တွေ တစ်ရွက်ချင်းဆုတ်ဖြဲ၍ အော်ငိုနေတာဖြစ်၏။





"ဦး . . . သားလေး ဘာဖြစ်တာလဲမသိဘူး လုပ်ပါဦး"

ပျာယာခတ်သွားသော လရိပ်အမူအရာကြောင့်–

"နေ နေ လရိပ် . . . ဦးပဲ သားဆီသွားလိုက်မယ်။ လရိပ်မပေါ့မပါးကြီးနဲ့ ဒီမှာနေခဲ့"

သခါ သားဆီသို့ ခြေဘယ်နှစ်လှမ်းမျှ လှမ်းသွားသည်မသိ သားဖော်ဖြင့် ခြေလှမ်းတွေက တစ်မိုင်ကွာလောက်နှင့် လှမ်းခဲ့သည်ထင်ရ၏။

"သား သား ဘာဖြစ်လို့လဲ၊ ဖေကြီးကိုပြော ဘာလုပ်ပေးရမလဲ သား"

သခါ ခြေကိုင်ရမလို လက်ကိုင်ရမလိုနှင့် စိုးရိမ်စွာ ပျာယာခတ်နေ၏။ ရွှေမိုးသခါကတော့ အာခေါင်ခြစ်၍ ငိုနေမြဲဖြစ်ကာ–

"သား ဖေကြီး မေးနေတယ်လေ။ သား ဘာဖြစ်လို့လဲ"

"လေးလေးကို သတိရလို့ပါဆို၊ ဒီအိမ်မှာ သားနဲ့ဘယ်သူမှ မကစားကြဘူး။ လေးလေးဆီ လိုက်ပို့ပေး"

တော်ပါသေးရဲ့၊ ဘာများဖြစ်သလဲလို့ သခါ သည်းထိတ်ရင်ဖိုဖြစ်သွားရတာ ခုမှပဲ ဟင်းချနိုင်တော့၏။

"သားကလည်းကွာ ဒါ ငိုစရာလား"

"ငိုတာပေါ့။ မေလက်ာက သားကို လေးလေးနဲ့မခေါ်ရဘူး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ . . . အီးဟီးဟီး''

သခါ ဘယ်လိုချော့ရမှန်းမသိ ဖြစ်နေစဉ် လရိပ် အနားသို့ ရောက်လာပြီး –

''သား ဘာဖြစ်တာလဲ ဦး''

''သူ့လေးလေးဆီ သွားချင်လို့တဲ့ လရိပ်''

လရိပ်နှင့်သခါ တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။ ဘယ်လိုလုပ်ရမလဲဟူသော သဘောရယ်ပါ။

သားကို ဖြေသိမ့်ရာနည်းလမ်း ကောင်းကို အပြေးအလွှား စဉ်းစားနေရပြီး သခါက စဉ်းစားမိဟန်ဖြင့်

''ဟာ . . . ဖေကြီးသတိရပြီ သား''

''လိုက်ပို့မှာလား''

''လိုက်ပို့လို့တော့ မဖြစ်ဘူးသားရဲ့။ ဖေကြီးလည်း သားရဲ့ မေလက်ာကို ကြောက်တယ်ကွ''

''ဒါဆို လေးလေးနဲ့ မကစားရတော့ဘူးပေါ့ အီး''

''ဟာ . . . သား မငိုရဘူးလေ။ ဖေကြီးပြောတာနားထောင်ပါဦးကွ''

အသံပြဲကြီးနှင့် အော်ငိုမည်ကြံသော သားကို ကပျာကယာ ချော့ရ၏။ သားက မျက်ရည်တွေကြားမှ သခါကို ကြည့်နေလေလျှင်





''ဖေကြီးပြောမယ် နားထောင် သားရဲ့။ လေးလေးက သားကို တကယ်ချစ်တယ်ဆိုရင် တစ်နေ့နေ့တော့ သားဆီကို ဖုန်းဆက်မှာပဲ။ အဲဒီတော့ သား ဖုန်းစောင့်နေ၊ သားရဲ့လေးလေး ဖုန်းဆက်ရင် ဒီကိုလာခေါ်ခိုင်းပေါ့''

''လေးလေးလာရင်ရော မေလက်ာက ရိုက်ထုတ်မှာလား''

သခါ အဖြေရခက်သွားပြန်၏။ စိတ်ရှုပ်စွာ ခေါင်းကို တဖျင်းဖျင်း ကုတ်မိပြီး လရိပ်သည် ခင်ပွန်းသည်အဖြစ်ကို ကြည့်၍ ရယ်ချင်သွား၏။

မရယ်မိအောင် ထိန်းထားသည့်ကြားမှ ရယ်မိသွားလေသည်ကို သခါက မျက်လုံးပြူးကြည့်ကာ –

''စိတ်ညစ်ရတဲ့အထဲ မင်းက ဘာရယ်တာလဲ''

''ဦးပုံက ရယ်ချင်စရာကြီးဖြစ်နေတာကိုး။ မှန်သာ အနားမှာရှိရင် ထောင်ပြချင်သေးရဲ့''

''မရယ်နဲ့၊ သားမေးတာ ဖြေလေ''

''ဟုတ်သားပဲ၊ သားရဲ့မေလက်ာက လေးလေးလာတာသိရင်တော့ ရိုက်လွှတ်မှာပေါ့။ ဒီတော့ မေလက်ာမသိအောင် တိတ်တိတ်လေး လာခေါ်ခိုင်း ဟုတ်ပြီလား''

လရိပ်စကားကြောင့် ရွှေမိုးသခါလေး၏ မျက်ဝန်းလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တောက်ပလာသည်။ သူ့ဘေးနားမှ အလှပန်းအိုးထဲမှ ပိန်းရွက်တွေက တော့ အရိုးတံသာကျန်တော့၏။ စုတ်ပြဲထားသော ပိန်းရွက်တွေကြားမှ ရုတ်ချည်းပင်ထရပ်ကာ –

"ဒါဆို သားကို မေကြီးဟန်းဖုန်းပေး"

"သား သွားယူလေ၊ မေကြီးအခန်းထဲမှာ ထားခဲ့တယ်"

"ဒါ လေးလေးဆီက ဆက်တာပဲဖြစ်ရမယ်"

စားပွဲက ခပ်မြင့်မြင့်မို့ ရွှေမိုးသခ်ီ ခြေဖျားထောက်၍ ဟန်းဖုန်းကိုလှမ်းယူ၍ နားထောင်လိုက်သည်။

"ဟယ်လို"

"သား လေးလေးဖုန်းခေါ်တာကြာပြီ ဘယ်သူမှ မကိုင်ဘူး"

"လေးလေး သား လေးလေးကို သတိရနေတာ"

"လေးလေးလည်း သားကို သတိရတာပေါ့။ သားပြန်သွားတာ တစ်ပတ်ကျော်သွားပြီ လေးလေးဆီ ဘာဖြစ်လို့မလာတာလဲ"

"မေလက်ာက လေးလေးကို မခေါ်ရဘူးတဲ့။ သွားလည်းမသွားရဘူးတဲ့။ လေးလေးကိုခေါ်ရင် ရိုက်မယ်တဲ့"

ကြားလိုက်ရသောစကားသံကြောင့် မိုးရိပ်ရင်ထဲတွင် ဆစ်ခနဲ နာကျင်သွားရ၏။ သူနဲ့ဘာဆိုင်လို့ သားကို ပိတ်ပင်နေရတာလဲ။ သားက သူနဲ့တော်စပ်သလို မိုးရိပ်နဲ့လည်း တူဝရီးခေါက်ခေါက်ကြီး တွေပဲဟာ။





"လေးလေး သားကိုလာခေါ်ပါနော်၊ မေလက်ာမသိအောင် တိတ်တိတ်လေးလာခေါ် သိလား"

"ကောင်းပြီလေ။ ဒါဆို လေးလေးလာခေါ်မယ်၊ သားစောင့်နေ ဟုတ်ပြီလား"

"အိုကေ"

ရွှေမိုးသခ်ီသည် ဟန်းဖုန်းလေးကို ပိတ်၍ အခန်းထဲမှ လှည့်ထွက်ရန် အပြင်အခန်းဝတွင် ဘယ်အချိန်က ရောက်နေသည်မသိသော ရွှေလက်ာက ဒေါသမျက်ဝန်းတွေနှင့် ကြည့်နေသဖြင့် ကြောက်ရွံ့စွာ နောက်ဆုတ်သွားလေသည်။

"ဒါ ဘာလုပ်နေတာလဲ ရွှေမိုးသခ်ီ"

ရွှေမိုးသခ်ီလေးက မဖြေ။ ငိုမဲ့မဲ့မျက်နှာနှင့် အခန်းထောင့်သို့ နောက်ဆုတ်ကပ်သွားလေ၏။ ရွှေလက်ာက ရှေ့သို့တိုးလာသောအခါ ကြောက်အားလန့်အားဖြင့် ရွှေလက်ာကိုကွေ့ပတ်၍ ထွက်ပြေးသွားလေသည်။

"သား"

အကြောက်လွန်၍ ထွက်ပြေးသွားသော သားနောက်သို့ စိုးရိမ်စိတ်တို့နှင့်အတူ ရွှေလက်ာ အပြေးလိုက်သွားလေ၏။ ရွှေမိုးသခ်ီလေးသည် လှေကားအဆင်းတွင် နောက်မှ ရွှေလက်ာလိုက်လာမည်



www.burmeseclassic.com

www.burmeseclassic.com



မိုးဟန်နှင့် နောက်သို့ လှည့်ကြည့်ရင်း အပေါ်ထပ်မှ ပြေးအဆင်း လှေကားသုံးထစ်သာအကျန်တွင် ခြေချော်၍ –

"အား"

"သား"

❋ ❋ ❋



## အခန်း (၂၉)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပျာယာခတ်နေကြသော မိသားစုတစ်စု။ ဘုရားစာရွတ်သူကရွတ်၊ ပုတီးစိပ်သူစိပ်၊ သည်းထန်စွာ ငိုသူကငို။ အဆိုးဆုံးက ရွှေလက်ဘာ။

မိုးသည်းညဏ်တောင်ရေပမာ မျက်ဝန်းမှ မျက်ရည်တွေက တရဟောစီးဆင်းလျက်။ သခင်သည်လည်း ထိုင်ရမလို ထရမလို ဖြစ် နေ၏။

ထိုစဉ် လူနာအခန်းထဲမှ ဆရာဝန်ကြီးထွက်လာပြီး –

"ကလေးရဲ့အဖေနဲ့အမေ"

ဆရာဝန်ကြီး၏ခေါ်သံကြောင့် သခင်၊ လရိပ်နှင့်ရွှေလက်ဘာတို့



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးအနားသို့ ပြိုင်တူရောက်သွားကြလေ၏။ အရင်ဆုံး စိုးရိမ်စွာ မေးမိသူက သခ်ီ။

"ဒေါက်တာ သားလေး အခြေအနေ"

"သွေးသွင်းရမယ်။ သွေးလှူရှင်ရှာရမယ်။ နောက်ကျလို့ မဖြစ်ဘူး"

"ဒါဆို ကျွန်မသွေးကိုယူပါ ဒေါက်တာ"

ဆရာဝန်ကြီး ခေါင်းညိတ်ပြတော့ ဒေါ်ထားထားနွယ်မှအစ ကျန်သုံးယောက်စလုံး သွေးစစ်ကြည့်ရန် ဆရာဝန်ကြီးနောက်သို့ လိုက်ပါလာခဲ့သည်။

ရွှေလက်သွေးကို အရင်စစ်ကြည့်တော့ B သွေး အမျိုးအစား။ သားလေး၏ သွေးအမျိုးအစားက AB သွေးတဲ့။ သခ်ီကို စစ်ကြည့်ပြန်တော့လည်း သွေးချင်းက မတူပြန်။

လရိပ်ကျတော့ သားလေးနှင့် သွေးချင်းတူသော်ငြားလည်း ကိုယ်ဝန်သည်မို့ ဆရာဝန်ကြီး လက်မခံ။

"ဘယ်လိုလုပ်ကြမလဲ ကိုကို။ သားလေးကို ကယ်ပါဦး ကိုကိုရယ်"

"သိပ်လည်း စိတ်မပူပါနဲ့ ညီမလေးရယ်။ ကိုကိုကြိုးစားပြီး ရှာပါ့မယ်"





ပြောပြောဆိုဆို သခ်ီ၊ အပြေးတစ်ပိုင်းထွက်လာခဲ့ရာ ဆေးရုံ လှေကားအဆင်းတွင် အပြေးအလွှားတက်လာသော မိုးရိပ်နှင့်ဆုံလိုက်ရ၏။

သူ့ကိုမြင်သည်နှင့် စိုးရိမ်စိတ်တို့ လွှမ်းခြုံကာ မိုးရိပ် မေးလေသည်မှာ –

"ကိုသခ်ီ၊ သား သားလေး အခြေအနေ ဘယ်လိုရှိလဲ။ စိုးရိမ်ရလား"

"မင်းရောက်လာတာနဲ့ အတော်ပဲ မိုးရိပ်။ သားလေးကို သွေးသွင်းရမယ်"

"ဗျာ"

"ဗျာမနေနဲ့ . . . အရမ်းအရေးကြီးတယ်"

"ဟုတ် . . . ဟုတ်ကဲ့။ ဒါနဲ့သားသွေးက ဘာသွေးလဲ"

"AB သွေး"

"ဒါဆို အဆင်ပြေတယ်။ ကျွန်တော့်သွေးက AB သွေးပဲ။ သားအတွက် ကျွန်တော့်သွေးကိုပေးမယ်"

"ဒါဆို မြန်မြန်လာ"

သခ်ီနောက်မှ မိုးရိပ် လိုက်လာခဲ့သည်။ သားအတွက် သူ ရင်တွေပူနေရသည်လေ။ ဆရာဝန်ကြီးဆီရောက်တော့ သားအတွက်



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ်သွေးကို ပေးခွင့်ရခဲ့သည်။

မိုးရိပ်လက်မှတစ်ဆင့် မိုးရိပ်၏သွေးတို့သည် သားကိုယ်ထဲသို့ စီးဝင်တော့၏။ မိုးရိပ်၏စိတ်တို့သည် ဗရမ်းဗတာနှင့်လှုပ်ရှားကာ ဦးနှောက်ထဲတွင် အတွေးတွေက တသီတတန်း။

"သား သားရဲ့သွေးက AB သွေး။ ကိုသခါက သားရဲ့အဖေဖြစ်ပြီး ဘာဖြစ်လို့ သားနဲ့သွေးချင်းမတူရတာလဲ။ ဒါ ကိုသခါရဲ့သားအရင်း မဟုတ်လို့ပေါ့။ သူတို့ မွေးစားထားတာလား။ ဒါမှမဟုတ်"

မိုးရိပ် ဦးခေါင်းတွေ ချာချာလည်သွားရ၏။ တူး ပြောခဲ့သည့် စကားတွေကို ပြန်လည်ကြားယောင်လာမိ၏။

"ငါ မြန်မာလိုပြောနေတာပါ။ ငါက ဦးကို ဘာကြောင့် လက်ထပ်ခဲ့ရတယ်ဆိုတာ နင်သိခဲ့လို့လား"

ဟာ ဒါဆို တူး တူး ဘယ်သူနဲ့များ မှားခဲ့လို့ ကိုသခါက အရှက်ကိုကာကွယ်ပြီး တူးကို လက်ထပ်တာလည်း မဖြစ်နိုင်ဘူး။ မိုးရိပ် တူးကိုယုံကြည်သည်။

တူးစိတ်ဓာတ်တွေ ဒီလောက်တောင် အောက်တန်းမကျပါဘူး။ တူး ရည်းစားထားတယ်လို့လည်း မိုးရိပ် မကြားမိပါ။ မဟုတ်မှ လွဲရော ရွှေလက်ာ သူ။

မိုးရိပ် ခေါင်းကိုစောင်းငဲ့၍ သားဘေးတွင်ထိုင်၍ တစ်ချိန်လုံး





ငိုနေသော ရွှေလက်ာကို ငုံ့ကြည့်မိသည်။ လရိပ်က သားလေးရဲ့မိခင်ဆိုပေမယ့် ရွှေလက်ာလောက် သားလေးကို အနားမှာ ကပ်၍ ယုယခြင်းမရှိ။

အေးလေ ကိုယ်ဝန်ဆောင်မို့ လရိပ်ကို အထဲမဝင်နိုင်းတာလည်း ဖြစ်နိုင်သည်။ ဒါပေမဲ့ –

"သိန္နိင်အောင်ကြိုးစားပေါ့။ အေး . . . နင်သိလာခဲ့ရင် အဲဒီနေ့ဟာ နင့်နှလုံးသားကို လောင်မြိုက်မယ့်နေ့ပဲ။ သားလေးရွှေမိုးသခါက နင်ကို တန်ပြန်ကလဲ့စားချေမယ့် စေတန်နတ်ဆိုးလေး ဖြစ်ချင်ဖြစ်မှာပေါ့။ နောင်တဆိုတာ နောင်မှ အတိတ်ကို တမ်းတယူရတဲ့ စိတ္တဇနာမ်တစ်ခုပါ။ နင် နောင်တမရမိအောင် ကြိုးစားပေါ့"

ဘာတွေလဲ။ တူး ငါ့ကိုဖုံးကွယ်ထားတာ တစ်ခုခုတော့ ရှိရမယ်။ ဘာတွေ ဖုံးကွယ်ထားတာလဲ။ ငါနဲ့သားက ဘယ်လိုပတ်သက်နေလို့လဲ။ မဟုတ်မှလွဲရော သားနဲ့ငါက သွေးချင်းတူနေတာ။ ဟားသားရယ်၊ ဟုတ်တယ်၊ သားက ငါ့သားပဲဖြစ်ရမယ်။ ရွှေလက်ာမျက်ဆီးရက်လို့ မွေးခဲ့တဲ့ ကလေးပဲဖြစ်ရမယ်။

ရွှေလက်ာရယ်။

ကိုယ့်ကိုခွင့်လွှတ်ပါတော့ကွာ။ ငယ်ရွယ်တဲ့စိတ်နဲ့ စိတ်ပိုက်မာနပါ ဆုံးဖြတ်ခဲ့မိတာ မောင် အရမ်းမှားသွားပြီ။ သားလေး ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com



လာတာနဲ့ သချာအောင် လရိပ်ကိုမေးရမယ်။ မောင်ထင်တာတွေ မှန်ခဲ့ရင် ရွှေလက်ာ ကျေနပ်တဲ့အထိ မောင် တောင်းပန်ပါရစေတော့ ရွှေလက်ာရယ်။

ရွှေလက်ာ မောင့်ကို မုန်းနေပြီလား။ မောင့်ကိုမမုန်း လိုက်ပါနဲ့ ရွှေလက်ာရယ်။

ကာလများစွာ သိမ်းဆည်းမျိုသိပ်ခဲ့ရတဲ့ မောင့်နှလုံးသားက အချစ်တွေကို ရွှေလက်ာနဲ့ သားအတွက် အတိုးချပြီး မောင်ပေးဆပ်ပါရစေ။

"ငါမေးတာ ဖြေလေ တူး"

"ဖြေဖို့မှမလိုတာ"

"ကျွတ်"

မိုးရိပ် ဘဝင်မကျစွာ တူးကိုကြည့်မိသည်။ တူးက မျက်နှာ ခပ်တည်တည်တင်းတင်းနှင့် အဓိပ္ပာယ်မဲ့စွာ အလှပန်းအိုးတစ်လုံးကို စိုက်ကြည့်နေသည်။

"ငါတောင်းပန်ပါတယ် တူးရယ်။ ငါသိချင်တာကလေးတော့ ဖြေပေးပါဟာ။ ငါ့ရင်ထဲမှာ မတင်မကျကြီးဖြစ်နေတယ်ဟ"

"အသေးအမွှားလေးပါ"

"မသေးဘူး။ ရွှေမိုးသခါ ဘယ်သူ့သားလဲဆိုတာ မသိ





ရသရွေ့ ငါ့ရင်ထဲက ဝေဒနာတွေက ထုထည်ကြီးမားသထက် ကြီးမား နေမှာ"

"သရီး"

တူးက သူ့ထက်အလွန်အရပ်မြင့်သော မိုးရိပ်မျက်နှာကို မော့ ကြည့်ရင်း –

"နင့်အမှားတွေကို နင်သိပြီလား"

"ငါ ဝန်ခံပါတယ် တူးရယ်။ ငါမှားခဲ့ပါတယ်။ အဲဒီအတွက် ရွှေလက်ာ ကျေနပ်တဲ့အထိ ငါ တောင်းပန်မှာပါ။ ခုတော့ ငါသိချင် တာလေး ဖြေပေးပါနော်"

လရိပ်သည် သရီးကို ထုချင် ရိုက်ချင်စိတ်ပေါက်လာတော့၏။ မိုးရိပ်ကလည်း တူးနှုတ်မှ အဖြေကို မျှော်လင့်စောင့်စားနေသည်။ ရင်ထဲမှာတော့ စိတ်လှုပ်ရှားမှုတွေနှင့်။

"တူး"

"ပိုပြီးသေချာအောင် နင့်ကိုမေးတာ"

"ဒီထက်သေချာတာမရှိတော့ဘူး"

"ဟား"

မိုးရိပ် ထခုန်တော့မတတ် ဝမ်းသာသွားလေ၏။ လရိပ်ကို ပွေ့ချီလိုက်တော့ –



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟော့ . . . ဒီလိုမလုပ်နဲ့လေ သရီး၊ ငါက"

တူးပြောမှ မိုးရိပ် သတိရသွားလေ၏။ ဟုတ်ပေသားပဲ၊ တူးက လွတ်လွတ်ခါခါမှ မဟုတ်တာ။

"ဆောရီးဟာ ဝမ်းသာလွန်းသွားလို့"

မိုးရိပ်၏ ကြည်နူးဝမ်းသာမှုလေးများသည် လရိပ်ထံသို့ ကူးစက်သွားလေ၏။ သြော် . . . မိသားစုလေး ပြန်လည်ဆုံဆည်းကြနိုင်ဖို့ လရိပ် မျှော်လင့်ပါသည်လေ။

❊ ❊ ❊



## အခန်း (၃၀)

ရွှေမိုးသဓါလေး နေကောင်း၍ ဆေးရုံမှဆင်းလာသည်နှင့် ရွှေလက်ဘ ခရီးထွက်ဖို့ အပူတပြင်း စီစဉ်လေတော့၏။ အားလုံး အကြောင်းစုံသိသွားပြီမို့ ရွှေလက်ဘ သားကိုခေါ်၍ သူမ တာဝန်ကျရာ မြို့လေးသို့ပြန်တော့မည်။

အားလုံးက ငိုယိုပြီး တောင်းပန်ကြသော်လည်း ရွှေလက်ဘက နောက်မဆုတ်။

"ဘွားဘွား ဖေကြီး မေမေ့ကို ပြောပေးပါဦး။ သား မေမေနဲ့ မလိုက်ချင်ဘူး။ ဖေဖေ့ကို မခွဲနိုင်ဘူး"

တကျိကျိနှင့် ငိုယိုနေရှာသော ရွှေမိုးသဓါလေးကိုလည်း သနား



www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။ သူ့ခမျာ မိုးရိပ်ကို သူ့အဖေအရင်းမှန်းသိသွားတော့ ပိုပြီး သံယောဇဉ်တွယ်ရှာမှာပေါ့။

"စဉ်းစားပါဦး ညီမလေးရယ်။ မိုးရိပ်လည်း နောင်တတွေရပြီး သူ့ခမျာ တောင်းပန်နေရှာတာပဲ။ ညီမလေး ခွင့်လွှတ်သင့်ပါတယ်"

"ညီမလေး ဆုံးဖြတ်ပြီးပြီ ကိုကို။ တောင်းပန်တိုင်း ခွင့်လွှတ်ကြစမြဲဆိုရင် လောကမှာ လူတွေအားလုံး အကျင့်ဆိုးတွေ ကူးစက်ကုန်လိမ့်မယ်"

"လရိပ် ထပ်ဆင့်တောင်းပန်ပါတယ် ရွှေလက်ာရယ်"

"တော် ... တော်ပါတော့လရိပ်ရယ်၊ ရွှေလက်ာ သွားပါရစေတော့"

ရွှေလက်ာ ခရီးဆောင်အိတ်ကိုဆွဲ၍ သားကို ဆွဲခေါ်လိုက်၏။

"ဖေကြီး သားမလိုက်ချင်ဘူး၊ မေကြီး"

ရွှေမိုးသစ်ါ မလိုက်ချင်၍ ငိုရှာသည်။

ထိုစဉ် –

"သား"

ကမူရှူးထိုးနှင့်ပြေးဝင်လာသော မိုးရိပ်မောင်၊ သားကလည်း





ရွှေလက်ာလက်အတွင်းမှ ရုန်းထွက်ကာ မိုးရိပ်ဆီသို့ပြေးလေ၏။

"ဖေဖေ"

"သား"

"သားကို ဖေဖေနဲ့ခေါ်သွားပါနော်။ သားမလိုက်ချင်ဘူး"

"သားရယ်"

သားကိုဖက်၍ မိုးရိပ်ငိုလေတော့သည်။ ပြီးမှ ရွှေလက်ာရှေ့တွင် ဒူးထောက်၍ ထိုင်ချလိုက်ပြီး –

"ရွှေလက်ာ ... မောင့်ကိုကြိုက်တဲ့အပြစ်သာ ပေးပါတော့ကွာ။ သားလေးကိုတော့ မောင်နဲ့မခွဲပါနဲ့။ မောင်လေ ရွှေလက်ာကို မုန်းလို့ ကျောခိုင်းသွားခဲ့တာ မဟုတ်ပါဘူး။ ကိုသခါကို နာကြည်းတဲ့စိတ်နဲ့ ချစ်လျက်နဲ့ တမင်ဟန်ဆောင်ပြီး ရွှေလက်ာနဲ့ ဝေးရာကို ထွက်သွားခဲ့တာပါ"

"တော်စမ်းပါရှင်၊ ရှင့်ကိုယုံပြီး ကျွန်မဘဝကို ပုံအပ်ခဲ့မိတာ အခု ရှင့်ကို ကျွန်မ မယုံဘူး။ ရှင့်မျက်နှာကိုလည်း ကျွန်မ မမြင်ချင်ဘူး"

"မောင့်ကိုသနားပါ ရွှေလက်ာရယ်။ မောင်လေ မောင့်နှလုံးသားထဲမှာ ရွှေလက်ာကလွဲပြီး ဘယ်မိန်းကလေးကိုမှ အစားထိုးလို့ မရခဲ့ပါဘူး။ ရွှေလက်ာအပေါ်မှာ မောင် သစ္စာရှိခဲ့ပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေလက်ာ အံကိုတင်းတင်းကြိတ်၍ မိုးရိပ်ကို စိုက်ကြည့်ပစ်လိုက်၏။

“ဒီမှာကိုမိုးရိပ်မောင် ရှင့်ပါးစပ်က သစ္စာဆိုတဲ့စကားလုံးကို ထွက်ရဲသေးတယ်နော်။ အဲဒီစကားလုံးဟာ ရှင်နဲ့မတန်ဘူး။ ရှင်သိရဲ့လား။ ပတ်ဝန်းကျင်မှာ မျက်နှာမပြရဲအောင် ဒုက္ခတွေရောက်ခဲ့တာ ရှင့်ကြောင့်။ ရှင့်ကို ကျွန်မ မုန်းတယ် မုန်းတယ်”

“ပြောပါ ရွှေလက်ာ။ မင်းကျေနပ်တဲ့အထိပြောပါ။ ဒါမှ မကျေနပ်သေးရင် မောင့်ကိုသတ်ပစ်လိုက်ပါ မောင်ခံပါ့မယ်။ မိန်းမတစ်ယောက် ဒူးထောက်ပြီး တောင်းပန်တာ မောင့်ဘဝမှာ ဒါ ပထမဆုံးအကြိမ်ပါ”

ဒေါ်ထားထားနွယ် မနေသာတော့၊ မိမိက မိခင်နေရာမှာ နေခဲ့ရသူမို့ သားသမီးကို ဆုံးမရမည့်တာဝန်ရှိသည်။

ယောက်ျားဆိုတာ ဘယ်လောက်ပဲ အပြစ်ကြီးကြီး ဘုန်းကံခြင်းက မိန်းမနဲ့မတူ။ သူ့ခမျာ ရွှေလက်ာကို တောင်းပန်နေရသည်မှာ အောက်ကျလွန်းလှ၏။

“သမီးရယ် ... သူ့ခမျာတောင်းပန်နေရှာတာပဲကွယ်။ သမီးခွင့်မလွှတ်ရင် သူ ဒီလိုပဲ ဒူးထောက်ပြီး တောင်းပန်နေဦးမှာပဲ။ ယောက်ျားဆိုတာ အိမ်ဦးနတ်ပါပဲ။ လင်ကိုဘုရား၊ သားကိုသခင်ဆိုတဲ့





စကား သမီးကြားဖူးမှာပါ။ သမီး အပြစ်ရနေပါ့မယ်။ ခွင့်လွှတ်လိုက်ပါကွယ်”

“ဟုတ်သားပဲညီမလေးရယ်၊ တို့အားလုံး အာဃာတတွေ ခြေဖျက်ပြီး မိသားစုတွေ စုစုစည်းစည်း သာယာချမ်းမြေ့စွာနေကြပါစို့နော်။ ညီမလေးတို့ကို ကိုကို တစ်လင်တစ်မယားစနစ်နဲ့ပဲ မြင်ချင်တယ်။ သားလေးရဲ့ဘဝရှေ့ရေးကိုလည်း ထည့်တွေးပါဦး။ သူ့ခမျာ မိဘရင်းတွေရဲ့ မေတ္တာရိပ်အောက်မှာပဲ နေချင်ရှာမှာပေါ့။ ညီမလေးတို့ရဲ့ ချစ်ခြင်းမေတ္တာသည်သာ သားလေးရဲ့အနာဂတ်ပါ။ သားလေးရွှေရောင်လမ်းကို လျှောက်နိုင်ဖို့အတွက် မိုးရိပ်နဲ့ ညီမလေးက သားလေးရဲ့ရွှေအိုရောင်အနာဂတ်ပါကွာ။ ခွင့်လွှတ်လိုက်ပါနော်”

သားဆိုသောအသိစိတ်ကြောင့် ရွှေလက်ာသည် တင်းထားသော စိတ်ကို လျှော့ချလိုက်သည်။ သား၏ဘဝရှေ့ရေးကို ရှေးမြော်ကြည့်၍ ရွှေလက်ာ မာနတွေကို လျှော့ချပစ်ရတော့မည်။ နှလုံးသားတွင်လည်း တစ်ချိန်က မိုးရိပ်မောင်အပေါ် ချစ်ခဲ့မိသည့် သံယောဇဉ်လက်ကျန်လေးတွေကလည်း ရှိသေးသည်။

တကယ်တော့ သူမ မိုးရိပ်ကို ဘယ်တုန်းကမှ မမုန်းတီးခဲ့ပါ။ ချစ်လွန်း၍ နာကြည်းမိတာ သာရှိပါသည်။

“ရှင် ထပါ၊ ကျွန်မကို အပြစ်ရအောင်မလုပ်ပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲ၍ ပြောလိုက်၏။

"ဟင့်အင်း ... ရွှေလက်ာ ခွင့်မလွှတ်မချင်း မောင် မထပါဘူး"

လရိပ်က ပြုံးစိစိနှင့် ထလာပြီး ဗိုက်ဖုံးအင်္ကျီတကားကားနှင့် မိုးရိပ်အနားသို့ရောက်လာတော့ ခေါင်းကို ဒေါက်ခနဲခေါက်လိုက်၏။

"အာ လာ လာ"

"ဒီလောက်တောင် အရှသလား ငတုံးရဲ့။ ထပါဆိုမှတော့ ခွင့်လွှတ်လို့မဟုတ်ဘူးလား"

သည်တော့မှ မိုးရိပ် ဟက်ခနဲရယ်ကာ ထရပ်လေ၏။ ပြီးသားကိုပွေ့ချီကာ ရွှေလက်ာဘက်သို့လှည့်၍ –

"ကဲ မိန်းမရေ ... ခရီးဆောင်အိတ်တွေပြင်ပြီးမှတော့ မောင်နဲ့ တစ်ခါတည်း လိုက်ခဲ့တော့နော်"

"ဘာ ဘာ ... မိန်းမလဲ"

"ဟောဗျာ ... ကလေးတစ်ယောက်တောင်ရနေပြီ။ ရွှေလက်ာက မောင့်မိန်းမ မဟုတ်ဘူးလား"

"သွား ... ဘာမှန်းမသိဘူး"

ရွှေလက်ာ ရှက်ရယ်ရယ်ကာ မိုးရိပ်ပခုံးကို ထုရင်း –

"ဒါနဲ့ ရွှေလက်ာတို့မောင်နှမကိုမုန်းတယ်ဆို"





"အဲဒါ အရင်တုန်းကလေ။ ခုမဟုတ်တော့ဘူး။ အခုက ယောက်ဖကိုရော မိန်းမကိုရော ချစ်သွားပြီ"

"ဒါဆို သားကရော"

"သားလား။ သားလေးက မောင့်ရဲ့အမုန်းတွေကို ပြေစေတဲ့ အမုန်းဖြေဆေးလေးပါ"

"ဒါမျိုးတော့တတ်တယ်"

လရိပ် မောင်ဖြစ်သူကို မကျေမချမ်းလေသံနှင့်ဆိုတော့ အားလုံး ဝိုင်းရယ်ကြလေ၏။ ထိုစဉ် ကားတစ်စီးဝင်လာသံကြားပြီး အိမ်ထဲသို့ဝင်လာသူများက –

"ဟိုနွားနှစ်ကောင် လာခဲ့စမ်း။ ဒင်းတို့က ငါမသိအောင် အရာရာဖုံးကွယ်ထားကြတယ်။ ခုမှ သူ့အဖေပြောပြလို့ သိရတော့တယ်"

ဒေါ်သွဲ့သွဲ့နိုင် သိလာသည်နှင့် ဗိုက်ကို လိမ်ဆွဲတော့မည်ဆိုတာ သိ၍ လရိပ် ခင်ပွန်းသည်သခါနောက်တွင် ပုန်းကွယ်လိုက်သလို မိုးရိပ်ကလည်း ရွှေလက်ာလက်ကိုဆွဲ၍ ပြေးထွက်သွားလေတော့၏။

"သရီးရေ ... ပြေးနိုင်မှလွတ်မယ်နော်"

မိုးရိပ်က နောက်သို့လှည့်ကြည့်ရင်း –

www.burmeseclassic.com



"နင်သာလွတ်အောင်ပြေး ငါပူတင်းမရေး ငါတော့ ပြေးပြီဟော့"

ရယ်သံလေးများသည် ဆည်းလည်းသံလေးများပမာ အိမ်ကြီးထဲတွင် ပျံ့လွင့်သွားလေ၏။ ပြော် . . . ချစ်သူတို့၏ပျော်ရွှင်စရာ အထိမ်းအမှတ်ကလေးပါလေ။ သောကတွေကို ခြေနင်း၍ လောကကြီးသည်လည်း အလင်းရောင်ခြည်တန်းလေး ဖြာခဲ့ပါပြီ။

ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ

အလင်းသစ်



၂၀၁၆ မေတွင်
ဖတ်နိုင်ပါပြီ

မမသဒ္ဒါမောင်
အရာရာတိုင်းထက်ပို၍

ကြယ်စင်မှူးဝေ
အိပ်မက်ခါးတဲ့ည

မယ်ခိုင်
အိမ်

မိုးစက်ပွင့်
အိုဘယ့်ငှက်ငယ်

အလင်းသစ်
အမုန်း၏ဆန့်ကျင်ဘက်

လှိုင်းကြာဖြူ

www.burmeseclassic.com